အင်မော်တယ်ဖေဖေ

စာစဉ်(၁၈)

## အပိုင်း(၂၃၈) သူတို့ ကြောက်လန့်သွားကြခြင်း

ဘုန်း ဘုန်း ဘုန်း

ကျောက်ဖုန်းဖြတ်သွားသည့်လူတိုင်းမှာ လေထဲသို့ လွင့်ပျံကုန်ကြပြီး ရှိနေသည့်လူအားလုံးကို လုံး၀ ထိန်လန့်သွားစေခဲ့သည်။

ဘာဖြစ်သွားတာလဲ

လင်းကျဲ၏သူငယ်အိမ်များ ရုတ်တရက် ကျုံ့သွားကာ ဖြစ်နိုင်ခြေရှိသည့်အတွေးတစ်ခုက သူ၏နှလုံးခုန်သံများ မြန်ဆန်သွားစေခဲ့သည်။

သူသည်လည်း ထိုအဖွဲ့၏တစ်စိတ်တစ်ပိုင်းပင်။

ထိုအချိန်တွင် လင်းကျဲ၏စိတ်များ လုံးဝ ရှုပ်ထွေးနေ၏။

နင်တန်သည် သူ၏အထူးသက်တော်စောင့်အဖြစ် အလွန်အစွမ်းထက်ပြီး ပေကျင်းတွင် သူ့အား အရေးပါသည့်လူတစ်ယောက်ဖြစ်လာအောင် ကူညီပေးနိုင်အောင် လုံလောက်သည်ဆိုသော်လည်း သူသည် သိုင်းလောကတွင် အပြင်အားအဆင့်သာရှိသေး၏။ သို့သော် မည်သည့်နေရာက ရောက်လာမှန်းမသိသော ထိုလူများ၏ခေါင်းဆောင်မှာ သိုင်းပညာရှင်တစ်ဦးဖြစ်နေပြီး နင်တန်၏ခြေထောက်ကို တစ်ချက်တည်းဖြင့် ချိုးပစ်နိုင်သူဖြစ်မည်ဟု မထင်ထားခဲ့ချေ။

လင်းကျဲသည် သူ၏ခွန်အားကြောင့် အံ့အားသင့်သွားကာ လုံးဝ ရှော့ရသွားခဲ့၏။

လင်းကျဲအပြင် သူ၏ဘေးတွင်ရပ်နေသည့် ကျန်းလုံပင် အံ့ဩသည့်အမူအရာရှိနေခဲ့သည်။ ဤအခိုက်အတန့်တွင်

ထိုသူများမှာ အထင်ကြီးစရာနောက်ခံရှိနိုင်သည်ကို သူ သဘောပေါက်သွား၏။

နောက်ဆုံးတွင်တော့ သာမန်လူများမှာ သိုင်းလောကထဲမှသူများကို ငှားရမ်းရန်အတွက် မဖြစ်နိုင်ချေ။

သို့သော် သူ မစိုးရိမ်ချေ။ ကျောက်ဖုန်းသည် နင်တန်အား တစ်ချက်တည်းဖြင့် အနိုင်ယူလိုက်သော်လည်း နင်တန်၏အဆင့်ကို သူ ကောင်းကောင်းသိလေသည်။ ဒုန်လန်သည် နင်တန်အား တစ်ချက်တည်းဖြင့် အနိုင်ယူခဲ့သည်ကို သူမှတ်မိပေ၏။

သို့သော် လူတစ်ယောက်၏ “တစ်ချက်တည်း”နှင့် အခြားတစ်ယောက်၏ “တစ်ချက်တည်း” က မတူညီသည်ကို သူမသိခဲ့ချေ။

သူတို့၏နောက် အဝေးတစ်နေရာမှ ဝေ့ချောင်နှင့် အခြားသူများမှာ ထိတ်လန့်တုန်လှုပ်သွားကြ၏။

"ဘုရားရေ သူတို့က ဘယ်သူတွေလဲ" ဝေ့ချောင်မှာ တုန်လှုပ်နေရင်းဖြင့် ပြောလိုက်၏။

သူတို့သည် အမှန်တကယ်အစွမ်းထက်လွန်းပြီး လင်းကျဲ၏သူ၏လူများပင် လုံးဝ ရှုံးနိမ့်သွားခဲ့သည်။

ဘယ်လောက်ကြောက်စရာကောင်းလိုက်လဲ...

"ကံကောင်းလို့သာပဲ။ ငါက စာချုပ်တစ်ခုပဲ စားလိုက်ရတယ်။ နည်းနည်းလောက်သာ အရိုက်ခံရလိုက်ရရင်တော့ ငါ့ဘဝက မတွေးရဲစရာ..."

သို့သော်...သူတို့သာမက အားဟူနှင့်သူ့လူများ၏အလယ်တွင် ရပ်နေသော ဇီယန်ပင်လျှင် ပါးစပ်အဟောင်းသားဖြစ်နေမိသည်။

ကျောက်ဖုန်းသည် ဤမျှ ကြောက်မက်အံ့ဩဖွယ်ကောင်းလိမ့်မည်ဟု သူမ မမျှော်လင့်ထားချေ။

ကျောက်ဖုန်းသည်တော့ သူ၏ဆရာကဲ့သို့ပင် အခြားသူများ၏အကြည့်များအောက်၌ ဘာကိုမှဂရုမစိုက်ဘဲ တည်ငြိမ်အေးဆေးသည့်ဟန်ဖြစ်အောင် ကြိုးစားနေလေသည်။

သို့သော် အကြိမ်ပေါင်းများစွာ ကျရှုံးပြီးနောက် သူလက်လျှော့လိုက်လေ၏။ သူက လင်းကျဲနှင့် အခြားသူများကို လှည့်ကြည့်လိုက်သည်။ ထိုနောက် ဆရာဖြစ်သူကဲ့သို့ပင် တည်ငြိမ်စွာ ပြောလိုက်သည်။

“ငါ သူတို့ကို ခေါ်သွားမယ်။ အဲဒါနဲ့ ပတ်သက်ပြီး မင်းမှာ ပြောစရာရှိလား”

“မင်းက သူတို့ကို ခေါ်သွားမှလား” ကျန်းလုံက ပြုံး၍ ခေါင်းယမ်းလိုက်သည်။ “ဒီမှာ ပြဿနာတွေအများကြီးရှာထားပြီးတော့ မင်းထွက်သွားနိုင်မယ်ထင်နေရင် မင်း ငါ့ကို တကယ် အထင်သေးလိုက်တာပဲ”

"မင်းက ပေကျင်းကလလား" ထိုအချိန်တွင် လင်းကျဲမှာ ပုံမှန်ပြန်ဖြစ်လာခဲ့သည်။ သူက ကျောက်ဖုန်းအား စိုက်ကြည့်ရင်း ဖြည်းညှင်းစွာ ပြောသည်။ "မင်းက အတိုက်အခိုက်ကောင်းတယ်ဆိုရင်တောင် မင်းအခု ဘယ်နေရာကို ရောက်နေတယ်ဆိုတာ မမေ့နဲ့။ မင်းဘယ်သူလဲဆိုတာနဲ့ မင်းကို ဘယ်သူလွှတ်လိုက်တာလဲဆိုတာ ငါတို့ကို ပြောပြဖို့ အခွင့်အရေးပေးလိုက်မယ်။"

ထိုအချိန်တွင် လင်းကျဲ၏လေသံမှာ ချိန်းခြောက်မှုများဖြင့် ပြည့်နေသည်။

ချမ်းသာ၍ ဩဇာကြီးမားသော မိသားစုတစ်ခုအနေဖြင့် လင်းမိသားစုသည် ကျွမ်းကျင်သူအများအပြားကို ငှားရမ်းခဲ့သည်။ ထို့ကြောင့် ဖုန်းခေါ်လိုက်ရုံဖြင့် ဤနေရာသို့ စွမ်းအားကြီးမားသည့်အဖွဲ့တစ်ခု လွှတ်ပေးနိုင်လေသည်။

သို့သော် ယေဘူယျအားဖြင့် လူငယ်မျိုးဆက်များသည် သူတို့၏ပြဿနာများကို သူတို့ကိုယ်တိုင်သာ ဖြေရှင်းကြရသည်။ မိသားစုထံ အကူအညီတောင်းခံသူတိုင်းသည် သူတို့၏အခွင့်အာဏာများကို ဆုံးရှုံးရသည့်အတွက် အတင်းအကြပ်အခြေအနေမဟုတ်ပါက သူတို့၏အကြီးအကဲများထံ ဆက်သွယ်မည်မဟုတ်ချေ။

"ဟားဟား...." ကျောက်ဖုန်းက လူနှစ်ယောက်ကို အကဲခတ်လိုက်ပြီး ခပ်ရေးရေးပြုံးလိုက်သည်။ ထိုနောက် သူသည် ပုံမှန်မဟုတ်သည့် အသက်ရှူသံနှင့်အတူ တည်ငြိမ်လာကာ "ငါဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး။ ငါ့ရဲ့သူဌေးကတော့..."

ထိုအချိန်တွင် ကျောက်ဖုန်း၏မျက်လုံးများမှာ ယုံကြည်မှုအပြည့်ဖြင့် လေးနက်လာပြီး စကားလုံးနှစ်ခုကို ဖြည်းညှင်းစွာ ပြောလိုက်သည်။

"ကျန်း...ဟန်..."

ဝှစ်...

သူပြောလိုက်သည်နှင့် လင်းကျဲ၊ ကျန်းလုံနှင့် အခြားသူများ၏မျက်နှာများ ပြောင်းလဲသွားကြသည်။

သူတို့ မတုန်လှုပ်ကြသော်လည်း ၎င်းကို မျှော်လင့်မထားကြချေ။

ဒါဆို ဒီလူတွေက...အဲဒီ အရှုံးသမားရဲ့လူတွေလား...

လင်းကျဲ၏မျက်နှာမှာ တင်းမာလာသည်။ ထိုလူများမှာ အင်အားကြီးတစ်ခု၏လူများဟု သူထင်ခဲ့သည့်အတွက် သူ၏မိသားစုနာမည်ကို သုံးကာ သူတို့အား ဖိနှိပ်ရန် စီစဉ်ခဲ့သည်။ သို့သော်လည်း ထိုသူများမှာ ကျန်းဟန်၏လူများဖြစ်လိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ချေ။

စကားလုံးလေးနှစ်လုံးက မော်ပညာကဲ့သို့ပင်။ ထိုအချိန်၌ လူတိုင်းအား ဘာပြောရမှန်းမသိအောင် တိတ်ဆိတ်သွားစေခဲ့သည်။

ကျန်းလုံပင် သူ့ထက် နှစ်နှစ်ငယ်သည့် သူ၏ဝမ်းကွဲညီကျန်းဟန်မှာ သူ၏စိတ်ထဲ၌ မရှိတာကြာပြီဖြစ်သည်။

သို့သော် ကျန်းဟန်အကြောင်း တွေးလိုက်သည်နှင့် ကျန်းလုံ ကျေနပ်နှစ်သိမ့်သွား၏။ ထိုအချိန်ကာလများတွင် ကျန်းဟန်၏ဖခင်သည် မိသားစုတွင် သူ၏အဖေထက် များစွာ သာလွန်နေခဲ့သည်။ အဖွဲ့နှစ်ဖွဲ့လုံးက ရည်ရွယ်ချက်မျိုးစုံဖြင့် ပြိုင်ဆိုင်နေကြသည့်အတွက် ကျန်းဟန် မိသားစုမှ နှင်ထုတ်ခံရပြီး ပျောက်ကွယ်သွားချိန်တွင် သူ အမှန်တကယ် ပျော်ရွှင်ခဲ့လေသည်။

သို့သော် အခြားသူများက နှုတ်ဆိတ်နေသော်လည်း မနေနိုင်ဘဲ အော်ဟစ်လိုက်သူတစ်ဦးရှိလေသည်။

“စောက်ကျိုးနည်း”

ကျန်းရှမ်သည် လှောင်ပြောင်လိုက်ရင်း ကျန်းလုံ၏နောက်မှ ထွက်လာကာ ကျောက်ဖုန်းဆီသို့ လျှောက်သွားသည်။ သူသည် ရှေ့သို့ လျှောက်လာရင်းဖြင့် “မင်းရဲ့နောက်မှ တကယ်အင်အားကြီးတဲ့သူတစ်ယောက် ရှိတယ်လို့ ငါထင်နေတာ။ ဒါပေမယ့် မင်းက ကျန်းဟန်ရဲ့ နောက်လိုက်တွေပဲ။ မိသားစုကနှင်ထုတ်ခံရပြီးကတည်းက သူ မလာရဲလို့ မင်းတို့ကို လွှတ်လိုက်တာလား။ မင်းတို့က ငတုံးအုပ်စုတွေက....”

ကျန်းရှမ် စကားစပြောလိုက်သည့်အချိန်တွင် ကျောက်ဖုန်းက သူ့အား ကြည့်နေခဲ့သော်လည်း ကျန်းရှမ်က ကျန်းဟန်အား စော်ကားပြောဆိုနေသည်ကို ကြားလိုက်ရသည့်အခါ သူ၏စိတ်များ လွှတ်ထွက်သွားလေသည်။

သူ ဘာတွေးနေမှန်းပင် မသိတော့ပဲ သူ၏စိတ်ထဲ၌ ဒေါသများ အလိပ်လိုက်တက်လာသည်ကိုသာ ခံစားရလေသည်။

ဒေါသများက ပို၍ ပူလောင်ဆူပွက်လာပြီး သူ၏အတွေးများအားလုံးကို လောင်ကျွမ်းသွားစေခဲ့သည်။ ဤအချိန်တွင် သူ၏စိတ်ထဲ၌ အတွေးတစ်ခုသာရှိတော့သည်။

သူ့ကိုရိုက်…

ကျန်းရှမ်၏ပါးစပ်မှ စော်ကားပြောဆိုမှု မဆုံးခင်တွင် ကျောက်ဖုန်း၏နှာခေါင်းမှ မီးတောက်များ ထွက်လာကာ ကြမ်းကြုတ်ရက်စက်သည့်အကြည့်က ပျံ့လွင့်သွားပြီး သူနှင့် မီတာအနည်းငယ်သာ ကွာဝေးသည့် ကျန်းရှမ်ဆီသို့ ပြေးသွားလေ၏။

ကျန်းရှမ်၏နောက်တွင် ရပ်နေသော ဒုန်လန်သည် ကျောက်ဖုန်း၏လှုပ်ရှားမှုကို မြင်သည့်အခါ ပြန်လည်ခုခံရန် ကျန်းရှမ်၏ရှေ့သို့ ချက်ချင်းတိုးဝင်လာသည်။

ကျောက်ဖုန်း ကျန်းရှမ်နားသို့ မရောက်ခင်မှာပင် ဒုန်လန်က ရှေ့တွင်ပေါ်လာပြီး သူ့ဆီသို့ ချက်ချင်း လက်သီးဖြင့် ထိုးလိုက်၏။

ကျောက်ဖုန်းသည် ဒုန်လန်၏လက်သီးချက်ကို ရင်ဆိုင်ရန် သူ၏ညာလက်သီးကို ပစ်ခွင်းလိုက်သည်။

ဘန်း

ခပ်အုပ်အုပ်အသံနှင့်အတူ လက်သီးနှစ်ခု ဆုံသွား၏။

ဒုန်လန်သည် သူက အနည်းငယ်ပိုသာမည် သို့မဟု တန်းတူခန့်ရှိမည်ဟု တွေးထားသော်လည်း တစ်ချက်လှုပ်ရှားပြီးနောက်တွင် သူ၏လက်တစ်ခုလုံး ထုံကျင်သွားခဲ့သည်။ ထို့ပြင် ကျောက်ဖုန်းက သူမတုံ့ပြန်မီမှာပင် သူ့ဆီသို့ နောက်ထပ် ထိုးလိုက်သည့်အတွက် တုန်လှုပ်သွားကာ ခုခံရန် လက်နှစ်ဖက်ကို ရှေ့သို့ မြှောက်၍ ဘယ်လက်မောင်းဖြင့် ထိုးခံလိုက်၏။

ဘန်း

ဤလက်သီးချက်အပြီးတွင် ဒုန်လန် လုံးဝ စိတ်ရှုပ်ထွေးသွားခဲ့သည်။

သူ၏ဘယ်လက်တစ်ခုလုံး ထုံကျင်နေသည့် ခံစားချက်က ပြိုင်ဘက်သာ အနည်းငယ်ပို၍ အားထည့်လိုက်လျှင် သူ၏လက်ကျိုးသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ဒီစွမ်းအားက ဘာလဲဟ...

ဒုန်လန်က ကျောက်ဖုန်းအား ထိတ်လန့်စွာ ကြည့်သည်။

တကယ်တမ်းတွင် သူသည် အပြင်အားအဆင့်နောက်ပိုင်းတွင် ရှိနေပေသည်။ သို့သော် သူအလွယ်တကူ နောက်ဆုတ်လိုက်ရသဖြင့် ဆိုလိုသည်မှာ...

မကောင်းတော့ဘူး။ သူက အတွင်းအားအဆင့်သိုင်းပညာရှင်ပဲ။

ဒုန်လန်း၏နှလုံးမှာ ခုန်ပျံသွားပြီး သူ၏မျက်နှာထက်တွင် ကြောက်ရွံ့မှု အရိပ်အယောင် ထွက်ပေါ်လာသည်.

သူသည် ကျောက်ဆောင်တစ်ခုနှင့် ကြမ်းတမ်းသည့်နေရာတစ်ခုကြားတွင် ပိတ်မိနေပြီဖြစ်သည်။ ထိုနောက်တွင် ကျောက်ဖုန်းက သူ့ဆီသို့ ပြင်းထန်သည့်ကန်ချက်တစ်ခု ကန်သွင်းလိုက်သည်ကို သတိပြုမိလိုက်၏။

ဤအချိန်တွင် ဒုန်လန်သည် သူမည်သို့မျှ မခုခံနိုင်တော့သည်ကို သိလိုက်ရ၏။ ကံကောင်းစွာဖြင့် သူ၏နောက်မှ အပြင်အားအဆင့်ရှိသော သူ၏လူငါးယောက်က သူ့အား ကူညီပေးခဲ့လေသည်။ ၎င်းတို့သည် ကျောက်ဖုန်းအား သူတို့၏လက်သီးများ၊ ခြေထောက်များဖြင့် တိုက်ခိုက်ခဲ့ရာ ကျောက်ဖုန်းသည် သူ၏ညာခြေကို ပြန်ဆုတ်လိုက်ပြီး ဟန်ချက်ထိန်းရန် တစ်လှမ်းဆုတ်လိုက်ရသည်။

ဤအချိန်တွင် ကျန်းရှမ်မှာ နောက်ဆုံး၌ တုံ့ပြန်လိုက်၏။ ပထမတွင် သူ ထိန်လန့်သွားသော်လည်း တစ်ချိန်တည်းမှာပင် အမှန်တကယ် ဒေါသထွက်လာ၏။

"ခွေးမသား အဲ့ကောင်ကို သတ်စမ်း" ကျန်းရှမ်က နောက်ပြန်ဆုတ်သွားကာ အော်ဟစ်လိုက်၏။

သူ့ကို သတ်ရမှာလား..

ဒုန်လန်မှာ စိတ်ထဲတွင် ခါးသီးစွာ ပြုံးလိုက်၏။

သူ့တို့အားလုံး အတူပေါင်းတိုက်လျှင်ပင် သူတို့ရှေ့မှ အတွင်းအားအဆင့်သိုင်းပညာရှင်ကို အနိုင်ယူနိုင်မည် မဟုတ်ချေ။ တစ်ခုတည်းသော နည်းလမ်းမှာ စစ်ကူစောင့်ရန်သာဖြစ်၏။ သို့သော်လည်း ဒေါသထွက်နေပုံရသည့် ထိုအတွင်းအားအဆင့်သိုင်းပညာရှင်သည် သူတို့အား စောင့်ဆိုင်းရန် အချိန်ပေးပါမည်လား။

လူတိုင်း၏အကြည့်အောက်တွင် ကျောက်ဖုန်းက သူ၏ညာလက်ကိုဆန့်ထုတ်ကာ ဝှေ့ယမ်းပြလိုက်ပြီး အေးစက်စွာ ပြောလိုက်၏။

"သူတို့ရဲ့ခြေထောက်တွေကို ချိုးပစ်လိုက်"

ဝှစ်

အားဟူနှင့်သူ၏လူများမှာ သူ၏အမိန့်ကို စောင့်နေကြခြင်းဖြစ်သည်။ ကျောက်ဖုန်းပြောလိုက်သည်နှင့် သူ၏နောက်မှ လူ ၂၉ ယောက်လုံး ရှေ့သို့ ပြေးထွက်သွားကြသည်။

လင်းကျဲသည် နောက်သို့အမြန်ဆုတ်သွားရင်း ကျန်းရွှမ်အား စိုက်ကြည့်လိုက်၏။

အရှုံးကောင်

ကျန်းလုံ စိတ်ထဲတွင် အေးစက်စက် ကြိမ်းမောင်းလိုက်ပြီး အခြားအဖွဲ့ဝင်များနှင့်အတူ ပြန်ဆုတ်သွားသည်။

မူလက အခြေအနေမှာ အလွန်ရှုပ်ထွေး၏။ ကျွန်းလုံမှာ ဤလူများက ပြဿနာရှာဝံ့သည်ဖြစ်၍ သူတို့အား တစ်စုံတစ်ယောက်က အကာအကွယ်ပေးထားကြောင်း သိလေသည်။ ထို့ကြောင့် နင်တန် တိုက်ခိုက်ခံလိုက်ရသည့်အချိန်တွင် ကျွန်းလုံက သူ၏လူများကို ခေါ်ကာ ကပ္ပတိန်လျောင်ကို ဖုန်းခေါ်၍ ရဲများဖြင့် ထိုသူများအား ဖမ်းဆီးစေရန် ခိုင်းစေခဲ့သည်။ ထိုနောက်တွင် သူတို့လုပ်နိုင်သည်က ထိုလူများ၏နောက်ခံကို ဖော်ထုတ်ရန်ပင်။ အကယ်၍ သူတို့သည် ဇီယန်နှင့် ကျိုးဖေးအား လာခေါ်သည့် လူမိုက်တစ်အုပ်သာဖြစ်ပါက သူတို့ ဤနေရာသို့ ရောက်လာခဲ့ရခြင်းအတွက် ခါးသည်းသော တန်ဖိုးတစ်ခု ပေးရပေလိမ့်မည်။

သို့သော် သူ၏အကြံအစည်က သူ့အား ကျော်ခိုင်းသွားလေသည်။ မာနကြီးကာ မောက်မာသည့် ထိုအကောင် ကျွန်းရွှမ်က ကိစ္စများကို ရှုပ်ထွေးစေခဲ့သည်။

ကျန်လူ ၇ ယောက် ၈ ယောက် ဆုတ်ခွာသွားချိန်တွင် လုံခြုံရေး တစ်ဒါဇင်ကျော်သည် အင်အားကြီးရန်သူများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

ဒုန်လန်၏ခါးသီးသော အကြည့်အောက်တွင် ပြိုင်ဘက်များက ပြေးဝင်လာနေကြသည်။

ကံမကောင်းစွာဖြင့်ပင် အတွင်းအားအဆင့်သိုင်းပညာရှင်မှာ သူ့အား ရန်ငြိုးထားသည့်ပုံမပေါ်သည့်အတွက် သူ အန္တရာယ်မရှိဘဲ လွတ်မြောက်နိုင်မည်ဟု မျှော်လင့်ထားသော်လည်း သူမှားသွားခဲ့သည်။

ဒုန်လန်၏လက်မောင်းတွင် ထုံကျဉ်မှုပျောက်စပြုလာသည်နှင့် တပြိုင်နက် အလျင်မြန်ဆုံးပြေးလာနေသည့် အားဟူ၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

ဘန်း

ရိုတ်ခတ်သံထွက်ပေါ်လာသည်နှင့် ဒုန်လန်မှာ နေရာတွင်ပင် အေးခဲသွား၏။

"အာ....အပြင်အားအဆင့်"

သူ ထိတ်လန့်သွားပြီး မျက်လုံးများ ပြူးကျယ်နေသည်။ သူ၏မျက်လုံးထောင့်မှ အခြားတိုက်ခိုက်နေသူများ၏ခွန်အားကို အကဲခတ်ကြည့်လိုက်ရာ သူ၏မျက်နှာမှာ ဖြူဖျော့သွား၏။

စောက်ကျိုးနည်း။ သူတို့အားလုံးက အပြင်အားအဆင့်သိုင်းပညာရှင်တွေပဲ။ သူတို့အားလုံးကို ဘယ်လို ပြန်တိုက်နိုင်မှာလဲ။

ပြင်းထန်သည် တိုက်ပွဲတစ်ခုက ထပ်မံစတင်ခဲ့ပြန်သည်။

ကျောက်ဖုန်းသည်တော့ သူလည်း ဘာမှမလှုပ်ရှားဘဲ မနေသည်မှာ သေချာပေသည်။ သူသည် လူတိုင်းအား လျစ်လျူရှုလိုက်ပြီး ရှန်းရင်းဆန်ခတ်နေသည့်

တိုက်ပွဲအလယ်တွင် ရှိနေသော ကျန်းရှမ်ကို စိုက်ကြည့်ပြီး သူ့ဆီသို့ တစ်လှမ်းချင်းလျှောက်သွားလိုက်သည်။

"မင်းဘာလုပ်နေတာလဲ"

"ဒီကို မလာခဲ့နဲ့"

"ဒုန်လန် ငါ့ကိုကူညီပါ"

"အား...."

သုံးကြိမ်တိုင်တိုင် အော်ဟစ်ပြီးနောက်တွင် ကျောက်ဖုန်းက သူ၏ခြေထောက်ကို မြှောက်ကာ ကျန်းရှမ်၏ပါးစပ်ကို ကန်လိုက်၏။ ဤကန်ချက်ကြောင့် ကျန်းရှမ်မှာ သွားအမြောက်အများ ဆုံးရှုံးလိုက်ရ၏။

ကျောက်ဖုန်းသည် ညှာတာမှုမပြဘဲ ကျန်းရှန်အား ပြင်းထန်သည့် ကန်ချက်ဖြင့် တိုက်ရိုက်ကန်ချလိုက်သည်။

ကျန်းရှမ် လေထဲသို့ လွင့်ပျံသွားသည့်အချိန်တွင် ကျောက်ဖုန်းက သူ၏ညာဘက်ခြေထောက်ကို မပေါ်သို့မြှောက်၍ ကန်ထည့်လိုက်သည်။

ဂျွတ် ဂျွတ်

ကျန်းရှမ်၏ခြေထောက်များဆီမှ ရှင်းလင်ပြတ်သားသည့် အသံနှစ်ခုထွက်ပေါ်လာသည်။ ကျောက်ဖုန်းက သူ၏ခြေထောက်များကို ချိုးလိုက်သည်မှာ ထင်ရှားပေသည်။

သူ၏ခြေထောက်များကို ချိုးလိုက်ပြီးနောက် ကျောက်ဖုန်းသည် ကျန်းရှမ်အား မြေပေါ်ပြန်မကျခင် နောက်တစ်ကြိမ်ထပ်၍ ကန်ထုတ်လိုက်၏။ ကျန်းရှမ်မှာ မူလနေရာမှာ ဆယ်မီတာအကွာတွင်ရှိသော လင်းကျဲနှင့်ကျန်းလုံတို့ အနီးသို့ ပြုတ်ကျသွားလေသည်။

"ဖူး..."

ကျန်းရှမ်၏ပါးစပ်မှ သွားများနှင့် သွေးများ ရောက်ကာ အန်ထွက်လာ၏။ သူသည် ကျောက်ဖုန်းအား မယုံကြည်နိုင်ဟန်ကြည့်လိုက်ပြီးနောက် မေ့လဲသွားလေသည်။

ထိုအချိန်တွင် အားဟူနှင့် သူ၏လူများမှာ ဒုန်လန်နှင့် အခြားလူများကို အနိုင်ယူခဲ့ပြီး တစ်ယောက်မကျန် ခြေထောက်များကို ရိုက်ချိုးခဲ့ကြသည်။

တိုက်ပွဲပြီးသွားသည့်အချိန်တွင် သူတို့၏အမူအရာများမှာ တစ်ချက်ကလေးမှ မပြောင်းလဲဘဲ အေးအေးဆေးဆေး ပြန်လျှောက်သွားကြ၏။

ကျောက်ဖုန်းသည် လက်ရှိတွင် မြေပြင်ပေါ်၌ လဲကျနေသည့် ရန်သူများ၏အလယ်တွင် ရပ်နေလေသည်။

ဤအချိန်တွင် ဂေါက်ကွင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ အပ်ကျသံပင်ကြားရအောက်အောင် တိတ်ဆိတ်နေခဲ့သည်။

“ငါအခု သူတို့ကို ခေါ်သွားမယ်။ အဲဒါနဲ့ပတ်သက်ပြီး မင်းတို့မှာ ပြောစရာရှိလား”

အေးစက်သည့်မျက်လုံးများဖြင့် ပတ်တန်းကျင်ရှိလူများကို စိုက်ကြည့်ရန်း ကျောက်ဖုန်းက နောက်တစ်ခါထပ်ပြောသည်။

ကျောက်ဖုန်းသည် လင်းကျဲနှင့် ကျန်းလုံတို့အား လှမ်းကြည့်လိုက်သည့်အခါ လူတိုင်းက မသိစိတ်ဖြင့် နောက်ဆုတ်သွားမိကြ၏။

အကြောင်းမှာ လက်ရှိအချိန်တွင် သူတို့ ကြောက်လန့်နေကြပြီဖြစ်လေသည်။

…

-အပိုင်း(၂၃၈) ပြီး

wunzinnosp

## အပိုင်း(၂၃၉) ရပ်တန့်၍မရနိုင်

သူပြောပြီးသည်နှင့် ကျောက်ဖုန်းသည် ရုတ်တရက် ကျန်းလုံဆီသို့ လျှောက်လာခဲ့သည်။

သူဘာလုပ်မလို့လဲ။

သူက လင်းကျဲနှင့် ကျန်းလုံတို့ကိုလည်း ဘာမှအပြစ်မှမပေးဘဲ သွားခွင့်မပေးဘူးလား။

အားလုံးက တုန်လှုပ်ခြောက်ခြားစွာဖြင့် ခံစားနေရကြရင်း မျက်လုံးများ ပြူးကျယ်နေကြသည်။

လူအုပ်ထဲတွင် လင်းကျဲနှင့် ကျန်းလုံတို့က အစိုးရိမ်ဆုံးဖြစ်သည်။

သူတို့သည် ထိပ်ပိုင်းအနေအထားတွင်ရှိသော်လည်း ဒဏ်ရာရမည်ကိုတော့ ကြောက်ရွံ့ကြ၏။

သူတို့၏အတွင်းစိတ်ထဲ၌ အမုန်းတကယ်စိုးရိမ်နေခဲ့ကြသော်လည်း ဟန်မပျက်ဆက်၍ ထိန်းချုပ်နေခဲ့ကြသည်။

ကျောက်ဖုန်း ပို၍ပို၍ အနားကပ်လာသည်နှင့်သူတို့၏နှလုံးခုန်သံများမှာ ပို၍ပို၍ မြန်ဆန်လာခဲ့၏။

သို့သော်လည်း သူတို့၏စိတ်ကို ထိန်းချုပ်ထားနိုင်သေးသည်။

သူငါ့ကို တကယ်တိုက်ခိုက်ရဲမှာလား။

မဖြစ်နိုင်ဘူး။

တစ်ဖက်လူက လွယ်လွယ်နှင့်တိုက်ခိုက်မှာမဟုတ်ဟု သူတို့နှစ်ယောက် အခိုင်အမာယုံကြည်ထားသည်။ အကြောင်းမှာ ဤသည်က အခြေအနေကို ပို၍ ဆိုးရွားလာစေနိုင်ပေသည်။

သို့သော်...ကျန်းရှမ်ကား သူ့ကြောင့် ဒဏ်ရာအပြင်းအထန်ရရှိသွားခဲ့သည်။

ဤသည်က သူတို့အား သိပ်ပြီး ယုံကြည်မှုမလွန်ကဲသင့်ကြောင်း သတိပေးနေ၏။ ကျန်းမိသားစု၏တရားဝင်အကြီးဆုံးသားဖြစ်သော ကျန်းရှမ်ကို ကျိုးပဲ့သွားအောင် ရဲရဲကြီးတိုက်ခိုက်ဝံ့ခြင်းက သူတို့လည်း မလုံခြုံနိုင်ဟု ဆိုလိုပေသည်။

...

ဤအချိန်တွင် နှစ်ယောက်သား မလှုပ်ရှားကြချေ။ သူတို့ လောင်းကစားလုပ်နေရသကဲ့သို့ပင်။

နောက်ဆုံးတွင် လူတိုင်း၏အကြည့်အောက်၌ ကျောက်ဖုန်းသည် လင်းကျဲ၏ရှေ့သို့ ရောက်ရှိလာခဲ့၏။ သူက လင်းကျဲအား အေးစက်စက် စိုက်ကြည့်ကာ ပြောလိုက်သည်။

“အဲဒါနဲ့ပတ်သက်ပြီး မင်းမှာ ပြောစရာရှိလား”

ကျောက်ဖုန်း၏လေသံနှင့် သဘောထားက လင်းကျဲကို ဒေါသထွက်သွားစေခဲ့သည်။ လူရှေ့သူရှေ့တွင် မျက်နှာအား ဖြတ်ရိုက်ခံလိုက်ရသကဲ့သို့ပင်။

သူ၏မာနက ကျောက်ဖုန်း၏မေးခွန်းကို မဖြေအောင် တားဆီးထားခဲ့သည်။

အကယ်၍ သူ ကျောက်ဖုန်းအား ပြန်ဖြေလိုက်လျှင် သူရှုံးနိမ့်သွားမည်ဖြစ်ကြောင်း နားလည်ပေသည်။

သို့သော်လည်း ကျောက်ဖုန်း၏အေးစက်စက်အကြည့်အောက်၌ ခြိမ်းခြောက်မှုများပါဝင်နေကြောင်း ခံစားရသည်။ သူပြန်မဖြေပါက ကျောက်ဖုန်း သူ့အား တိုက်ခိုက်ပေလိမ့်မည်။

ထို့ကြောင့် လင်းကျဲသည် သူ၏ဒေါသကို မြိုသိပ်ထားကာ တည်ငြိမ်သည့်လေသံဖြင့် ပြောလိုက်၏။

"ငါမှာ ပြောစရာမရှိပါဘူး"

“ဟားဟား…”ကျောက်ဖုန်းက ရယ်မောလိုက်ရင်း မျက်ဝန်းထဲတွင် အထင်သေးသည့်အကြည့်များပြည့်နေ၏။

သူ၏ဆရာနှင့်ယှဉ်လျှင် ဤနာမည်ကြီးသခင်လေးမှာ အလွန်အားနည်းလွန်းလှ၏။

ကျောက်ကဖုန်း၏မျက်လုံးထဲမှာ ဖုံးကွယ်မထားသည့် အထင်သေးမှုကို မြင်ရသည့်အခါ လင်းကျဲပေါက်ကွဲလုမတတ်ဖြစ်နေသည်။ သို့သော် ယခုအချိန်တွင် သူ့အနေဖြင့် ပြိုင်ဘက်မဖြစ်နိုင်မှန်း ကောင်းကောင်းသိနေသည့်အတွက် ဒေါသကို မြိုသိပ်ထားရ၏။

ထိုနောက် ကျောက်ဖုန်းက ဘာမှမပြောဘဲ ကျန်းဟန်ကို ကြည့်လိုက်သည်။ ကျန်းလုံသည် မျက်နှာထက်တွင် ပေါင်းသင်းရလွယ်ကူသည့်အမူအရာဖြင့် ရယ်မောကာ ပြောလိုက်လေ၏။

"မင်းကက ကျန်းဟန်ရဲ့လူဆိုမှတော့ ငါ့မှာ ဘာမှပြောစရာမရှိပ်ဘူး။ တစ်ခါတစ်လေ မိသားစုဝင်တွေကြား အငြင်းပွားစရာလေးရှိတတ်တာ ပုံမှန်ပါပဲ"

ကျောက်ဖုန်းသည် ကျန်းလုံပြောပြီးသည့်နောက် ဘာမှပြန်မပြောချေ။ ထိုအစား သူသည် လှည့်သွားကာ ယခုထိ တုန်လှုပ်နေဆဲဖြစ်သော ဗီယန်၏ဆီသို့ တည့်တည့်လျှောက်သွားလိုက်၏။

ဤအချိန်တွင် တစ်ဖက်မှ ဒါဇင်နှင့်ချီသော ပရိသတ်များအားလုံးမှာ အံ့အားသင့်သွားကြ၏။

"လင်းကျဲနဲ့ ကျန်းလုံတို့နှစ်ယောက်က သူတို့အရှုံးကို ဝန်ခံလိမ့်မယ်လို့ မထင်ထားဘူး"

"ဒါက ထိပ်သီးသခင်လေးနှစ်ယောက် ပထမဆုံးအကြိမ် အတူတကွကျရှုံးမှုဖြစ်တာပဲ။ ဒီကိစ္စနဲ့ပတ်ကသက်ပြီး စကားတွေထွက်လာခဲ့ရင်း လူကုံထံတွေ ဒေါသပေါက်ကွဲကုန်ကြလိမ့်မယ်"

"အမှန်ပဲ။ ဒဏ်ရာမရပဲ ထွက်သွားရင်တောင် သူတို့နှစ်ယောက် မျက်နှာပျက်ရလိမ့်မယ်။ ဒါပေမယ့် တကယ်တမ်း သူတို့နှစ်ယောက် ဒီလူတွေကို တားချင်ပေမယ့် သူတို့နဲ့ မယှဉ်နိုင်ကြဘူး"

"ဧယန်လို မိန်းမလှလေးကပဲ ထိပ်တန်းပုဂ္ဂိုလ်တွေကြား ရှုပ်ထွေးတဲ့တိုက်ပွဲကို ဖြစ်စေနိုင်တယ်"

"..."

လူတိုင်းက သူတို့၏အမြင်ကို ဆွေးနွေးကြသည်။ ဤကဲ့သို့ မကြုံစဖူး အဖြစ်အပျက်ကို ယနေ့ မြင်တွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားကြချေ။

ထိုအချိန်တွင် အားလုံး၏မျက်လုံးများက ကျောက်ဖုန်းကို စိုက်ကြည့်နေကြ၏။ ထိုမယုံကြည်နိုင်စရာလူက ဘာဆက်လုပ်မလဲဆိုသည်ကို မည်သူမျှ မသိကြချေ။

ကျောက်ဖုန်းသည် ဇီယန်ဘက်သို့ လျှောက်လာပြီး ပျော်ပျော်နေတတ်သည့်အမူအရာဖြင့် ပြုံးကာ ပြောလိုက်သည်။

"သူဌေးကတော်။ အဲဒီမှာ ရှိတဲ့လူတွေထဲ မင်းကို အနိုင်ကျင့်တဲ့သူပါသေးလား မေးဖို့ မေးသွားလို့။ ရှိသေးတယ်ဆိုရင် ငါသူတို့ကို ရိုက်နှက်ပေးမယ်"

သူ၏စကားက ညင်သာနေသော်လည်း သူ၏စကားလုံးများထဲတွင် လူသတ်ချင်စိတ်ကို ဖုံးကွယ်ထားလေ၏။

မဝေးလှသောနေရာရှိ လင်းကျဲနှင့်ကျန်းလုံတို့ပင် ထိုကြမ်းတမ်းလှသည့် အတွင်းအားအဆင့်သိုင်းပညာရှင်က ဇီယန်ကို ဘာဆက်လုပ်ရမလဲ မေးလိုက်ခြင်းဖြစ်သည်ကို သတိပြုမိလိုက်ကြသည်။

ဇီယန်သာ ခေါင်းကို ညိတ်ပြလိုက်လျှင် ထို ကြမ်းကြုတ်လှသည့်လူက အမှန်တကယ် လုပ်ဆောင်မည်မှန်း သူတို့သိလေသည်။

လင်းကျဲသည် အီးစားမိထားသလို ခံစားနေရ၏။ သူ၏အမြင်တွင် ဇီယန်သည် သူ၏လက်ထဲတွင်ရှိခဲ့သည့်သူက ယခု သူတို့၏ကံကြမ္မာကို ဆုံးဖြတ်ပေးနိုင်သူဖြစ်လာလေသည်။ ဤအပြောင်းအလဲက အမှန်ကတယ် အံ့သြထိတ်လန့်စရာပင်။

ကံကောင်းစွာဖြင့်ပင် ဇီယန်က ခေါင်းမညိတ်ခဲ့ချေ။ သူမက ခေါင်းကိုအနည်းငယ် ခါယမ်းကာ ပြောလိုက်၏။

“မလုပ်နဲ့တော့။ ပြန်ကြရအောင်”

“ကောင်းပါပြီ” ကျောက်ဖုန်း ခေါင်းညိတ်လိုက်သည်။ သူက အားဟူနှင့် အခြားသူများကို တစ်ချက်ကြည့်ကာ “သွားကြမယ်” ဟု ပြောလိုက်သည်။

ထိုအချိန်တွင် သူတို့အားလုံး ဝင်ပေါက်သို့ သွားခဲ့ကြသည်။

ဇီယန်နှင့် ကျိုးဖေးတို့က ရှေ့မှလျှောက်လာကြပြီး ကျောက်ဖုန်း၊ အားဟူနှင့် မုန့်ကြီးတို့က သူမတို့အနားတွင် အနက်ရောင်အနောက်တိုင်းဝတ်စုံများ ဝတ်ဆင်ထားသည့် လူ၂ဝ ကျော်နှင့်အတူ လိုက်ပါလာခဲ့သည်။

မြေပြင်ပေါ်တွင် ထင်ဟပ်နေသည့် သူတို့၏အရိပ်များက အလွန်ပင် အံ့ဩဖွယ်ကောင်းလှ၏။

ကျန်းလုံနှင့်သူ၏လူများကို ဖြတ်သွားသည့်အခါ လင်းကျဲက ရုတ်တရက် ပြောလိုက်လေသည်။

“မစ္စဇီ ငါတို့မင်းကို လိုက်ပို့ပေးပါရစေ”

သို့သော် သူသည် ဇီယန်အား တုံ့ပြန်ရန် အခွင့်အရေးမပေးချေ။ သူ၊ ကျန်းလုံနှင့် သူ၏လူအချို့သည် ဇီယန်နှင့်အတူ ဖျော်ဖြေရေးအဆောက်အဦးဆီသို့ လျှောက်သွားကြ၏။

အစောပိုင်းက သူတို့ဖုန်းခေါ်ခဲ့သည့် ကပ္ပတိန်လျောင် မကြာမီရောက်ရှိလာမည်ဟု မျှော်လင့်ရပေသည်။ လင်းကျဲ ဤအချိန်တွင် အနိုင်ယူချင်ခဲ့သည်။

ထိုလူများက သူတို့၏လွှမ်းမိုးနိုင်စွမ်းကြောင့် သူတို့ကို အနိုင်ယူနိုင်မည်မဟုတ်ဘဲ သူတို့သာ အနိုင်ရမည်ဟု လင်းကျဲထင်နေဆဲပင်။

ဧီယန် ပေကျင်းမှ ထွက်မသွားသေးသရွေ့ ပြိုင်ပွဲက ဆက်ရှိနေဦးပေမည်။

လင်းကျဲနှင့်စကားပြောရန် စိတ်မဝင်စားသည့်အတွက် ဧီယန်က ဘာမှမပြောခဲ့ချေ။ သူမက ရှေ့ကိုသာ လျှောက်လာခဲ့သည်။

"ညီအစ်ကို မင်းနာမည်ဘယ်လိုခေါ်လဲ။ မင်းနဲ့ ငါ့ဝမ်းကွဲကျန်းဟန်နဲ့က ဘယ်လိုပတ်သက်တာလဲ။ ငါ သူ့ကို မတွေ့ရတာ တော်တော်ကြာတော့ သူ့ကို သတိရနေတာ" ကျန်းလုံက ရိုးသားသည့်အကြည့်ဖြင့် ပြုံးကာ ပြောသည်။

သူသည် ထိုသို့သောလူမျိုးပင်။ သူ၏ရန်သူပင်ဖြစ်လင့်ကစား သူသည် ပြုံးပြုံးလေးဖြင့် နှုတ်ဆက်စကားပြောနိုင်၏။ သူ့အား ဖော်ပြရန်အတွက် လူများက ပုံမှန်အားဖြင့် စကားလုံးလေးလုံးကို အသုံးပြုကြသည်။ ၎င်းက

ပြုံးနေသည့်ကျား ပင်။

လင်းကျဲကဲ့သို့ သူ၏စိတ်ခံစားချက်အစစ်အမှန်ကို သူ၏မျက်နှာအမူအရာဖြင့် မဆုံးဖြတ်နိုင်ချေ။ သူလိုလူမျိုးများသည် သူတို့၏ရည်ရွယ်ချက်အမှန်ကို ဖုံးကွယ်ထားတတ်သူများဖြစ်သည်။

သို့သော် ကျောက်ဖုန်းက သူ့အား လျစ်လျူရှုထား၏။

ဆရာဖြစ်သူ၏ စိတ်မရှည်သည့်အကြည့်၊ မထူးမခြားနားလေသံနှင့် အင်မော်တယ်အရှိန်အဝါတို့ကို သူ မတုပနိုင်သော်လည်း သူ၏ဆရာထံမှ သင်ယူရန်မလိုအပ်သည့် အရာမှာ အခြားသူများကို လျစ်လျူရှုခြင်းပင်။

သူတို့ဘာပဲလုပ်နေပါစေ မမြင်သလို မကြားသလို ပြုမူနေလိုက်လေသည်။

ကျန်းလုံက ခေါင်းယမ်းကာ ရယ်မောလိုက်၏။

သူတို့က မောက်မာလွန်းသည့်အတွက် သူတတ်နိုင်သည်က ကပ္ပတိန်လျှောင် ရောက်လာသည်ကို စောင့်ဆိုင်းရန်သာဖြစ်သည်။

သူ၏အမြင်တွင် မည်သူက သူတို့ကိုလွှတ်လိုက်ပါစေ သူတို့ မလွတ်မြောက်နိုင်ကြချေ။

ကျန်းဟန်က သူတို့ကို ထောက်ပံ့ပေးနေတာလား။ သူက အရှုံးသမားသက်သက်ပါပဲ။

သူက ဘာကို အားကိုးတာလဲ။ လင်းဟိုင်မှာရှိတဲ့ သူ့အမေရဲ့ ယုံမိသားစုကိုလား။

ဟားဟား…ယုံမိစားစုတစ်ခုတည်းမပြောနဲ့ ယုံမိသားစုဆယ်ခုရှိရင်တောင် အကူအညီဖြစ်မှာမဟုတ်ဘူး။

ကျန်းလုံ လှောင်ပြောင်လိုက်သည်။

ကျောက်ဖုန်းသည် သူ့အား ကျန်းဟန်က ဤနေရာသို့ လွှတ်လိုက်သည်ဟု ပြောခဲ့ပြီးနောက် ဤသိုင်းပညာရှင်မှာ လင်းဟိုင်မြို့ရှိ ယုံမိသားစုမှ ဖြစ်မည်ဟု ကျန်းလုံခန့်မှန်းခဲ့သည်။ ကျန်းဟန်၏မိခင် ယုံမိသားစု၏မင်းသမီးလေးမှာ သူမ၏မိသားစုကြောင့် အလွန်ထိခိုက်ခဲ့ရသည်။ ကျန်းယို့ကို လက်ထပ်ပြီးနောက် မိသားနှစ်နှစ်ခုမှာ တစ်ခုနှင့်တစ်ခု အပျက်သဘောဆောင်သည့် အတွေ့အကြုံများ ဖြစ်ခဲ့ကြသော်လည်း သူမ၏မိသားစုသည် သူမအတွက် စိုးရိပ်နေကြဆဲပင်။

ကျန်းဟန်က ပေကျင်းမှာ မနေနိုင်လို့ လင်းဟိုင်ကို သွားခဲ့တာဖြစ်ရမယ်။

ကျန်းလုံ တိတ်တဆိတ်လှောင်ပြောင်လိုက်၏။

ဖျော်ဖြေရေးအဆောက်အဦးကို ဖြတ်ကာ ဆက်လက်လျှောက်လာခဲ့ကြသည်။ သို့သော် သူတို့ ရှေ့တံခါးမှ ထွက်လာစဉ် တစ်စုံတစ်ရာ ဖြစ်ပျက်ခဲ့လေ၏။

ဝီးဝီ ဝီးဝီ ဝီးဝီ...

ဥဩသံများဆူညံကာဖြင့် ရဲကားတစ်ဒါဇင်ခန့်က သူတို့ရှေ့ ပလက်ဖောင်းအနီးတွင် ရပ်တန့်သွားလေသည်။

ရဲအရာရှိတစ်ဖွဲ့ထွက်လာပြီးနောက် သူတို့အား အမြန်ဝိုင်းရံလိုက်လေသည်။

ကပ္ပတိန်လျောင်က ရှေ့သို့လျှောက်လာကာ သူတို့အား တည်ငြိမ်စွာဖြင့် နှုတ်ဆက်သည်။

"သခင်လေးလင်း၊ သခင်လေးကျန်း မင်းတို့ပြောတာအမှန်ပဲလား"

"ဟုတ်ယ်" လင်းကျဲက ရယ်မောပြီး "ဂေါက်ကွင်းထဲမှာ လဲနေတဲ့လူတွေ ဒါဇင်ပေါင်းများစွာရှိတယ်။ အများစုက

ဒဏ်ရာအပြင်းအထန်ရထားကြတယ်။ ကပ္ပတိန်လျောင် ဒီလိုကြီးမားတဲ့ ရာဇဝတ်မှုအတွက် သူတို့ကို ခေါ်သွားပြီး မေးမြန်းဖို့ လိုတယ်လို့ ငါထင်တယ်”

သူပြောပြီးသည်နှင့် ဒေါသနှင့် စိုးရိမ်မှုအရိပ်အယောင်တို့က အားဟူနှင့် ကျိုးဖေးတို့မျက်နှာများတွင် ဖြတ်ပြေးသွားသည်။

သူတို့၏မှတ်ချက်ကို ကြားပြီးနောက် ကပ္ပတိန်လျောင်မှာ မျက်မှောင်ကြုတ်သွား၏။ သူသည် သူ၏လူများကို လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ “အခြေအနေကို သွားကြည့်စမ်း”

“ဟုတ်ကဲ့ ဆရာ”

ရဲသားလေးယောက်မှ အထဲသို့ အမြန်ပြေးဝင်သွားပြီး တစ်မိနစ်အတွင်းမှာပင် ကပ္ပတိန်လျောင်၏ဖုန်းက မြည်းလာလေသည်။ ဖုန်းပြန်ဖြေပြီးနောက်တွင် သူ၏မျက်နှာမှာ လုံးဝ ပျက်ယွင်းသွား၏။ သူသည်

ကျောက်ဖုန်းနှင့်သူ့လူများကို ကြည့်ကာ လက်ကို ဝှေ့ယမ်း၍ အေးစက်စက်ပြောလိုက်၏။

“သူတို့ကို ခေါ်သွားကြ”

“ငါတို့ကို ခေါ်သွားမှာလား” ကျောက်ဖုန်းက လှောင်ရယ်လိုက်ပြီး “အားလုံး ငါပြောတာနားထောင်ကြ။ လှုပ်ရှားရဲတဲ့ဘယ်သူ့ကို မဆို ပြန်တိုက်ခိုက်ပါ”

ကျောက်ဖုန်း၏စကားကြောင့် ပတ်ဝန်းကျင်ရှိ လေထုမှာ ချက်ချင်း တင်းမာသွားလေ၏။

လင်းကျဲ၊ ကျန်းလုံနှင့် သူတို့၏လူများမှာ ထိပ်တိုက်ရင်ဆိုင်မှုကို ကြည့်ရှုရန် စောင့်ဆိုင်းနေကြသည်။

ဤအချိန်တွင် သူတို့သည် ထိုလူများက ဤမျှ ခွဲလုံ့လရှိမည်ဟု မမျှော်လင့်ထားသည့်အတွက် ခံစားချက်များဖြင့် သက်ပြင်းချလိုက်မိကြသည်။ သူတို့သည်

အမှန်တကယ်ပင် သေရမည်ကို မကြောက်ရွံ့သည့် လူတစ်စုဖြစ်ပေသည်။

သူတို့က အဲ့လောက် သတ္တိရှိလိမ့်မယ်လို့ မထင်မိဘူး

လင်းကျဲ စိတ်ထဲတွင် လျောင်ရယ်လိုက်၏။

ကျောက်ဖုန်း၏စကားကိုကြားသည့်အခါ ကပ္ပတိန်လျောင်မှာ ဒေါသထွက်သွားသည်။ သူသည် ချက်ချင်း ခါးမှ သေနတ်ကို ထုတ်ကာ ကျောက်ဖုန်း၏ခေါင်းအား ချိန်ရွယ်လိုက်၏။

သို့သော် သူ သေနတ်မြှောက်လိုက်သည်နှင့် သူ၏ပစ်မှတ်က အနက်ရောက် လက်မှတ်တစ်ခုကို ထုတ်လိုက်သည်အား တွေ့လိုက်ရသည်။

ဝှစ်

ထိုအချိန်တွင် အားလုံး၏မျက်လုံးများက လက်မှတ်ကို စူးစိုက်ကြည့်နေကြသည်။ စကားလုံးများကို ရှင်းရှင်းလင်းလင်းမမြင်နိုင်သော်လည်း ထိုအပေါ်မှ

သကော်တကို မြင်လိုက်ရသည့်အခါ အားလုံး၏နှလုံးသားများ နစ်မြုပ်သွားကြ၏။

"မျက်လုံးဖွင့်ပြီး သေသေချာချာကြည့်စမ်း။ ငါ မင်းနဲ့ အခိပ္ပာယ်မရှိတာတွေ ပြောဖို့ အချိန်မရှိဘူး။ မင်းကို အချိန်ငါးမိနစ်ပေးမယ်။ ငါးမိနစ်ကြာပြီးလို့ ငါတို့ကို တားတဲ့သူရှိရင် ချက်ချင်းသတ်ပစ်မယ်" ကျောက်ဖုန်း၏အေးစက်စက်အသံမှာ နေရာတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

ခံစားချက်ကင်းမဲ့သည့်စကားလုံးများက ရှိနေသူများအားလုံးကို အေးခဲသွားစေသည်။

ကပ္ပတိန်လျောင်မှာ တုန်လှုပ်သွားပြီး သူ၏သေနတ်ကို ပြန်ရုတ်ကာ တစ်ချက်ကြည့်လိုက်၏။ စာလုံးများကို မြင်လိုက်ရသည့်အခါ သူ၏မျက်လုံးများမှာ တဖြည်းဖြည်းပြူးကျယ်လာလေသည်။

“မင်း…မင်းက…” သူသည် စာရွက်၏အလယ်ဗဟိုကို စိုက်ကြည့်ရင်း အော်ဟစ်လိုက်၏။

“ဝံပုလွေခေါင်း၊ ပထမတပ်ဖွဲ့၊ ယွမ်ဟန်အထူးတပ်ဖွဲ့၊ ဟောင်ကောင်”

ကပ္ပတိန်လျောင်၏အမြင်တွင် ၎င်းမှာ ဒဏ္ဍာရီဆန်သည့် အထူးတပ်ဖွဲ့တစ်ခုဖြစ်လေသည်။ ထိုအဖွဲ့၏အကြောင်းကို သူ အများအပြားကြားဖူးခဲ့ပြီး ယနေ့တွင် ထိုတပ်ဖွဲ့မှ တစ်ယောက်ကို တွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

သို့သော်…

ကပ္ပတိန်လျောင်က ခါးသီးစွာ ပြုံးလိုက်ပြီး “စိတ်မရှိပါနဲ့။ မစ္စတာကျောက်။ ဒီမှာ ဘာဖြစ်သွားတာပါလဲ”

“အထဲကထူတွေက ငါတို့ရဲ့တာဝန်ကို နှောင့်ယှက်ဖို့ကြိုးစားခဲ့တယ်။ ဒါပေမယ့် ငါတို့က သူတို့ကို သတ်ပစ်မယ့်အစား ဒဏ်ရာရရုံလောက်ပဲ လုပ်ပြီး

ငါ့ရဲ့ညွှာတာမှုကို ပြခဲ့တာ” ကျောက်ဖုန်းက ပြတ်သားစွာ တုံ့ပြန်လိုက်သည်။

“ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ ကျွန်တော် သိပါပြီ” ကပ္ပတိန်လျောင်မှာ အကြိမ်ကြိမ် ခေါင်းညိတ်၏။

ထိုသူများမှာ သူတို့၏တာဝန်ကို နှောင့်ယှက်ရန်ကြိုးစားခဲ့ကြသည်ဆိုကတည်းက သူတို့အား မသတ်ပစ်ခြင်းသည့် အမှန်တကယ် သက်ညှာမှုပေးခဲ့ခြင်းဖြစ်လေသည်။

ဝံပုလွေခေါင်းပါဝင်လာသည့်အတွက် ဤကိစ္စကို သူ လုံးဝ ဆုံးဖြတ်ချက်မချနိုင်ချေ။ ထို့ကြောင့် သူက လင်းကျဲအား ခါးသီးစွာ ပြုံး၍ ကြည့်ကာ “ငါ ဒီကိစ္စကို ကိုယ်တိုင် မဆုံးဖြတ်နိုင်ဘူး။ အထက်လူကြီးကို မေးရမယ်”

ထိုနောက် သူသည် ဖုန်းကို ထုတ်ကာ အထက်လူကြီး၏နံပါတ်ကို ခေါ်လိုက်၏။

"ဒါရိုက်တာ ကျွန်တော်ပြောစရာရှိ..."

သူ၏စကားမဆုံးခင်မှာပင် လင်းကျဲက ရှေ့နှစ်လှမ်းတိုးကာ သူ့အား တားဆီးလိုက်၏။

"ငါ သူနဲ့ ပြောပါရစေ"

လင်းကျဲက ကျောက်ဖုန်းအား အေးစက်စက်စိုက်ကြည့်ရင်း ကပ္ပတိန်လျောင်၏ဖုန်းကို ယူလိုက်သည်။ ပေါ်ပေါ်တင်တင်ရင်ဆိုင်ရန် ရည်ရွယ်ထားသည့်အတွက် သူသည် ဖုန်းကို ကိုင်ကာ ပြောလိုက်၏။

"ဒါရိုက်တာဝမ်၊ ကျုပ် လင်းကျဲပါ။ ဖုန်းတိုင်ကလပ်မှာ ကြောက်စရာကောင်းတဲ့ကိစ်စတစ်ခု ဖြစ်သွားခဲ့တယ်။ တာဝန်ရှိသူတွေက ဒီရက်စက်ပြင်းထန်မှုကို ဖြေရှင်းနိုင်မလားဆိုတာ ကျုပ်သိချင်တယ်..."

လင်းကျဲသည် ဒါရိုက်တာအား ပြောပြီးသည်နှင့် ဖုန်းချလိုက်၏။ သူက ကျောက်ဖုန်းကို ကြည့်ကာ

“မင်းကို ဘယ်သူကပဲ ထောက်ပံ့ပေးနေပါစေ ငါ့လူတွေကို တိုက်ခိုက်ပြီးတော့ ဘာမှမဖြစ်ပဲ မင်းထွက်သွားလို့မရဘူး”

“ဘာပဲဖြစ်ဖြစ်ပါ” ကျောက်ဖုန်းသည် ဂရုမစိုက်သည့်ဟန်ဖြင့် ပြောလိုက်၏။

သူ၏လျစ်လျူရှုမှုက လင်းကျဲ၏ဒေါသကို နှိုးဆွစေခဲ့သည်။

သူသည် ဖုန်းကို ထုတ်ကာ နံပါတ်တစ်ခုအား ခေါ်လိုက်၏။

“ဦးလေး ကျွန်တော် ဖုန်းတိုင်ကလပ်မှာ တစ်ခုခုဖြစ်ခဲ့တယ်။ အခြားတစ်ဖွဲ့က ဟောင်ကောင် ဝံပုလွေခေါင်းအဖွဲ့က...”

သူပြောပြီးသည်နှင့် ကပ္ပတိန်လျောင်မှာ ထိတ်လန့်သွား၏။

"ဗိုလ်ချုပ်လင်း"

သူ၏စကားများက လူအများကို ရှော့ရသွားစေသည်။

လင်းကျဲက ဖြစ်ပျက်ခဲ့သည်များကို အတိုချုံးကာ ပြောခဲ့သည်။ ဖုန်းချလိုက်ပြီးနောက်တွင် သူသည် ကျောက်ဖုန်းအား ယုံကြည်မှုအပြည့်ဖြင့် ကြည့်လိုက်၏။

သူ၏ဦးလေး လင်းဝမ်သည် ပေကျင်းတွင် တိုင်းစစ်ဌာန၏ခေါင်းဆောင်ရာထူးကို တာဝန်ထမ်းဆောင်နေသည်။ သူသည်ပင် ဦးလေးဖြစ်သူအား ဗိုလ်ချုပ်လင်းဟု ခေါ်ရပေသည်။

သူသည် ဗိုလ်ချုပ်များအကြားတွင် အမိမ့်ဆုံးရာထူးဖြစ်သော်လည်း အသက် ၄၁ နှစ်သာ ရှိသေးလေ၏။ ၎င်းက အမှန်တကယ်ကို ထူးခြားသည့်အောက်မြင်မှုတစ်ခုပင်။ အာဏာရှိမိသားစုများကြားတွင် ဂုဏ်ယူစရာတစ်ခုဖြစ်၏။

သို့သော် ကျောက်ဖုန်းမှာ တည်ငြိမ်နေဆဲပင်ဖြစ်သည်။

ကျန်းလုံ လုံး၀ တိတ်ဆိတ်သွား၏။ သို့သော် သူ၏စိတ်ထဲတွင် တုန်လှုပ်နေသည်။

လင်းကျဲသည် အလွန်ဒေါသထွက်နေပုံရကာ ဗိုလ်ချုပ်လင်းကိုပင် အကူအညီတောင်းရန် ဆန္ဒရှိခဲ့သည်။

သူ၏အမြင်တွင် ဗိုလ်ချုပ်လင်းသာ ပါ၀င်လာပါက ၀ံပုလွေခေါင်း၏နောက်ခံမှာ မည်မျှပင် တောင့်တင်းပါစေ အရာအားလုံးကို သူကိုင်တွယ်နိုင်ပေသည်။

ယခုအချိန်တွင် မုံ့ကြီး၊ အားဟူ၊ ဇီယန်နှင့် ကျိုးဖေးတို့အားလုံး အမူအရာများပြောင်းလဲသွားကြသည်။ အခြေအနေများမှာ ဤမျှအထိ ဆိုးရွားလာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြချေ။

ဤအဖြစ်အပျက်မှာ မျိုးဆက်ဟောင်းများအကြား ထိပ်တိုက်ရင်ဆိုင်မှုအဖြစ် ကြီးထွားလာပုံရ၏။

ကျောက်ဖုန်း ဒါတွေအားလုံးကို တောင့်ခံနိုင်ပါ့မလား။

ထိုအချိန်တွင် ဝေးကွာလှသည့် ကျွန်းတစ်ကျွန်းပေါ်၌ နည်းပြလို့သည် ကမ်းခြေတွင် ပျင်းရိစွာ လဲလျောင်းနေ၏။ သူ၏နောက်တွင် ပြန်ရန် အဆင်သင့်ဖြစ်နေသည့် ဝံပုလွေခေါင်းအဖွဲ့ရှိနေသည်။

ရုတ်တရက် သူ၏ဖုန်းက မြည်လာခဲ့သည်။ ဖုန်းကို ကြည့်လိုက်ရာ ပေကျင်းမှ ခေါင်းဆောင်တစ်ယောက်ဖြစ်သည်ကို မြင်တော့ ဖုန်းကိုင်လိုက်၏။ စက္ကန့်သုံးဆယ်ကြာ နားထောင်ပြီးနောက် သူသည် နှုတ်ခမ်းကို တွန့်ကွေး၍ စိတ်မရှည်စွာ ပြောလိုက်သည်။

“ဟုတ်တယ်။ သူက ငါ့လူတစ်ယောက်ပဲ။ သူ့ကို မတားမိစေဖို့ ငါသေချာပြောလိုက်မယ်နော်။ သခင်လေးလင်း၊ သခင်လေးကျန်းလား။ လခွမ်းတဲ့မှ”

ထိုနောက် ဖုန်းကို ချလိုက်ပြီး အချိန်အတော်ကြာ မဆက်သွယ်ဖြစ်သောလူတစ်ဦး၏နံပါတ်ကို ချက်ချင်း ခေါ်ဆိုလိုက်သည်။

"ဟဲလို ဦးလေး နေကောင်းလား။ ဟားဟား...ကျွန်တော်လည်း ဟောင်ကောင်ကို ပြန်လာတော့မလို့။ ကျွန်တော့်လူတစ်ယောက်ဖြစ်တဲ့ ကျောက်ဖုန်းနဲ့ စားသောက်ဆိုင်ပိုင်ရှင် မစ္စတာကျန်းအကြောင်း ပြောချင်လို့။ ကျောက်ဖုန်းနဲ သူ့လူတွေ အခု ပေကျင်းမှာ ရောက်နေတယ်..."

...

ဖုန်းတိုင်ကလပ်၏ ပင်မဝင်ပေါက်သို့ ပြန်သွားရသော်...

လင်းကျဲ၏ဖုန်းခေါ်ဆိုမှုအပြီး ငါးမိနစ်အကြာတွင် ကျောက်ဖုန်းက နာရီကိုတစ်ချက်ကြည့်ကာ ပြောလိုက်သည်။

"အချိန်ပြည့်ပြီ။ သွားကြမယ်"

ပြောပြီးသည်နှင့် ထွက်ခွာရန် ပြင်လိုက်၏။

ထိုအချိန်တွင် လင်းကျဲက လှောင်ရယ်လိုက်သည်။ "သွားမှာလား။ ဟားဟား ငါ့သဘောတူလို့လား။ ကပ္ပတိန်လျောင်"

ကပ္ပတိန်လျောင်မှာ ခါးသီးစွာ ပြုံးလိုက်ပြီး သူ၏လူများကို ကျောက်ဖုန်းအား တားရန် အချက်ပြလိုက်ကာ ပြောလိုက်သည်။

"တောင်းပန်ပါတယ် ဒီကိစ္စကို ဖြေရှင်းမပြီးအချင်း ထွက်သွားလို့ရပါဘူး။ ကျွန်တော့်ရဲ့အလုပ်အတွက် ကျေးဇူးပြုပြီး ထောက်ထားပေးပါ"

"ငါတို့သွားချင်ရင် ဘယ်သူမှ တားလို့မရဘူး"

ကျောက်ဖုန်းက ရှေ့ဆက်လျှောက်သွားကာ ပြောလိုက်၏။

"ဒီလိုဆက်လုပ်နေရင် ကျွန်တော်တို့ အရေးယူရလိမ့်မယ်" ကပ္ပတိန်လျှောင်က အသက်ပြင်းပြင်းရှူကာ ခါးပေါ်ရှိ သေနတ်ကို ကိုင်လိုက်သည်။

ထိပ်တန်းပုဂ္ဂိုလ်များကြားမှ ကစားပွဲများကို သူ မပါဝင်ချင်သော်လည်း ပြဿနာအား မဆုံးဖြတ်ရသေးသည့်အတွက် သူတို့ကို ထွက်သွားခွင့်မပြုနိုင်ချေ။

ကပ္ပတိန်လျှောင် သူ၏သေနတ်ကို လှမ်းကိုင်လိုက်သည်အား မြင်သည့်အခါ ကျောက်ဖုန်း၏မျက်လုံးများက ကြမ်းကြုတ်သွား၏။

သူသည် ရှေ့သို့ တိုးရန် ပြင်လိုက်သည့်အချိန်တွင် လင်းကျဲ၏ဖုန်းက မြည်လာလေသည်။

ဖုန်းသံက လူတိုင်း၏အာရုံကို ဖမ်းစားသွားခဲ့သည်။ ဖုန်းပြောနေရင်းဖြင့် လင်းကျဲ၏မျက်နှာမှာ တဖြည်းဖြည်း ဖြူဖျော့လာသည်ကို သူတို့ မြင်လိုက်ရလေသည်။

"အဲဒါ မဖြစ်နိုင်ဘူး။ ဘယ်လိုတွေ ဖြစ်ခဲ့တာ..."

ဤအခိုက်အတန့်တွင် အမြဲတည်ငြိမ်နေတတ်သည့် လင်းကျဲမှာ အူကြောင်ကြောက်ဖြင့် ရပ်နေရင်း ဖြူဖျော့နေလေသည်။ ထိုနောက် သူသည် ကျောက်ဖုန်းအား ထိတ်လန့်စွာ ကြည့်လိုက်သည်။

ပထမတွင် သူသည် နေရာမှာပင်ရပ်နေသော်လည်း ဆယ်စက္ကန့်ကြာအောင် စဉ်းစားပြီးနောက် ကျောက်ဖုန်းဆီသို့ ရုတ်တရက် လျှောက်သွားလိုက်၏။

သူနီးကပ်လာသည့်အခါ သူသည် ကျောက်ဖုန်းကို ကြည့်၍ ဦးညွှတ်လိုက်ပြီး ခါးသီးသောလေသံဖြင့် ပြောလိုက်၏။

"ဒီနေ့ ငါရှုံးနိမ့်တာကို ဝန်ခံပါတယ်။ မင်းသွားလို့ရပါပြီ"

သူပြောသည်ကို ကြားလိုက်ရပြီးနောက် ကျောက်ဖုန်းနှင့်သူ၏လူများမှ လွဲ၍ အားလုံး၏အမူအရာများ ပြောင်းလဲသွားလေသည်။

“ဟားဟားဟား…”

ကျောက်ဖုန်းက ရဘ်မောကာ တံ့ပြန်လိုက်ပြီးနောက် လှည့်ထွက်သွားခဲ့သည်။

လင်းကျဲမှာ ခေါင်းကိုမော့လိုက်ပြီး သူတို့၏နောက်ကျောကို လှမ်းကြည့်လိုက်သည်။ သူ၏စိတ်ထဲတွင် အတွေးတစ်ခုသာ ရှိလေတော့သည်။ ၎င်းမှာ..

သူတို့က ရပ်တန့်လို့ရနိုင်ဘူး ဟူ၍ပင်။

…

-အပိုင်း(၂၃၉) ပြီး

wunzinnosp

## အပိုင်း(၂၄၀) အပြန်

လူတိုင်း၏အကြည့်အောက်တွင် ကျောက်ဖုန်းနှင့်သူ၏လူများမှာ သူတို့၏ကားများဆီသို့ လျှောက်သွားကြသည်။

ဇီယန်နှင့်ကျိုးဖေးကို ကျောက်ဖုန်းက အဖြူရောင်ဘန်တလေကားဆီသို့ ဦးဆောင်ခေါ်သွား၏။ ယာဉ်မောင်းက တံခါးမဖွင့်ရသေးခင်မှာပင် ကျောက်ဖုန်းသည် ကားနောက်ခန်းတံခါးကို ဖွင့်ကာ အလွန်စံကျသည့်အနေအထားဖြင့် ကားပေါ်တက်ရန် သူ၏ဘယ်လက်ဖြင့် ညွှန်ပြလေသည်။

"သူဌေးကတော် ကားပေါ်တက်ပါ" ကျောက်ဖုန်းက ပြုံး၍ ပြောသည်။

ဇီယန်က သူ့အား ကြည့်ကာ နှုတ်ခမ်းအားတွန့်တွေးလိုက်ပြီး ဘာမှမပြောဘဲ ကားပေါ်တက်လိုက်၏။

“နင်က အရမ်းတော်တာပဲ” ကျိုးဖေးက သူ့အား လေးစားစွာဖြင့် ပုခုံးကို ပုတ်လိုက်ပြီး “ကျေးဇူးပါ” ဟု ပြောလိုက်သည်။

သူ့အားစနောက်ပြီးနောက်တွင် ကျိုးဖေးလည်း ကားပေါ်တက်လိုက်၏။ ကျောက်ဖုန်းက ပြုံးကာ ခေါင်းယမ်းလိုက်ပြီး ရှေ့ခရီးသည်ခုံတွင် ဝင်ထိုင်လိုက်၏။ ထိုနောက်တွင် ကားတန်းကြီးမှာ တဖြည်းဖြည်းမောင်းထွက်သွားခဲ့သည်။

ဖုန်းတိုင်ကလပ်၏ဝင်ပေါက်တွင် လူတစ်စုရပ်နေကြ၏။ သူတို့အားလုံးမှာ စိတ်ရှုပ်ထွေးစွာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

“ကပ္ပတိန်လျောင် ငါတို့....”

“ငါတို့လည်း သွားသင့်ပြီ” လင်းကျဲနှင့် ကျန်းလုံအား ကြည့်လိုက်ပြီးနောက် ကပ္ပတိန်လျောင်က

သက်ပြင်းတစ်ချက်ချကာ လက်ကိုဝှေ့ယမ်းလိုက်ပြီး သူ၏လူများကို ခေါ်သွားခဲ့သည်။

လင်းကျဲသည် ပုံစံပင်မပြောင်းဘဲ နေရာတွင်ပင် ရပ်နေသေး၏။

၎င်းကို မြင်သည့်အခါ ကျန်းလုံ အနည်းငယ် ထိတ်လန့်သွားသည်။

ဖုန်းထဲတွင် လင်းကျဲဘာကို ကြားခဲ့သလဲဆိုသည်ကို သူမသိသလို ကျောက်ဖုန်း၏နောက်ခံကိုလည်း မသိပေ။ သို့သော် လင်းကျဲက သူ့အား တောင်းပန်လိုက်ကတည်းက ကျောက်ဖုန်းတွင် ဩဇာကြီးမားသည့်နောက်ခံတစ်ခုရှိသည်ကို သူသိလေ၏။

ခဏလောက်စဉ်းစားပြီးနောက် ကျန်းလုံက လျှောက်သွားလိုက်သည်။ သူသည် အသာချောင်းဟမ့်လိုက်ပြီး

"သခင်လေးလင်း ဗိုလ်ချုပ်လင်းက ဘာပြောလဲ။ လိုအပ်မယ်ဆိုရင် ငါ့ဦးလေးကို ဆက်သွယ်လိုက်မယ်"

ကျန်းလုံ၏စကားများက လင်းကျဲကို သတိပြန်ဝင်လာစေသည်။ သူက ကျန်းလုံအား ကြည့်ကာ ဖြည်းညှင်းစွာပြောသည်။ "အဲဒါက ရလဒ်ကို ခြားနားသွားစေမလား"

"ဒါပေါ့ ကျန်းရွှမ်က ဒဏ်ရာအပြင်းအထန်ရနေမှတော့ ငါသူ့ကို မမေးရင်တောင် သူ့အဖေက ငြိမ်နေမှာ မဟုတ်ဘူး" ကျန်းလုံက လက်ကို ဝှေ့ယမ်းကာ ပြောသည်။

"ဒီမှာ ရပ်နေတာက ဘာမှ အဓိပ္ပာယ်မရှိဘူး" အားလုံးကို နားလည်သဘောပေါက်နေဟန် ပြုမူနေသည့် ကျန်းလုံ၏ဟန်ပန်က လင်းကျဲကို စိတ်တိုသွားစေသည်။ ထို့ကြောင့် လင်းကျဲက လက်ကို ဝှေ့ယမ်းကာ "မင်းဘာသာ ဘာပဲလုပ်လုပ် ငါနဲ့မဆိုင်ဘူး" ဟု ပြန်ပြောလိုက်၏။

ပြောပြီးသည်နှင့် လင်းကျဲမှာ ချက်ချင်း ရှေ့သို့လျှောက်သွားကာ ထွက်ခွာသွားလေသည်။ အမှန်တိုင်းပြောရလျှင် သူသည် အရှုံးကို ဝန်မခံချင်ပေ။

အားလုံးက ဗိုလ်ချုပ်လင်းဆီမှ ရရှိခဲ့သည့် ဖုန်းခေါ်ဆိုမှုကြောင့်ဖြစ်ပြီး သူက ရိုးရှင်းသည့် စကားအနည်းငယ်သာ ပြောခဲ့လေသည်။

"ငါသူတို့ကို တားလို့မရဘူး။ မင်းဘယ်လိုတောင် ပြဿနာရှာထားတာလဲ။ အခုချက်ချင်း ငါ့ဆီလာခဲ့"

ဤစကား၏နောက်ကွယ်မှ အဓိပ္ပာယ်က လင်းကျဲကို ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ အေးခဲသွားစေသည်။

ဗိုလ်ချုပ်လင်းက သူတို့ကို တားလို့မရဘူးပေါ့။

ငါက ပြဿနာခဲ့တယ်ပေါ့။

လာပြီး သူနဲ့ မျက်နှာချင်းဆိုင် ပြောရမယ်။

သူ၏စကားများမှာ ပြိုင်ဘက်များ၏နောက်ခံသည့် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း ပြသနေလေ၏။

ဤနေရာတွင် ကျန်းလုံနှင့် ငြင်းခုံနေရန် မည်သို့ စိတ်ပါပါမည်နည်း။

လင်းကျဲသည် သူ၏ဟမ်းမားကားဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားကာ ကားပေါ်တက်၍ မောင်းထွက်သွား၏။

အဝေးသို့မောင်းထွက်သွားသည့်ကားကို စိုက်ကြည့်နေရင်း ကျန်းလုံ လုံး၀ စိတ်နှင့်ကိုယ်မကပ်ဖြစ်သွားသည်။

“သူတို့က ဘယ်သူတွေများလဲ”

ကျန်းလုံ မျက်မှောင်ကြုတ်ကာ ရေရွတ်လိုက်၏။

“သူတို့က ဒီကိုလာပြီး မင်းရဲ့ကိစ္စတစ်ခုလုံးကို ဖျက်ဆီးသွားတယ်။ ပြီးတော့ ပြဿနာတွေအများကြီးရှာပြီး ဘာမှမဖြစ်ပဲ ထွက်သွားခဲ့ကြတယ်”

"သူတို့ရဲ့ သူဌေးက ကျန်းဟန်ဆိုတော့ သူက ဒီလူတွေကို ဘယ်မှာ ရှာတွေ့ခဲ့တာလဲ။ သူတို့က တကယ်ပဲ သူ့ရဲ့လူတွေလား။ ပေကျင်းက ထွက်သွားပြီးတော့ ဒီလိုမျိုးလှုပ်ရှားဖို့ သူ့မှာ ဘာကျန်နေသေးလို့လဲ"

"အတွင်းအားအဆင့်သိုင်းပညာရှင်က ဇီယန်ကို ဘယ်လိုဆက်ဆံတယ်တိုတာ တွေးတောင်မကြည့်ဖူးဘူး"

အချိန်အတန်ကြာ တွေးတောပြီးနောက်တွင် သူသည် မည်သည့်အဖြေမှ မရနိုင်သေးချေ။ ဖုန်းမြည်သံထွက်လာခြင်းကြောင့် အတွေးများ အနှောင့်အယှက်ဖြစ်သွား၏။ သူ၏ဖုန်းကို ထုတ်ကာ ကြည့်လိုက်ပြီးနောက်တွင် ကျန်းလုံ၏မျက်နှာ၌ ခါးသီးသော အပြုံးတစ်ခုရှိနေခဲ့သည်။

ကျန်းရွှမ်၏ဖခင်ပင်။ ကျန်းရွှမ်သည် သူ၏ကလပ်တွင် ဒဏ်ရာအပြင်းအထန်ရရှိသွားခြင်းဖြစ်သည့်အတွက်

ကျန်းရှမ်အဖေ၏ အပြစ်တင်ခံရခြင်းမှာ စိုးရိမ်နေစရာပင်မလိုချေ။

သို့သော် သူတို့၏ရှုံးနိမ့်မှုသတင်းက နောက်ရက်အနည်းငယ်အတွင်း၌ အထက်တန်းလွှာအကြား ပျံ့နှံ့သွားပေလိမ့်မည်။ ထိုနောက်တွင် သူနှင့် လင်းကျဲ နှစ်ယောက်လုံး လှောင်ပြောင်ခံရပေတော့မည်။

ကျန်းလုံ တွေးနေရင်း အနည်းငယ် မှားယွင်းသွားသလို ခံစားလိုက်ရ၏။

သူတို့အနိုင်ရနိုင်ခဲ့သော်လည်း ဤမမျှော်လင့်သည့်အဖြစ်အပျက်များအတွက် ပြင်ဆင်ထားခြင်းမရှိခဲ့ချေ။ ကျန်းမိသားစုနှင့် လင်းကျဲ၏နောက်ခံမိသားစုကြောင့် ပေကျင်းတွင် အင်အားကြီးအနေအထားရှိသည်မှာ အသေအချာပင်။

အတွင်းအားအဆင့်သိုင်းပညာရှင်မဆိုထားနှင့် အထွတ်အထိပ်အဆင့်သိုင်းပညာရှင်ပင်လျှင်

အနိုင်ယူနိုင်သည်။ သို့သော် လူငယ်မျိုးဆက်များအနေဖြင့် မိသားစု၏အဓိကအသိုင်းအဝိုင်းအတွင်းသို့ မဝင်ရောက်နိုင်သေးချေ။

ပြိုင်ဘက်များက အလွယ်တကူဝင်ရောက်တိုက်ခိုက်ပြီး ထွက်ခွာသွားကြသည်။ ဤအချိန်တွင် သူတို့သည် ပြိုင်ဘက်များနှင့် ခွန်အားအရာတွင်သာမက နောက်ခံအင်အားပင်လျှင် တစ်ဖက်က သာလွန်သွားခဲ့သည်။

ဤသည်များအားလုံးက ကျောက်ဖုန်း မျှော်လင့်ထားသကဲ့သို့ပင်။

နည်းပြလျို့တွင် အထင်းကြီးလောက်ဖွယ် နောက်ခံရှိကြောင်း သူ ကောင်းကောင်းသိလေသည်။ နည်းပြလျို့ လေးငါးနှစ်သားအရွယ်တွင် သူ၏မိဘများက မမျှော်လင့်ဘဲ ဆုံးပါသွားခဲ့သည့်အတွက် သူ၏ဦးလေးဖြစ်သူနှင့် ကြီးပြင်းလာခဲ့ရသည်။ ဆိုလိုသည်မှာ

သူ၏ဦးလေးသည် သူ့အတွက် အဖေအရင်းကဲ့သို့ပင်။ ထို့ကြောင့် သူ့အား အလွန်အလေးပေး ချစ်မြတ်နိုးလေ၏။

သူ၏ဦးလေး လျိုကျန်းဖုန်းသည် ဟောင်ကောင်တိုင်းစစ်ဌာန၏ကွန်မန်ဒါဖြစ်လေသည်။

ထို့ကြောင့် ယခင်က နည်းပြလျိုအနေဖြင့် ကျောက်ဖုန်းအား ထောင်မှ ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြလျိုနှင့် သူ၏ဆက်ဆံရေး၊ ဆရာဖြစ်သူ ဟောင်ကောင်တွင်နေထိုင်သည်ဆိုသည့် အချက် စသဖြင့် အားလုံးကို ထည့်သွင်းစဉ်းစားကာ ကျောက်ဖုန်းသည် နည်းပြလျိုအား ကျန်းဟန်နှင့် မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ မိတ်ဆွေအများအပြားရှိခြင်းသည် အခွင့်အရေးပိုမိုများပြားလာသည်ကို ဆိုလိုလေသည်။

လက်ရှိအခြေအနေသို့ ပြန်သွားရသော်။

ကျောက်ဖုန်းနှင့် အခြားသူများ ကားပေါ်တက်ကာ လေဆိပ်သို့ မောင်းသွားကြ၏။

"ဝိုး ကျောက်ဖုန်း နင်က ဘာလို့အဲ့လောက် ကြောက်ဖို့ကောင်းနေတာလဲ။ နင်က တကယ်ကို အံ့ဩဖို့ကောင်းတာပဲ။ ဘာလို့ ငါအရင် အဲဒါကို မသိခဲ့တာလဲ" နောက်ခရီးသည်ခုံတွင် ထိုင်နေရင်း ကျိုးဖေးသည် ကျောက်ဖုန်းအားကြည့်ကာ စိတ်လှုပ်ရှားမှုများပြည့်နေသည့်အသံဖြင့် ပြော၏။

သူမသာမက ဇီယန်လည်း ကျောက်ဖုန်းအား စူးစမ်းရင်း အလုပ်များနေသည်။

"အားလုံးက ကျုပ်ကို သူဌေးသင်ပေးထားတာကြောင့်ပါ" ကျောက်ဖုန်းက ပြုံး၍ ပြန်ဖြေသည်။

"တကယ်လား ခဲအိုက အရမ်းအံ့ဩဖို့ကောင်းတာပဲ" ကျိုးဖေးက မျက်လုံးပြူးကာ ပြောသည်။

"ဟုတ်တကယ် သူ့ငွေး ဘယ်လောက်ကြောက်ဖို့ကောင်းတယ်ဆိုတာ တွေးကြည့်လို့တောင် မရဘူး" ကျောက်ဖုန်းက အခိုင်အမာဆိုသည်။

"အာ..."

ဇီယန်သည် လှပသည့်မျက်လုံးဝိုင်းကြီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်လိုက်ပြီး "မင်းနဲ့ ကျန်းဟန်က ဘယ်လိုဆက်ဆံရေးလဲ"

ကျန်းဟန်သည် ဟောင်ကောင်တွင် နေထိုင်သည်မှာ သိပ်မကြာသေးသည့်အတွက် သူတို့နှစ်ယောက်၏ ဆက်ဆံရေးကို ဇီယန် သိချင်နေခဲ့၏။

ဇီယန်၏မေးခွန်းကို ကြားသည့်အခါ ကျောက်ဖုန်း ခဏလောက်စဉ်းစားပြီး သူမကို အမှန်တိုင်းပြောရန် ဆုံးဖြတ်လိုက်သည်။ သူက ဇီယန်ကို ပြုံး၍ ကြည့်လိုက်ပြီး

"ကျွန်တော်က သူဌေးရဲ့ တပည့်ပါ"

"တပည့်လား"

ဇီယန် ရုတ်တရက် အေးခဲသွားပြီးနောက် ကျောက်ဖုန်း အစောပိုင်းက "ဆရာကတော…"ဆိုပြီး ပြောခဲ့သည်ကို သတိရသွား၏။

ထိုအချိန်က သူသည် သူမအား ဆရာကတော်ဟု ခေါ်ရန် ရည်ရွယ်ခဲ့သည်လား။

ဇီယန်၏နှုတ်ခမ်းများမှာ တုန်သွားသော်လည်း သူမ ဘာမှ မပြောချေ။

သို့သော် ကျိုးဖေးမှာ အလွန်သိချင်နေသည့်အတွက် မေးလိုက်၏။ "ဘယ်လိုတပည့်လဲ။ နင်က သူ့ဆီမှာ ဟင်းချက်နည်းသင်နေတာလား"

"အာ…မဟုတ်ပါဘူး" ကျောက်ဖုန်း ရယ်မောလိုက်ပြီး ခေါင်းကို ခါယမ်းလိုက်သည်။ သူ၏မျက်လုံးများတွင်

လေးနက်သည့်အရိပ်အယောင်များ ဖြတ်ပြေးသွားပြီး ပြောလိုက်၏။ "သူက ငါ့အတွက် တစ်ရက်တာ ဆရာဖြစ်ရင်တောင် တစ်ဖက်လုံးအတွက် အဖေနဲ့အတူတူပဲ။ ငါ့အတွက် ဆရာက အနောက်အရပ်သို့ခရီးသွားခြင်း ထဲက စွန်းဝူခုန်းရဲ့ဆရာ ထန်ဘုန်းကြီးနဲ့ အတူအတူပဲ။ ဆရာက ငါ့ထက် အများကြီး ပိုပြီး အစွမ်းထက်တယ်"

"ဘာ။ ခဲအိုက နင့်ထက် ပိုပြီး ကြောက်ဖို့ကောင်းတယ်လို့ ဆိုလိုတာလား" ကျိုးဖေး၏မျက်လုံးများ တောက်ပလာသည်။

"သူက ငါ့ထက် အများကြီးကို ပိုပြီး ကြောက်ဖို့ကောင်းတယ်" ကျောက်ဖုန်းက ပြုံးလိုက်သည်။

"ဝိုး" ကျိုးဖေးမှာ ရုတ်တရက် တက်ကြွသွားပြီး စိတ်လှုပ်ရှားစွာဖြင့် ပြောသည်။ "အံ့ဩစရာပဲ။ ခဲအိုက အရမ်းအံ့ဩဖို့ကောင်းတယ်။ အခု ခဲအိုရဲ့ နောက်ထပ်အစွမ်းအစတစ်ခုကို ငါသိသွားပြီ။ အရမ်းကောင်းတယ်"

“ဖေးဖေး”

ဇီယန်သည် ကျိုးဖေးအား ဒေါသတကြီး စိုက်ကြည့်လိုက်၏။ သူမသည် ပါးစပ်က ခဲအို ခဲအို ဆိုသည့် စကားကိုမချတော့ချေ။ သို့သော် ကျန်းဟန်နှင့် သူမ၏ ဆက်ဆံရေးမှာ မရေမရာသာ ရှိသေးချေသည်။

“ဟေး အစ်မယန် နင် ပျော်နေရမှာလေ” ဇီယန်၏အကြည့်ကို မြင်သည့်အခါ ကျိုးဖေးက အစ်မယန် အနည်းငယ် ရှက်ရွံ့နေသည်ကို သတိပြုမိသွား၏။ သို့သော် သူမ ဂရုမစိုက်ချေ။ ထိုအချိန်တွင် သူမသည် ကျောက်ဖုန်းအား ကြည့်ကာ မေး၏။

“ကျောက်ဖုန်း ဝံပုလွေခေါင်း အကြောင်း နည်းနည်းလောက် ပြောပါဦး။ အဲဒါက ဘာလဲ”

ထိုအချိန်တွင် ဇီယန်လည်း ကျောက်ဖုန်းအား စူးစမ်းလိုစိတ်ဖြင့် ကြည့်လိုက်၏။

သူတို့၏အကြည့်အောက်တွင် ကျောက်ဖုန်းက ပြုံး၍ ပြောသည်။

“ဝံပုလွေခေါင်းဆိုတာက ယွမ်ဟန်အထူးတပ်ဖွဲ့ရဲ့ ပထမတပ်ဖွဲ့ပဲ။ အများအားဖြင့် အရမ်းအန္တရာယ်များတဲ့ တာဝန်အများစုကို လုပ်ဆောင်ရတယ်။ တစ်ခါတစ်လေဆို ငါတို့ ပြည်ပမှာ နှစ်အနည်းငယ်ကြာတော် နေထိုင်ကြရတယ်”

သူ၏စကားများက တည်ငြိမ်နေသည့် ကားသမားကိုပင် လုံးဝ ထိတ်လန့်သွားစေပြီး နောက်ပိုင်း ကျောက်ဖုန်း၏စကားများကို သူမ ကြားမိတော့ချေ။

ဇီယန်နှင့် ကျိုးဖေး၏မျက်နှာများမှာ ပြောင်းလဲသွားပြီး ဇီယန်က သံသယဖြင့် မေးသည်။

“ကျွန်းဟန်နဲ့ မင်းဘယ်လိုသိတာလဲ”

“အဲဒါက ဇာတ်လမ်းအရှည်ကြီးပါ။ ဆရာက ကျွန်တော့်တစ်သက်လုံး မျှော်ကြည့်နေရတဲ့သူပဲ။ သူသာ

မရှိဘူးဆိုရင် ကျွန်တော် သေသွားလောက်ပြီ။ အတိအကျပြောရရင် ကျွန်တော် ထန်ကျန့်ရဲ့ ရှံဟဲဂိုဏ်းမှာ လျှို့ဝှက်စုံထောက်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့အချိန် တောင်ပိုင်းခရိုင် လဆန်းပင်လယ်ကွေ့မှာ ကာကွယ်ကြေးကောက်ခံနေရင်းနဲ့ ဆရာနဲ့တွေ့ခဲ့တာ......”

ကျောက်ဖုန်းသည် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို အကျဉ်းချုံးကာ ပြောပြခဲ့သည်။ မှန်ပေသည်။ သူသည် ကျင့်ကြံသူများအကြောင်း၊ သိုင်းလောကအကြောင်းနှင့် ထူးဆန်းဖွယ်ရာအကြောင်းများကို ချန်လှပ်ထားခဲ့၏။ ဤသည်ကပင် ကျိုးဖေးမှာ သူ၏အတွေ့အကြုံများကို နားထောင်ရင်း အံ့သြနေလေသည်။

သို့သော် သူ၏စကားမဆုံးခင်မှာပင် ဇီယန်က ရုတ်တရက် အော်ဟစ်လိုက်၏။

“အာ”

"ဘာဖြစ်လို့လဲ ဆရာကတော်" ကျောက်ဖုန်းက ထိန်လန့်သွားပြီးမေးလိုက်၏။

"ငါ့ရဲ့လက်ဆောင်လေး။ ငါပြန်ယူသွားဖို့ ရည်ရွယ်ထားတဲ့ လက်ဆောင်က ဟိုတယ်မှာ ကျန်နေတဲ့တယ်" ဇီယန်သည် ရွှံ့ပန်းပုအကြောင်း ရုတ်တရက် တွေးမိသွားသည်။

"ဟိုတယ်က ဘယ်မှာလဲ" ကျောက်ဖုန်းက နာရီကိုတစ်ချက်ကြည့်ကာ "ကျွန်တော်တို့ သွားယူလို့ရပါတယ်။ အချိန်ရှိသေးတယ်"

"အန်ဖာလမ်း အခန်းနံပါတ် ၃၀၀" ကျိုးဖေးက ပြန်ဖြေသည်။

ကျောက်ဖုန်းက ခေါင်းညိတ်ကာ သူ၏ဘေးမှာ ကားသမားကို ပြောလိုက်သည်။ "အဲဒီကို အရင်သွားပါ"

"ကောင်းပြီ" ယာဉ်မောင်းက ခေါင်းညိတ်ပြကာ ဝေါကီတော်ကီကို ထုတ်ယူလိုက်ပြီး "ကားတွေအားလုံး

အန်ဖာလမ်းက အမှန် ၃၀၀ ကို အရင်မောင်းကြပါ။ နောက်လမ်းဆုံမှာ တွေ့ကြမယ်”

“ကြားပါတယ် ကြားပါတယ်”

ဤသို့ဖြင့် သူတို့ ဟိုတယ်သို့ ပြန်သွားကြလေသည်။ ဗီယန်သည် လက်ဆောင်ကို ယူပြီးနောက် ပြန်ထွက်လာကြကာ လေယာဉ်မထွက်မီ နာရီဝက်အလိုတွင် လေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။

“သူဌေးကတော် ကျွန်တော့်နာမည်က အားဟူပါ။ အစ်ကိုဖုန်းရဲ့လူတွေထဲမှာ အသန်မာဆုံးတစ်ယောက်ပေါ့။ သူဌေးကတော်က အရမ်းလှပြီး ကျက်သရေရှိတယ်”

“အဟမ်း သူဌေးကတော် ကျွန်တော့်နာမည်က မို့ကြီးပါ။ ကျွန်တော်လည်း အစ်ကိုဖုန်းရဲ့လူတွေထဲက အသန်မာဆုံးသူပဲ”

“သူဌေးကတော်…”

လူတိုင်းက ဧယန်ကို ဝိုင်းရံကာ သူတို့ကိုယ်သူတို့ မိတ်ဆက်ကြပြီး လေထုမှာ ပို၍ ကောင်းမွန်လာသည်။

သို့သော် ကျောက်ဖုန်းသည် သူတို့၏အပြုအမူများကို မြင်သည့်အခါ ပြဿနာတစ်ကို စဉ်းစားခဲ့သည်။

"အားဟူနဲ့ တခြားသူတွေက ကျင့်ဝတ်တွေကို သင်ယူဖို့လိုသေးတယ်။ ဒါပေမယ့် ပုံမှန်အားဖြင့် သူတို့က အလုပ်လုပ်တဲ့အခါ စံချိန်စံညွှန်းတွေအတိုင်း လေးနက်တဲ့ သက်တော်စောင့်တွေဖြစ်လာသင့်လား။ ဒါမှမဟုတ် အလုပ်လုပ်တဲ့အချိန်လေးနက်ပြီး တခြားအချိန်တွေမှာ တက်ကြွတဲ့ သူတွေဖြစ်သင့်လား"

ဤအချက်နှင့် ပတ်သက်၍ ကျောက်ဖုန်း ဆုံးဖြတ်ချက်မချနိုင်သည့်အတွက် ဟောင်ကောင်သို့ ပြန်ရောက်သည့်အခါ ဆရာဖြစ်သူကို အကြံတောင်းရန် ဆုံးဖြတ်လိုက်သည်။

နာရီဝက်ကုန်ဆုံးသွားလေသည်။ လေယာဉ်ပေါ်တက်ခါနီးတွင် ကျောက်ဖုန်းသည် ကျန်းဟန်အား ဖုန်းခေါ်၍ လေယာဉ်ပေါ်တက်တော့မည်ဖြစ်ပြီး ဟောင်ကောင်လေဆိပ်သို့ နေ့လည် ၂ နာရီ ၃၀ မိနစ်ခန့်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သတင်းပို့ခဲ့သည်။

"သိပြီ" ကျန်းဟန်က ခေါင်းညိတ်ကာ ဖုန်းချလိုက်၏။ ခဏလောက် စဉ်းစားပြီးနောက် သူသည် ဆိုဖာပေါ်တွင် တီဗီကြည့်နေသော မင်းသမီးလေးကို လှည့်ကြည့်လိုက်၏။ "မုန့်မုန့် သမီးမေမေက ခဏနေရင် ပြန်လာတော့မည်။ ဖေဖေတို့ လဆန်းတောင်ကို သွားရအောင်။ ပြီးရင် သမီးရဲ့ မေမေကို သွားကြိုကြမယ်"

"ဟမ်" ၎င်းကိုကြားလိုက်သည့်အခါ မုန့်မုန့်မှာ အေးခဲသွား၏။ ထို့နောက် သူမလေးသည် ကာတွန်းကားမကြည့်တော့ဘဲ ဆိုဖာပေါ်တွင် မတ်တပ်ရပ်ကာ

တက်ကြွစွာပြောလိုက်၏။ “ကောင်းတယ် ကောင်းတယ်။ မေမေကို သွားကြိုဖို့အချိန်ရောက်ပြီ”

“ဒါဆို သွားကြစို့”

ကျန်းဟန်က ပြုံးဂကာ မုန့်မုန့်အား ပွေ့ချီလိုက်သည်။ ဒုတိယထပ်သို့တက်ကာ မုန့်မုန့်အား အဝတ်အစားလဲပေးပြီးနောက် ဆိုင်တံခါးသော့ခတ်၍ ပန်ဒါကားဖြင့် လဆန်းတောင်သို့ မောင်းနှင်လာခဲ့၏။

ထိုသို့မသွားခင်တွင် ကျန်းဟန်သည် ပန်းဆိုင်တစ်ဆိုင်သို့ သွားကာ ပစ္စည်းကိရိယာလေးများကို ဝယ်လိုက်၏။ သူသည် မုန့်မုန့်၏မေမေအတွက် အိမ်အပြန်ကြိုဆိုလက်ဆောင်အဖြစ် ရောင်စုံနှင်းဆီပန်းစည်းတစ်ခု စည်းနှောင်ပေးရန် ရည်ရွယ်ထားသည်။

…

-အပိုင်း(၂၄၀) ပြီး

wunzinnosp

## အပိုင်း(၂၄၁) ဒါက ငါ့ဥစ္စာပဲ

“တာဟေးဟေး ရှောင်ဟေးဟေး ငါရောက်ပြီ”

လဆန်းတောင်ပေါ်သို့ ရောက်သည့်အခါ မုန့်မုန့်က စိတ်လှုပ်ရှားစွာ ပြေးလွှားရင်း ကလေးသံလေးဖြင့် အော်ဟစ်လိုက်၏။

ထုံစံအတိုင်းပင် ရှောင်ဟေးမှာ မုန့်မုန့်၏အနားသို့ အမြန်ပြေးလာသော်လည်း တာဟေးမှာ အတော် နှေးကွေးလေ၏။

“မုန့်မုန့် သူတို့နဲ့ ခဏကစားနေဦးနော်။ ဖေဖေ ဒီမှာ လုပ်စရာလေးရှိသေးလို့” ကျန်းဟန်က ပန်းများအနီးတွင် ရပ်ကာ ပြောလိုက်သည်။

“ဟုတ်ကဲ့ သမီးသိပါပြီ”

မုန့်မုန့်သည် ပြန်ပြီးသည်နှင့် လှည့်၍ ဟေးနစ်ကောင်နှင့်အတူ တောင်ကုန်းနောက်ရှိ အိမ်မွေးတိရစ္ဆာန်ဇရိယာသို့ သွားလေသည်။

"ဘယ်လိုပန်းမျိုးကို ရွေးရင်ကောင်းမလဲ။ လိုက်ဖက်တဲ့ပန်းတွေကို ရွေးသင့်တယ်"

ကျန်းဟန်သည် ရောင်စုံပန်းများကို စိုက်ကြည့်ရင်း နောက်ဆုံးတွင် နှင်းဆီပန်းဇရိယာကို အာရုံစိုက်သွားသည်။

ဇီယန်သည် နှင်းဆီပန်းများကို သဘောအကျဆုံးဖြစ်သည်ကို သူမှတ်မိသေးသည်။ ကျန်းလီနှင့် လီအန်နာတို့ ရောက်လာစဉ်ကလည်း အတူတူပင်။ ဝမ်ရီဟန်၏အမေ စုယွီသည်လည်း မိန်းကလေးများသာ ဤပန်းများကို လက်ခံရရှိလျှင် သဘောကျသွားမည်ဖြစ်ကြောင်း ပြောခဲ့ဖူးသည်။

နှင်းဆီပန်းများမှာ မိန်းကလေးများ၏အမြင်တွင် ရှိမန့်တစ်ဆန်သည့်အသွင်အပြင်ကို အဆင့်မြင့်မြင့်ပိုင်ဆိုင်ထားသည့်ပုံရ၏။

သို့သော် ဤနှင်းဆီပန်းများမှာ အရောင်မျိုးစုံရှိသည့်အတွက် မည်သို့ အစီအစဉ်ထားရမည်ကို သူမသိချေ။

ကျန်းဟန်သည် ကြည့်ခဲ့ဖူးသည့် ခတ်ပုံများတွင် နှင်းဆီပန်းအနီများကို အဖြူရောင်နှင်းဆီပန်းများဖြင့် အသည်းပုံသဏ္ဌာန်ပုံဖော်ထားသည်ကို သတိရမိသွားသည်။ နှင်းဆီအဖြူနှင့် နှင်းဆီအနီမှာ လိုက်ဖက်လေပြီး အလွန်လှပ၏။

သူစဉ်းစားနေရင်းဖြင့် ရုတ်တရက် ကျန်းဟန်၏စိတ်ထဲ၌ အတွေးတစ်ခု ဖြတ်ဝင်လာသည်။

နေ့လည်စာ...။

မှန်ပေသည်။ သူမအတွက် ဟော့ပေါ့လုပ်ပေးမည်ဟု သူကတိပေးခဲ့ဖူးသည်။ နှစ်နာရီခန့်တွင် လေယာဉ်ဆိုက်မည်ဖြစ်၍ ကျန်းဟန် ကိုယ်တိုင်ပြင်ဆင်ရန် နောက်ကျနေပေမည်။

ခဏလောက်စဉ်းစားပြီးနောက် ကျန်းဟန်သည် တောင်နောက်ဘက်ရှိ သစ်တောဆီသို့ ပြေးသွားရန် ပြင်ဆင်လိုက်၏။

သို့သော် ယခုအချိန်တွင် သူ၌ အချိန်မလုံလောက်သဖြင့် အခြားတစ်ယောက်အား အကူအညီတောင်းသည်က ပိုကောင်းပေသည်။

ကျန်းဟန်သည် သာမန်အားဖြင့် ငါးမိနစ်ကြာသည့်ခရီးကို တစ်မိနစ်အတွင်း ရောက်ရှိသွားခဲ့သည်။

တောင်နှင့် မဝေးလှသည့်ကမ်းခြေတွင် ရှိရုံသည် လူတိုင်းအား လေ့ကျင့်မှုအမျိုးမျိုးကို ညွှန်ကြားနေသည်။

"သူဌေးလာနေတယ်"

လူအနည်းငယ်က ကျန်းဟန် ပြေးလာနေသည်ကို ရုတ်တရက် သတိပြုမိသွားပြီး သူ အလွန်အလျင်လိုနေကြောင်း သူတို့ ပြောနိုင်သည်။

"သူဌေးပြေးတာ အရမ်းမြန်တာပဲ"

လူအုပ်ထဲမှာ မိန်းကလေးအချို့သည် သူ့အား ကြည့်ကာ ကစားပြောလိုက်ချိန်တွင် သူသည် သူတို့၏ရှေ့တွင် ရပ်နေပြီဖြစ်သည်ကို တွေ့လိုက်ရ၏။

"သူဌေး"

ရှုရုံက ခေါင်းလှည့်ကာ သူ၏ရှေ့တွင်ရပ်နေသည့် ကျန်းဟန်အား အမြန်နှုတ်ဆက်လိုက်သည်။

သို့သော် သူသည် အနည်းငယ် နေရကြပ်နေပြီး ဤနေရာတွင် ကျောက်ဖုန်းမရှိသည့်အတွက် အနည်းငယ်

စိုးရိမ်နေခဲ့၏။ တကယ်တမ်းတွင် သူသည် ဤသို့သော ခံစားချက်မျိုးကို မခံစားရသည်မှာ နှစ်အတော်ကြာပေပြီ။

"အင်း" ကျန်းဟန်က လူများကို လှမ်းကြည့်လိုက်သည်။ နောက်ဆုံးတွင် သူသည် ရှုရုံအားကြည့်ကာ "မင်းက ရှုရုံလား"

"ဟုတ်ပါတယ်" ရှုရုံသည် အကြိမ်ကြိမ် ခေါင်းညိတ်၏။ သူဌေးက သူ၏နာမည်ကို မှတ်မိနေသည့်အတွက် ဂုဏ်ယူသွားမိသည်။

"ငါ့မှာ မင်းကို ဒုက္ခပေးစရာလေးတစ်ခုရှိတယ်"

"အမ်...သူဌေးအတွက် ကျွန်တော် လုပ်ပေးနိုင်တာတစ်ခုခုရှိရင် ပြောပါသူဌေး" ရှုရုံက အမြန်ပြောသည်။

"အင်း" ကျန်းဟန်က ပြုံးကာ ပြောသည်။ "နေ့လည် ၃ နာရီအမီ ဟော့ပေါ့ချက်ဖို့အတွက် ပါဝင်ပစ္စည်းတစ်ချို့ ပြင်ဆင်ပေးပါ။ အကုန်လုံး တောင်ပေါ်မှာ ရှာလို့ရတယ်။

ဝယ်ဖို့လိုအပ်တယ် ထင်တဲ့ဟာတွေလည်း မင်းဆုံးဖြတ်ပြီးတော့ စားသောက်ဆိုင်ကို သွားပို့ပေးပါ။ ဒါက စားသောက်ဆိုင် သော့”

ပြောနေရင်းဖြင့် ကျန်းဟန်သည် စားသောက်ဆိုင်သော့ကို ပေးလိုက်၏။

“ဟုတ်ကဲ့ ဟုတ်ကဲ့ပါ” ရှုရုံက သော့ကို ယူလိုက်ပြီးနောက် တုံ့ဆိုင်းစွာဖြင့် “သူဌေး ကျွန်တော် စားသောက်ဆိုင်နဲ့ တောင်ပေါ်ကို တစ်ခါမှ မရောက်ဖူးဘူး”

“ဒါဆို ငါနဲ့လိုက်ကြည့်လို့ရတယ်” ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြောကာ နောက်လှည့်၍ တောင်ပေါ်သို့ ပြန်သွား၏။

“မင်းတို့ နားလို့ရတယ်” ရှုရုံက ခဏလောက်စဉ်းစားပြီး လူတိုင်းကို အနားပေးရန် ဆုံးဖြတ်လိုက်၏။

ပြောပြီးသည်နှင့် ကုတ်အင်္ကျီနှင့် လယ်သာအိတ်ကို ကောက်ယူကာ အမြန်လိုက်သွားခဲ့သည်။

ကမ်းခြေရှိလူများမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

အနားယူရမှာလား။

မေ့လိုက်တော့။

လူတိုင်းမှာ ချက်ချင်း တူညီသည့် အတွေးများ ရှိလာကြသည်။

“ငါတော့ အနားမယူဘူး။ ဆက်ပြီး လေ့ကျင့်မယ်”

“ငါရောပဲ”

“…”

လူတိုင်းက သန်မာသည့်ခွန်အားကို လိုချင်သည့်အတွက်ကြောင့် ဆက်၍ လေ့ကျင့်ကြလေသည်။

ဤကဲ့သို့ အခြေအနေကောင်းများဖြင့် သူတို့သည် အခြားသူများအား ရှုံးနိမ့်သွားပါက အဆင်မပြေချေ။

ထို့ကြောင့် သူတို့ လုပ်နိုင်သည့် တစ်ခုတည်းသော အရာမှာ ၎င်းတို့နှင့် အမီလိုက်နိုင်ရန် ဆက်၍ လေ့ကျင့်ခြင်းပင်။

ကျန်းဟန်သည် ပုံမှန်အတိုင်းလမ်းလျှောက်နေပြီး ရှုရုံက တစ်ချိန်လုံး ပြေးလွှားနေရသည်။

ရှုရုံသည် တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားကာ ပြေးနေသော်လည်း ကျန်းဟန်အား အဘယ်ကြောင့် အမီမလိုက်နိုင်သည်ကို နားမလည်နိုင်ဖြစ်နေ၏။

၎င်းက ရှုရုံအား အမှန်တကယ် ထိန်လန့်စေ၏။

လဆန်းတောင်သို့ရောက်ရှိပြီး ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက် ရှုရုံမှာ အချိန်အကြာကြီး မှင်တက်နေမိသည်။ မွေးမြူရေးဧရိယာနှင့် တောင်နောက်ဘက်ရှိ စိုက်ပျိုးရေးဧရိယာကို မြင်သည့်အခါ

သူတို့ အမြဲစားလေ့ရှိသည့် အရသာရှိလှသော အစားသောက်များကို ဤနေရာတွင် ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရှိလိုက်၏။

“သူဌေး ကျွန်တော် အလုပ်သွားလုပ်တော့မယ်” ရှုရုံက ပတ်ပတ်လည်အား ကြည့်လိုက်ပြီးနောက် ဘာလုပ်ရမည်ကို ကောင်းကောင်းသိလိုက်သည့်အတွက် ကျန်းဟန်ကို ကြည့်ကာ ပြောလိုက်သည်။

“သွားပါ။ အိုး ဒါနဲ့ လက်တော့ပ်နဲ့ကောင်တာက အံ့ဆွဲထဲမှာ ပိုက်ဆံရှိတယ်။ မင်းလိုအပ်ရင် သုံးလို့ရတယ်။ ပြီးတော့ ဆိုင်ကို ဧည့်သည်တွေလာရင် ဒီနေ့လည် ဆိုင်ပိတ်တယ်လို့ သူတို့ကို ပြောလိုက်ပါဦး” ကျန်းဟန်က ပြောသည်။

“ဟုတ်ကဲ့”

ရှုရုံ ခေါင်းညိတ်ကာ နောက်လှည့်၍ တောင်ပေါ်မှဆင်းသွားသည်။

သားသတ်သမားများနှင့် အရင်ချိန်းဆိုပြီးနောက် စားသောက်ဆိုင်တွင် တွေ့ရန် စီစဉ်ခဲ့သည်။ ထိုအချိန်အတွင်း စားသောက်ဆိုင်တွင် မည်သည့်ပါဝင်ပစ္စည်းများ ကုန်နေသည်ကို ရှာဖွေလိုက်၏။ ယခု ၁၂ နာရီထိုးခါနီးပြီဖြစ်၍ ပြင်ဆင်ရန်အတွက် အချိန်သုံးနာရီသာကျန်တော့ရာ သူ၏အချိန်ကို ချွေတာရပေမည်။

သူထွက်သွားပြီးနောက်တွင် ကျန်းဟန်သည် ဘာမှမလုပ်ဘဲ နှင်းဆီချုံများရှေ့တွင် ရပ်နေ၏။ သူသည် ဖုန်းကို ထုတ်ကာ အင်တာနက်တွင် ပန်းစီသည့်နည်းများကို ရှာဖွေခဲ့သည်။

ယေဘူယျအားဖြင့် ပန်းစည်းတစ်ခုတွင် ရောင်တစ်ရောင်သို့မဟုတ် နှစ်ရောင်သာ ရှိကြောင်း သူတွေ့ရှိခဲ့၏။ သာမန်အားဖြင့် ထူးထူးခြားခြား ကျွမ်းကျင်မှုရှိသော ပန်းအလှဆင်ဆရာများသာ အရောင်များစွာကို လိုအပ်ပေသည်။ ပန်းများစွာကို အတိအကျစီထားပါကလည်း

ပန်းတစ်ပွင့်၏အရောင်ကပင် ပန်းစည်း၏အသွင်ကို ရှုပ်ထွေးသွားစေနိုင်သည်။

"ရှုပ်ထွေးမှာလား"

ကျန်းဟန်က ရယ်မောကာ စတင်လုပ်ဆောင်လိုက်သည်။

သူသည် သူမအတွက် အထူးလက်ဆောင်တစ်ခု ယူသွားပေးချင်သည့်အတွက် အရောင်စုံရှိသည့် နှင်းဆီပန်းစည်းကို ဖန်တီးသည်က ပို၍ကောင်းပေသည်။

ထို့ကြောင့် ကျန်းဟန်သည် ခြေလှမ်းများကို စတင်လိုက်၏။ သူသည် ကတ်ကြေးကို ကောက်ယူကာ ပင်မပန်းပွင့်များနှင့် နှင်းဆီပန်းကိုးပွင့်ကို ပထမဆုံး ဖြတ်တောက်လိုက်၏။ နှင်းဆီပန်းများမှာ ဆူးများကို ညှပ်ထုတ်ပြီးနောက် ပထမဆုံးနှင်းဆီကို ကိုင်ထားရန် ညာလက်တွင် စိတ်ဝိညာဉ်စွမ်းအင်များကို ပို့ထားလိုက်၏။

နှင်းဆီပင်၏ပင်စည်သည် မြေပေါ်သို့ ထိုးကျသွားသည်။ ထိုသို့ပြင် ပင်မပန်းကို အလျားလိုက်ထည့်လိုက်၏။ ၎င်းက ပန်းစည်း၏ဗဟိုချက်ဖြစ်သည်။ ထိုနောက် ကျန်းဟန်သည် ပထမတစ်ပတ်ကို နှင်းဆီသုံးပွင့်ဖြင့် စီကာ နောက်တစ်ပတ်ကို ငါးပွင့်ထည့်လိုက်သည်။

အနီရောင်တောက်တောက် နှင်းဆီပန်း ကိုးပွင့်ကာ လူများ၏မျက်လုံးကို ဖမ်းစားနိုင်ပြီး စက်ဝိုင်းသေးပုံဏ္ဍာန် ဖွဲ့စည်းထား၏။

သို့သော် ဤသည်က အစသာရှိသေးလေသည်။

ကျန်းဟန်သည် တတိယအကွင်းကို ပန်းရောင်နှင်းဆီ၊ ပဥ္စမအကွင်းကို ရှန်ပိန်နှင်းဆီ၊ ဆဋ္ဌမတွင် အပြာရောင်နှင်းဆီ၊ သတ္တမတွင် ခရမ်းရောင်နှင်းဆီ၊ အဋ္ဌမတွင် နှင်းဆီအဖြူနှင့် နဝမတွင် နှင်းဆီအနက်တို့ကို ထည့်လိုက်သည်။

ပန်းပွင့်များမှာ ကောင်းစွာ စီရီထားပြီး ကျစ်ကျစ်လစ်လစ်ရှိသောကြောင့် ၎င်းတို့တစ်ခုချင်းစီသည် သူတို့၏ပုံသဏ္ဍာန်ကို ထိန်းသိမ်းထားနိုင်၏။

ပထမအဆင့်ပြီးနောက် ကျန်းဟန်သည် ဖဲကြိုးများကို ထုတ်ကာ နှင်းဆီခက်များကို တင်းတင်းကျပ်ကျပ် စည်းနှောင်၍ ပန်းစည်းအား ရောင်စုံစက္ကူများဖြင့် ရောင်စုံပန်းပွင့်များနှင့်အကိုင်းများကို မြင်သာစွာ ထုပ်ပိုးလိုက်သည်။

ထိုနောက် ရောင်စုံစက္ကူများကို ကပ်ရန် ဖဲကြိုးများကို သုံးလိုက်၏။ နောက်ဆုံးတွင် ကျန်းဟန်သည် ဓားတိုလေးတစ်ချောင်းကို ထုတ်ကာ ပင်စည်များကို တစ်ပြိုင်တည်း ဖြတ်တောက်လိုက်သည်။

အလွန်လှပသည့် ရောင်စုံပန်းစည်းကြီးမှာ ပြီးသွားခဲ့လေ၏။

ကျန်းဟန်သည် ပန်းမည်မျှသုံးခဲ့သည်ကို မသိတော့ချေ။ ရှစ်ဆယ်မှ တစ်ရာဝန်းကျင်ခန့်အထိ ဖြစ်နိုင်၏။ အတိအကျပြောရလျှင် သူ၏လက်ထဲတွင် ကိုင်ထားသည့်အခါ အလေးချိန်မှာ ဆယ်ဂျင်ထက် ပိုမှန်း သိလိုက်၏။

နှင်းဆီပန်းများကို ယန်မိုးကြိုးသစ်ပင်အောက်တွင် ထားလိုက်ပြီးနောက် ကျန်းဟန်သည် မုန့်မုန့်နှင့်အတူကစားရန် အိမ်မွေးတိရစ္ဆာန်ဧရိယာသို့သွားခိုက်သည်။

ရှုရုံသည်တော့ ဤအချိန်တွင် အလုပ်များနေခဲ့၏။

စားသောက်ဆိုင်သို့ သွားခဲ့သော်လည်း မီးဖိုချောင်တစ်ခုလုံး နှံ့အောင် လျှောက်သွားပြီးသည်ပင် ဟော့ပေါ့အိုးခွက်များ မတွေ့သဖြင့် ရှော့ပင်းမောလ်သို့သွားကာ အိုးနှစ်ခုပါသည့် အပူပေးမီးဖိုကို ဝယ်ယူခဲ့သည်။

အိုးနှစ်လုံးကို အပူအိုးနှစ်ခုဟုလည်း ခေါ်ကြသည်။ အိုးတစ်ခုစီတွင် အဖြူရောင်ဟင်းချို(အချို)နှင့် အနီရောင်ဟင်းချို(အစပ်)ပါရှိလေသည်။ ယေဘူယျအားဖြင့်

တစ်မျိုးမှာ အစပ်ဖြစ်ကာ နောက်တစ်မျိုးမှာ နေ့စဉ်ဘဝတွင် လုပ်စားလေ့ရှိကြသည့် ရိုးရိုးဖြစ်လေသည်။

သူသည် ၎င်းတို့အား စားသောက်ဆိုင်သို့ ပြန်ပို့သည့်အချိန်တွင် သားသတ်သမားများရောက်လာသည့်အတွက် ရှုရုံသည် သူတို့အား လဆန်းတောင်သို့ ခေါ်သွားခဲ့သည်။

သူသည် နွားတစ်ကောင်နှင့် သိုးတစ်ကောင်းအား ယူခဲ့လေသည်။

ဟင်းပွဲများတွင် အဓိကပါဝင်ပစ္စည်းများအနေဖြင့် အမဲသားသည် ပါဝင်နေကျမီနူးဖြစ်ကာ ဆိုင်များတွင် ဆွဲဆောင်မှုအကောင်းဆုံးဖြစ်လေသည်။

သားသတ်သမားများ သားသတ်ရုံသို့ ပြန်လာပြီး အူဂျီကင်သိုးများကို တွေ့သည့်အချိန်တွင် သူတို့ တည်ငြိမ်နေဆဲပင်။သို့သော် သူတို့သည် အမဲသားကို

တွေ့လိုက်ရသည့်အချိန်၌ သူတို့အားလုံး၏မျက်လုံးများ တစ်ချိန်တည်းမှာ ကျဉ်းမြောင်းသွားကြ၏။

"ဘုရားရေ ဒီအသားတွေက ကောင်းလိုက်တာ"

သို့သော်လည်း အသားများကို ကိုင်တွယ်ပြီးစီးသည့်အချိန်တွင် သူတို့ ပို၍ တုန်လှုပ်သွားကြ၏။

"အသားရဲ့အရည်အသွေးက ကိုဘေးအမဲသားနဲ့ အတူတူပဲဟ။ ဘုရားရေ"

အသက်လေးဆယ်ကျော်အရွယ် သားသတ်သမားသည် လုံးဝ အံ့ဩသွားလေသည်။

သူသည် အမဲသားအကြောင်းကို များစွာလေ့လာသိရှိခဲ့ပြီး ငယ်စဉ်က ကိုဘေးအမဲသားတစ်တုံးကို မြည်းစမ်းခွင့်ရခဲ့လေသည်။ ယေဘူယျအားဖြင့် မြင့်မားသည့်ဈေးနှုန်းရှိသော ကိုဘေးအမဲသားမှာ

အခြားအမဲသားများထက် ပို၍ အရသာရှိကာ လေလံဆွဲမှသာ ရရှိနိုင်ကြလေ၏။ သူမြည်းစမ်းဖူးသည့် အသားတစ်တုံးမှာ ပြိုင်ပွဲတစ်ခုတွင် ဆုအနေဖြင့် ရရှိခဲ့သည့် ကိုဘေးအမဲသားဖြစ်ကာ ၎င်းကို ဒေသခံသူဌေးတစ်ဦးက ယွမ် ၅ သိန်းဖြင့် ဝယ်ယူခဲ့၏။

ဤအချိန်တွင် ဤနွားနွား၏အသားအရည်အသွေးကို သိလိုက်ရသည့်အခါ သူ ပြောစရာစကား ရှာမတွေ့အောင် ဖြစ်သွား၏။

“ကျေးဇူးပြုပြီး မြန်မြန်လုပ်ပေးပါ။ ငါ့မှာ အချိန်မရှိတော့ဘူး အရေးကြီးလုပ်စရာရှိသေးတယ်”

လက်ပတ်နာရီကိုကြည့်ရင်း ရှုရုံက အမြန်လုပ်ရန် တိုက်တွန်းလိုက်သည်။

ထိုအခါမှသာ သူတို့သည် သတိပြန်ဝင်လာကြပြီး နွားနှင့်သိုးများကိုဆက်လက် ကိုင်တွယ်လေသည်။ ပုံမှန်အားဖြင့် ကိုဘေးအမဲသားကို သာမန်မွေးမြူရေးခြံမှ ၅အေ

မဲသား ၆ ကီလိုခန့်သာ ထုတ်ယူနိုင်သော်လည်း ရှုရှံက ၎င်းတို့အား အမဲသားအားလုံးကို အသားလိပ်အဖြစ်လုပ်ပေးရန် တောင်းဆိုခဲ့သည်။

နွားနှင့်သိုးများကို ကိုင်တွယ်ပြီးနောက် ရှုရှံသည် စားသောက်ဆိုင်သို့ ပြန်သွားလေ၏။ ဆိုင်ရှေ့တွင် လူဒါဇင်ပေါင်းများစွာ တန်းစီနေသည့်အတွက်ကြောင့် သူလန့်သွားသည်။

"ဘာလို့ လူတွေအများကြီး ရောက်နေတာလဲ" ရှုရှံ နှုတ်ခမ်းမှာ အနည်းငယ် မဲ့သွား၏။

ခဏလောက် စဉ်းစားပြီးနောက် သူ လျှောက်သွားလိုက်ကာ ပြောလိုက်၏။ "ဒီနေ့ နေ့လည်ခင်း ဆိုင်ပိတ်ပါတယ်။ ညနေမှ ပြန်လာကြပါ"

သူ၏စကားကို ကြားသည့်အခါ စားသောက်ဆိုင်၏အဖွဲ့ဝင်အချို့အပါအဝင် အချိန်အတန်ကြာ

စောင့်ဆိုင်းနေခဲ့ကြသည့်လူများမှာ စိတ်ပျက်လက်ပျက်ဖြင့် ပြန်သွားကြ၏။

သူတို့အားလုံး ပြန်သွားပြီးနောက် ရှုရုံက ဆိုင်ထဲသို့ ပစ္စည်းများကို သယ်လာကာ ရေခဲသေတ္တာထဲ ထည့်လိုက်၏။

နာရီကို ကြည့်လိုက်ရာ နေ့လည် ၁:၃၀ ရှိနေပြီဖြစ်သည်။ သူသည် တံငါသည်အချို့ကို ဖုန်းခေါ်ကာ လဆန်းတောင်ပေါ်သို့ လာရန် လမ်းညွှန်လိုက်သည်။ ရေကန်ထဲတွင် ပိုက်ကွန်ချပြီးနောက် ငါးအမြောက်အများမိခဲ့သော်လည်း ရှုရုံသည် ပုစွန်အချို့ကိုသာ ယူခဲ့လေသည်။ ထိုနောက် ဟင်းသီးဟင်းရွက်များကို ခူးယူကာ ပြန်လာခဲ့၏။

အချိန်ကြာလာသည်နှင့်အမျှ ပါဝင်ပစ္စည်းများအားလုံးကို နာရီအနည်းငယ်အတွင်း ပြင်ဆင်ရသည်မှာ စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း ရှုရုံ သဘောပေါက်လိုက်သည်။

နေ့လည် ၂:၃၀ မတိုင်မီတွင်။

ပေကျင်းမှ ဟောင်ကောင်သို့ လေယာဉ်ဆိုက်ရောက်လာခဲ့၏။

"သူဌေးကတော် ကျေးဇူးပြုပြီး..." ကျောက်ဖုန်းသည် လေယာဉ်ပေါ်မှ ဆင်းလာစဉ် အိမ်တော်ထိန်းကောင်းတစ်ယောက်ကဲ့သို့ ဇီယန်၏နောက်မှ လိုက်ပါလာခဲ့သည်။

လေယာဉ်ပေါ်မှ ဆင်းပြီးနောက် အားဟူနှင့် အခြားလူအချို့သည် ဇီယန်အား ကာကွယ်ပေးကာ လိုက်ပါလာခဲ့ပြီး မှုံ့ကြီးစီစဉ်ထားခဲ့သည့် ကားများရှိရာ လေဆိပ်ဂိတ်ပေါက်ဆီသို့ အမြန်ခေါ်သွားကြလေသည်။

သို့သော်လည်း သူတို့ လေဆိပ်မှ ထွက်လာချိန်တွင် ကားပါကင်ဘေး၌ လူများစွာ ဝိုင်းအုံကြည့်ရှုနေကြ၏။

ကောင်မလေးအချို့၏အော်သံကို ပင် ကြားနေရလေသည်။

“ဘုရားရေ လှလိုက်တာ။ အရောင်တွေကို စုံနေတာပဲ”

“ဒီနှင်းဆီပန်းတွေက အရမ်းလှတာပဲ။ အာ... ဘယ်မိန်းမလှလေးကများ ဒီကောင်ချောလေးဆီက ပန်းစည်းကို ရနိုင်မလဲ”

“တစ်ယောက်ယောက်ကသာ ငါ့ကို ဒီလောက်လှတဲ့ နှင်းဆီပန်းစည်းကိုပေးရင် ငါ...”

“...”

ဇီယန်နှင့် သူမ၏လူများ ရောက်ရှိလာသည့်အခါ ကျိုးဖေးသည် အသံများကို ကြားလိုက်ရ၏။ သူမ၏နှုတ်ခမ်းထောင့်များမှာ တွန့်ကွေးသွားပြီး ပြောလိုက်သည်။

“ဟမ့် အဲတော့ဘာဖြစ်လဲ။ အစ်မယန်ဆီဆို နေ့တိုင်း ပန်းစည်းတွေ လာပို့ပေးနေတာ အဲဒါတွေကို လက်မခံဘူး”

"တကယ်လား။ သူမကို ဘယ်သူက ပန်းတွေပို့ပေးတာလဲ" ကျောက်ဖုန်းက ကျိုးဖေးအား ကြည့်ကာ မေးသည်။

"လင်းကျဲ" ကျိုးဖေးက နှာခေါင်းရှုံ့ကာ ဖြေသည်။

"အိုး"

"ပန်းတွေက လှပါတယ်။ ဒါပေမယ့် အဲဒါက ဘာမှ အရေးမပါဘူး။ အဲဒါက..." ဇီယန်က ရှေ့သို့ လျှောက်လာရင်း ပြောလိုက်သည်။ ရှေ့သို့ ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက် ပန်းပွင့်များကို ကိုင်ဆောင်ထားသည့် တစ်စုံတစ်ယောက်အား တွေ့လိုက်ရလေ၏။ ထိုအခိုက်တွင် ဇီယန် ရုတ်တရက် စကားရပ်သွားလေသည်။

သူမ စကားရပ်သွားရုံသာမက ခြေလှမ်းများပင် ရပ်တန့်သွားသည်။ အကြောင်းမှာ ပန်းပွင့်များနှင့်တူ သူမအား စောင့်နေသည့်လူမှာ ကျန်းဟန် ဖြစ်နေသောကြောင့်ပင်။

"သူဌေး"

ကျောက်ဖုန်း သေချာကြည့်ရှုလိုက်ပြီးနောက် သူ၏မျက်လုံးများမှာ ချက်ချင်း ပျော်ရွှင်မှုဖြင့် ပြည့်သွား၏။

အားဟူနှင့် သူ၏လူများအားလုံး ပြုံးကာ ဇီယန်အား ကြည့်လိုက်ကြသည်။

"ဝိုး ဝိုး ဝိုး" ကျိုးဖေးသည် မျက်လုံးများ ပြူးကျယ်ကာဖြင့် အော်ဟစ်လိုက်၏။ "ဘုရားရေ အိုးမိုင်ဂေါ့တ် ငါဘာမြင်လိုက်ရတာလဲ။ နောက်ဆုံးတော့ ခဲအို သဘောပေါက်သွားပြီပေါ့ ဟားဟား..."

ကျိုဖေးသည် အော်ဟစ်လိုက်ပြီး ဇီယန်အား ရှေ့သို့ အမြန်တွန်းပို့လိုက်သည်။ "အစ်မယန် မြန်မြန်သွားလေ"

"အမ်"

ကျိုးဖေး သူမကို ခေါ်လိုက်သည့်အခါမှ ဇီယန်၏မျက်လုံးများတွင် သတိပြန်ဝင်လာ၏။ သူမသည် ကျန်းဟန်အား စိုက်ကြည့်နေရင်း အေးခဲသွားကာ

နွေးထွေးသည့်ခံစားချက်လေးတစ်ခုကသာ သူမ၏ခန္ဓာကိုယ်တွင် ဝန်းရံထားသည်ကို ခံစားလိုက်ရသည်။

အဲဒါကဘာလဲ။

သူမသည် စိတ်လှုပ်ရှားမှု၊ နွေးထွေးမှု၊ ပျော်ရွှင်မှုတို့ဖြင့် ဖော်ပြမရနိုင်သည့်ခံစားချက်များကို ရောနှောခံစားနေရသည်။

"မြန်မြန်သွားလေ အစ်မယန်" ကျိုးဖေးက သူမအား ထပ်မံတိုက်တွန်းလိုက်ပြန်၏။

"ငါ...ငါ..."

ဤအချိန်တွင် ဇီယန် ဘာပြောရမှန်းပင် မသိတော့ချေ။ ကျိုးဖေး၏အဆက်မပြတ် တိုက်တွန်းမှုအောက်တွင် သူမ ဖြည်းညှင်းစွာ လျှောက်လာလေသည်။

ယခုအချိန်တွင် သူမ၏မျက်လုံးများမှာ ကျန်းဟန်တွင်သာ ရှိနေတော့သည်။

ကျန်းဟန်လည်း သူမအား စိုက်ကြည့်နေ၏။ ထိုအချိန်၌ ဇီယန်သည် သူ့ဆီသို့ ဖြည်းဖြည်းချင်း လျှောက်လာသည်ကို ကြည့်ရင်း ကျန်းဟန်၏နှလုံးသားမှာ တဒိတ်ဒိတ်နှင့် လျင်မြန်စွာ ခုန်လာခဲ့သည်။

လူတိုင်း၏အကြည့်အောက်တွင် အကွာအဝေးမှာ တဖြည်းဖြည်း နီးကပ်လာခဲ့၏။

သူမ နီးကပ်လာသည်နှင့်အမျှ ကျန်းဟန်သည် ပန်းပွင့်များထက် အဆများစွာ ပို၍လှပသည့် နေကာမျက်မှန်အောက်တွင် ကွယ်ဝှက်ထားသည့် ဇီယန်၏ချစ်စဖွယ် မျက်ဝန်းများကို တွေ့လိုက်ရသည်။

“ပြန်လည်ကြိုဆိုပါတယ်”

ကျန်းဟန်က ပြုံးကာ နှင်းဆီပန်းများကို သူမအား ပေးလိုက်ရင်း တိုးတိုးလေးပြောသည်။ “ဒီပန်းတွေက မင်းအတွက် ကိုယ်ကိုယ်တိုင် စည်းပေးထားတာ”

ဒုတ် ဒုတ် ဒုတ်...

ကျန်းဟန်၏အပြုံး၊ သူ၏လက်ထဲမှ နှင်းဆီပန်းစည်းနှင့်သူ၏မျက်ဝန်းများကို ကြည့်လိုက်မိရာ ဤအခိုက်အတန့်တွင် ဧီယန်သည် ပျော်ရွှင်မှု၊ ကြည်နူးမှုနှင့် နှလုံးခုန်သံကိုသာ ခံစားနေရတော့သည်။

သူမ ဘာပြန်ပြောရမှန်းမသိသဖြင့် ပန်းများကို လက်ခံရန်ပင် မေ့လျော့နေခဲ့သည်။ သူမ လုံးဝ စိတ်နှင့်ကိုယ်နှင့် မကပ်တော့ချေ။

သူမ၏ရှေ့တွင် တည်ငြိမ်စွာရှိနေသည့် ဤလူကြီးသည် သူမ၏အိပ်မက်ထဲမှ စွဲဆောင်မှုရှိသည်မင်းသားလေးနှင့် ပို၍ပို၍ တူလာသည်ကို သူမ မသိမသာ ခံစားလိုက်ရ၏။

ဤအခိုက်အတန့်တွင် အချိန်မှာ အေးခဲရပ်တန့်သွားပုံရသည်။

ကျန်းဟန်သည် ပန်းများကို ကိုင်ထားပြီး ဓိယန်သည် သတိကင်းမဲ့စွာ သူ့အား စိုက်ကြည့်နေလေသည်။

ဤသည်က လူတိုင်းကို စိတ်လှုပ်ရှားသွားစေသည်။

ဒီမိန်းမလှလေးက နှင်းဆီပန်းစည်းကြီးကို လက်ခံမှာလား…။

"အဟမ်း အစ်မယန်က နှင်းဆီပန်းတွေကို မကြိုက်ဘူး။ နင် လူမှားပြီး ပေးနေမိပြီ။ ငါ့ကို ပေးလိုက်တော့။ အစ်မယန်က အဲဒါတွေကို မလိုချင်ဘူးရယ်"

ကျိုးဖေး၏အသံက ရုတ်တရက် ထွက်ပေါ်လာ၏။ သူမသည် ရှေ့သို့လျှောက်လာကာ လက်နှစ်ဖက်ကို ဆန့်၍ ပန်းစည်းကို မဆိုင်းမတွဖြင့် ယူတော့မည်ဖြစ်လေသည်။

သူမ၏အပြုအမူကို မြင်သည့်အခါ ဓိယန်၏နှလုံးမှာ တဖြည်းဖြည်း ခုန်ပေါက်သွားပြီး မျက်လုံးများ

ပြုံးကျယ်သွားလေသည်။ ထိုနောက်တွင် သူမ အလောတကြီး ပြောလိုက်လေ၏။

"ငါ အဲဒါကို ယူမှာ။ ဒါက ငါ့ဥစ္စာပဲ။ ငါ့ဟာတွေ။ မလိုချင်ဘူးလို့ ဘယ်သူက ပြောလို့လဲ"

ဇီယန်သည် ပြောနေရင်းဖြင့် ပန်းများကို အမြန်ဆွဲယူလိုက်၏။

သို့သော်လည်း နောက်အခိုက်အတန့်တွင် ဇီယန် တစ်ခုခု မှုမမှန်သလို ခံစားလိုက်ရသည်။ သူမသည် နေရာတွင်ပင် ပြုံးကာ ရပ်နေသည့် ကျိုးဖေးအား ကြည့်လိုက်ပြီးနောက် ချင်ချင်း မျက်နှာမှာ နီရဲလာလေတော့သည်။

...

-အပိုင်း(၂၄၂) ပြီး

wunzinnosp

## အပိုင်း(၂၄၂) ခရက်ရှ်(Crush)

ဇီယန်သည် လူမြင်ကွင်းတွင် ထိုသို့ပြုမူမိလိုက်သဖြင့် ကျိုးဖေးအား မျက်စောင်းထိုးလိုက်သည်။ ထိုနောက် ကျန်းဟန်အား ကြည့်ကာ သူမ၏တောက်ပသည့် မျက်လုံးဝိုင်းကြီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ရင်း နှုတ်ခမ်းများကို ဖွင့်ဟလိုက်၏။ သူမ ဖြည်းညှင်းစွာဖြင့်

"အရှုး ကျွန်မတို့ တစ်ချိန်လုံး ဒီမှာပဲ ရပ်နေတော့မှာလား"

"အာ....အရင်ဆုံးကားပေါ်တက်ရအောင်" ကျန်းဟန် ရယ်မောကာ ပန်ဒါကားဆီသို့ ဦးတည်သွားခဲ့၏။

ဇီယန်သည် ပန်းများကို ပွေ့ပိုက်ကာ ခေါင်းကို ငုံ့၍ နမ်းရှိုက်လိုက်ပြီး ချီးကျူးလိုက်သည်။

"အရမ်းမွှေးတာပဲ။ အရမ်းလှတယ် သဘောကျတယ်"

သူမပြောလိုက်သည့်စကားကြောင့် ဘေးနားရှိ ကျိုးဖေးမှာ နှုတ်ခမ်းစူသွားသည်။

သူမသည် အခြားသူများမှ ပန်းများပေးသည့်အချိန်တုန်းက ကြည့်ရှုမျှသာ ဖြစ်သော်လည်း ယခုတော့… သူမသည် လုံးဝ ပန်းချစ်သူတစ်ယောက်ဖြစ်နေလေတော့သည်။

တကယ်တမ်းတွင် သူမပြောခဲ့သည်မှာ ပန်းများမှာလှပသော်လည်း ၎င်းက အရေးမကြီးချေ။ တကယ်တမ်း အရေးကြီးသည်က မည်သူ ပို့ပေးသလဲဆိုသည့် အချက်ပင်။

"အစ်မယန်က ခဲအိုကို တကယ်သဘောကျတဲ့ပုံပဲ။ အဲဒါ အရမ်းကောင်းတယ်" ကျိုးဖေးသည် မျက်နှာထက်တွင် ပျော်ရွှင်သည့်အပြုံးဖြင့် ဇီယန်အား ကြည့်လိုက်ရင်း စိတ်ထဲတွင် ပြောလိုက်မိသည်။

တကယ်တမ်းတွင် ကျန်းဟန်သည် ဤမျှ ထူးချွန်လိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့ချေ။ အစပိုင်းတွင် သူမသည် ကျန်းဟန်၏နောက်ကွယ်တွင် မရေမတွက်နိုင်အောင် ကြိမ်းမောင်းနေခဲ့ပြီး သူ့အား

တစ်ချိန်လုံး လှောင်ပြောင်နေခဲ့သည်။ သို့သော် သူနှင့်ဆက်သွယ်ဆက်ဆံပြီးနောက်တွင် သူသည် အဝတ်လျှော်၊ ထမင်းချက်၊ ကလေးထိန်း၊ ပိုက်ဆံရှာပြီး အိမ်တွင်သာနေရသည်ကို နှစ်သက်သည့် လူတော်လူကောင်းပုံစံဖြစ်ကြောင်း သိလိုက်ရသည်။ (အဲဒါတွေက ဇာတ်လမ်းထဲမှာပဲ ရှိတာနော် အစ်မတို့။ အပြင်မှာ အဲ့လို အိမ်အလုပ်အစုံရပြီး အိမ်မှာပဲနေတတ်တဲ့သူက ခပ်ရှားရှားရယ် xd)

အရာအားလုံး ပြီးပြည့်စုံသည့်အရာဆိုသည်မှာ မရှိချေ။ မပြည့်စုံမှုဆိုသည်က ရှိစမြဲပင်။ အရာအားလုံးတော်နေသည့် ခဲအိုသည်လည်း အချစ်ရေးတွင် လိုအပ်ချက်ရှိနေသေးလေသည်။

ကျိုးဖေး စိတ်ထဲမှ သက်ပြင်းချလိုက်မိ၏။

ကျန်းဟန်ရှေ့တွင် ယခုလေးတင် ရပ်နေသည့် ဇီယန်အား နူးညံ့သိမ်မွေ့သည့် စကားလေးများပြောကာ ပွေ့ဖက်၍ ရနိုင်သည်ကို သူမ သိရှိလေ၏။

အဲ့လိုဆိုရင် သူ့အတွက် ပိုအဆင်မပြေဘူးလား။ အား... ငါ သူ့အစား ရင်လေးလိုက်တာ။

သို့သော် ကျန်းဟန်မှာ သူ၏ခံစားချက်များ တဖြည်းဖြည်း တိုးတက်လာနေသည်ကို ကျိုးဖေး မသိခဲ့ချေ။

ကားနားသို့ ရောက်သည့်အခါ ကျိုးဖေးက နောက်ခန်းတံခါးကို အရင်ဖွင့်လိုက်၏။

တံခါးဖွင့်လိုက်သည်နှင့် အထဲမှ မုန့်မုန့်၏ ကလေးဆန်သည့် အသံလေးကို ကြားလိုက်ရသည်။

“ကိုးဆယ့်ငါး၊ ကိုယ်းဆယ့်ခြောက်၊ ကိုးဆယ့်ခုနစ် တောင်ရှိပြီနေပြီ။ မေမေက ဘာလို့ ပြန်မလာသေးတာလဲ။ ဟမ့် ကိုးဆယ့်ရှစ်....”

ထိုအသံက ဇီယန်၏မျက်လုံးများကို ပန်းစည်းမှခွာသွားစေပြီး အထဲကို ကြည့်လိုက်စေသည်။ သူမ ရုတ်တရက် ကြို့ယိုးကားယားအခြေအနေကို ခံစားလိုက်ရသည်။

မုန့်မုန့်သည် နောက်ခုံဘယ်ဘက်ခြမ်းတွင် ထိုင်နေကာ သူမ၏ဖြူဖွေးနုပျိုသည့် လက်ကလေးနှစ်ဖက်ဖြင့် မျက်လုံးများကို ပိတ်ထားကာ နံပါတ်စဉ်ကို ရေတွက်နေသည်အား တွေ့လိုက်ရ၏။

"ရှင်က ကလေးကို တကယ်လှည့်စားနိုင်တာပဲ"

ဇီယန်သည် ကျန်းဟန်ဆီသို့ မျက်စောင်းထိုးလိုက်သည်။

"ကိုးဆယ့်ကိုး၊ တစ်ရာ ပြီးပြီ" ရေတွက်ပြီးနောက်တွင် မုန့်မုန့်သည် သူမ၏လက်ကလေးများကို ဖယ်လိုက်ပြီး ဇီယန်နှင့် အလွန်ဆင်တူသည့် သူမလေး၏မျက်လုံးဝိုင်းကြီးများကို ဖွင့်လိုက်ရင်း ဘေးဘီသို့ ကြည့်လိုက်ရာ အမှန်တကယ် ဇီယန်ရှိနေသည်ကို

တွေ့လိုက်လေသည်။ မင်းသမီးလေး၏မျက်လုံးများမှာ တောက်ပသွားလေသည်။

"အာ...မေမေ တကယ်ရောက်နေပြီ။ မေမေ မေမေ မုန့်မုန့်ကို ဖက်ထားပေး"

မုန့်မုန့်သည် နောက်ခုံမှ ထရပ်ကာ လက်နှစ်ဖက်ကို ဆန့်တန်း၍ ပွေ့ဖက်ရန် ဆိုလေသည်။

"ခဏလေး ခဏလေး" ဇီယန်သည် ဘေးတိုက်အမြန်ဝင်လိုက်ပြီး အလယ်ခုံတွင် ထိုင်လိုက်သည်။ သူမသည် ပန်းများကို ဂရုတစိုက်ဖြင့် နောက်သို့ချကာ မုန့်မုန့်အား ပြုံး၍ ပွေ့ဖက်လိုက်ပြီး မင်းသမီးလေး၏ ပန်းနုရောင် ပါးပြင်လေးကို နမ်းလိုက်သည်။

"မေမေ အရမ်းလွမ်းတယ်။ မေမေရော မုန့်မုန့်ကို လွမ်းလား"

"ဒါပေါ့ မေမေက နေ့တိုင်း မုန့်မုန့်ကို လွမ်းနေတာ" မုန့်မုန့်ကို သူမ၏ရင်ခွင်ထဲတွင် ပွေ့ဖက်ထားရင်း ဇီယန် အလွန်ပျော်ရွှင်ကျေနပ်နေ၏။ သူမက ပြုံး၍ ပြောလိုက်သည်။

"မေမေ့ကို အရမ်းလွမ်းနေတာလား"

"လွမ်းတယ် လွမ်းတယ် လွမ်းတယ်" မုန့်မုန့်သည် သူမ၏ပန်းရောင်နှုတ်ခမ်းလေးများကို တိုးကပ်လိုက်ပြီး ဇီယန်၏ပါးပြင်ကို နမ်းလိုက်သည်။

ကျန်းဟန်နှင့်အခြားသူများ ကားပေါ်တက်သွားပြီးနောက်တွင် ဘေးမှာ စောင့်ကြည့်နေခဲ့ကြသည့်လူများမှာ စိတ်ခံစားချက်များဖြင့် သက်ပြင်းချကြသည်။

"လူချောလေးနဲ့ မိန်းမလှလေး။ တကယ်ကို လိုက်ဖက်တဲ့စုံတွဲပဲ"

"မိန်းမလှလေးက ခန္ဓာကိုယ်အရမ်းလှပြီး ကောက်ကြောင်းလှတယ်။ သူမက အရမ်းပိန်တယ်ပုံရပေမယ့် ဘာလို့ ဒီလိုကြီးမားတဲ့ရင်ဘတ်ရှိနေရတာလဲ" အမျိုးသမီးတစ်ယောက်က မနာလိုစွာပြောသည်။

"အဲဒါက ဘာမှမဖြစ်ပါဘူး။ အရေးကြီးတာက သူမရဲ့မျက်နှာက အရမ်းလှပနေတာပဲ။ နေကာမျက်မှန်တပ်ထားတော့ သူမရဲ့မျက်လုံးတွေကို မမြင်ရတာ တကယ်ကို ဝမ်းနည်းစရာပဲ"

"အင်း...သူတို့က ယွမ် ၄ သောင်းလောက်ပဲ တန်တဲ့ ပန်ဒါကားကို ့စီးကြတယ်။ အဲတာက အရမ်းကောင်းတယ်မဟုတ်လား။ တစ်ခါတစ်လေမှာ ပိုက်ဆံအများကြီးရှိတိုင်း ပျော်ရွှင်တယ်လို့ မဆိုလိုဘူးလေ" ဘေးနားက အမျိုးသားတစ်ယောက်က ပြောသည်။

"တော်စမ်းပါ အဲ့အကြောင်း မပြောနဲ့တော့။ ရှင့်မျက်လုံးကို သေချာဖွင့်ပြီး ကောင်းကောင်းမြင်အောင် ကြည့်လိုက်ပါဦး။

အားလုံးပေါင်း မာစီးဒီး အက်စ် ဖ၀၀ အစီး ၂၀ တောင်ရှိတယ်”

သူ၏ရည်စားကောင်မလေးက နှာခေါင်းရှုံ့ကာ ပြောသည်။

“သူက သေချာပေါက် အရမ်းချမ်းသာတယ်ဆိုတာ အသိသာကြီး။ သူက ပန်ဒါကားကို စီးတာက အပျော်သဘောနဲ့ ဖြစ်မှာပဲ”

“ဒါက...” ထိုလူမှာ သေသေချာချာကြည့်လိုက်၏။

ပန်ဒါကားသည် မီတာအနည်းငယ်အကွာတွင် ဦးဆောင်လာပြီးနောက် နောက်ဘက်တွင် မာစီးဒီးကား ခုနစ်စီးသည် အရှိန်ပြင်းပြင်းမောင်းကာ ပန်ဒါကားကို ဖြတ်ကျော်သွား၍ ရှေ့မှာ ဦးဆောင်သည်အား တွေ့လိုက်ရသည်။

ကားခုနစ်စီး မောင်းထွက်သွားသည့်အခါ နောက်ထပ်ခြောက်စီးသည် နောက်ဘက်တွင် နေကာ၊ ဘယ်ဘက်တွင် သုံးစီးနှင့် ညာဘက်တွင် သုံးစီးရှိကာ ယွမ် ၄ သောင်းတန် ပန်ဒါကားကို အလယ်တွင် ဝန်းရံထားလေ၏။

အစောပိုင်းက ရောင်စုံပန်းစည်းနှင့် လူချောမှာ သူဌေးကြီးတစ်ယောက်ဖြစ်သည်ကို အရှုံးပင်ပြောနိုင်လေသည်။

"ကောင်းပြီ ငါပြောတာကို မေ့လိုက်ပါ" ထိုလူမှာ ကို့ယိုးကားယားခံစားလိုက်ရသည်။

စာရင်းပင် မသွင်းရသေးသည့် အသစ်စက်စက်မာစီးဒီးကားများကို ကြည့်လိုက်ရာ ထိုလူသည် ဟောင်ကောင်သို့ အပန်းဖြေခရီးထွက်လာသူ သို့မဟုတ် စီးပွားရေးတစ်ခု စတင်မည့် သူဌေးသားတစ်ယောက်ဖြစ်ရမည်ဟု သူတွေးလိုက်မိသည်။

လေ့ကျင့်မှုမတိုင်ခင်တွင် ကျောက်ဖုန်း ထိုကားများကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ကားတစ်စီးချင်းစီသည် ထိပ်တန်းအဆင့်ဖြစ်ပြီး ပြည်တွင်းအခွန်နှင့် အခြားငွေကြေးများကို ပေးဆောင်ပြီးနောက် ၎င်းမှာ ယွမ် ၃ သန်းကျော် တန်ကြေးရှိလေသည်။

စုစုပေါင်း ယွမ် ၆၂ သန်းကျော် တန်ကြေးရှိသည့် ကားအစီး ၂၀ သည် စရိတ်စကကြီးမားလေသည်။ ကျောက်ဖုန်းသည် အခြား လစ်မစ်တက်အက်ဒီးရှင်းကားများကို စိတ်ကြိုက်ပြင်ဆင်ရန်ပင် စီစဉ်ထားခဲ့ပြီး ယွမ် ၁.၃ ဘီလီယံအထိ တတ်နိုင်သည့်အတွက် သူသည် ယုံကြည်မှုအပြည့်ရှိ၏။ လွတ်လွတ်လပ်လပ် သုံးနိုင်လေသည်။ သို့သော် လက်ရှိတွင် သူ့၌ သူဌေးလင်း စရံငွေပေးထားသည့် ယွမ် သန်း ၂၀၀ သာရှိပြီး ကျန်သည့် ၁.၁ ဘီလီယံမှ စာချုပ်ပါ အချိန်အတိုင်း ပေးချေမည်ဖြစ်လေသည်။

ကျောက်ဖုန်းသည် ၎င်းတို့ကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ခဲ့ရုံသာမက ကုမ္ပဏီ၏လိပ်စာအတွက် ပြဿနာကို အရင်ဆုံးဖြေရှင်းရန် စီစဉ်ခဲ့သည်။

ရိုးရှင်းသည့် ကုမ္ပဏီအဆောက်အဦးတစ်ခုကို ရွေးချယ်ရသည်မှာ အလွန်လွယ်ကူသော်လည်း ဆရာဖြစ်သူက ဘားကိုလည်း အသုံးပြုနိုင်ရမည်ဟု ပြောခဲ့လေသည်။

ကျောက်ဖုန်းသည် ဘားမှာ ကျန်းလီအတွက် ပြင်ဆင်ထားခြင်း ဖြစ်ရမည်ဟု ခံစားမိသည့်အတွက် ကောင်းကောင်းရွေးချယ်နိုင်ရန် အချိန်ယူရလေသည်။

ထိုအချိန်တွင် ပန်ဒါကားထဲ၌ ခရီးသည်ခုံမှာ ထိုင်နေသည့် ကျိုးဖေးသည် ထိုကားများက သူတို့အား ဝန်းရံထားသည်ကို မြင်လိုက်ရသဖြင့် သက်ပြင်းချရင်း မေးလိုက်သည်။

"ဟေး ခဲအို ငါတစ်ခုလောက် မေးချင်လို့"

"အင်း"

"သူတို့က ဘယ်သူတွေလဲ" ကျိုးဖေးက မေးသည်။

"သူတို့က ကျောက်ဖုန်းရဲ့ အရင်ကုမ္ပဏီက ဝန်ထမ်းတွေ။ အခု လုံခြုံရေးကုမ္ပဏီတစ်ခု ဖွင့်ချင်လို့လေ" ကျန်းဟန်က ရိုးရိုးရှင်းရှင်း ပြန်ဖြေသည်။

"အဲဒါက မုန့်မုန့်ဟာ။ မုန့်မုန့်ရဲ့ ကိုယ်ရံတော်တွေ။ သူ့နာမည်က မုန့်မုန့်ပဲ" ဇီယန်၏ရင်ခွဲထဲတွင်

တွယ်ကပ်နေသည့် မင်းသမီးလေးမှာ ကလေးသံလေးဖြင့် ပြောလေသည်။

"သူ့နာမည်က မုန့်မုန့်ဆိုတာ ဘာအဓိပ္ပာယ်လဲ" ဇီယန်က ပြုံး၍ မေးသည်။

"ကုမ္ပဏီနာမည်က မုန့်မုန့်လုံခြုံရေးကုမ္ပဏီပါ" ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဟမ်"

ဇီယန် အနည်းငယ် အံ့အားသင့်သွား၏။ သူမ ကျန်းဟန်အား စိုက်ကြည့်ကာ သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ဒီကုမ္ပဏီက ရှင့်ဟာလား"

"ဆိုပါတော့"

"မဟုတ်သေးပါဘူး။ ဒါဆို ဒီလောက်ပိုက်ဆံတွေ အများကြီး ရှင် ဘယ်ကရတာလဲ" ဇီယန် သံသယဖြင့် ပြောသည်။

ကျန်းဟန်သည် လွန်ခဲ့သည့်အချိန် ဟောင်ကောင်ကို ရောက်လာစဉ်က တောင်ငှားရန်ပင် မတတ်နိုင်သည့်အတွက် သူ၏အိမ်ကို ရောင်းခဲ့ရလေသည်။ ယခုတွင်မူ… ထိုကားများကို ကြည့်ရင်း ၎င်းတို့သည် သန်း ၅၀ ကျော် တန်ဖိုးရှိကြောင်း ဇီယန် သိလေသည်။ သူ ပိုက်ဆံများကို မည်သည့်နေရာက ရခဲ့သနည်း။

"မင်း ပိုက်ဆံရှာချင်တာဆိုရင် ပြန်လာခဲ့ဖို့ ကိုယ်ပြောသားပဲ မဟုတ်လား။ ကိုယ်ရှိနေတဲ့အတွက် ဒီကိစ္စကို မင်း တွေးနေဖို့ မလိုတော့ဘူး" ကျန်းဟန်က နောက်ကြည့်မှန်မှတဆင့် ဇီယန်ကို စိုက်ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။

"မရဘူး။ အဲဒါက ကျွန်မရဲ့ အိပ်မက်ပဲ ဟွန့်" ဇီယန်၏နှုတ်ခမ်းများမှာ အနည်းငယ် တွန့်ကွေးသွားပြီး ဟွန့်ကနဲ လုပ်လိုက်သည်။

စကားပြောနေရင်းဖြင့် ဇီယန်၏မျက်လုံးလှလှလေးများက ညာဘက်ခြမ်းရှိ ပန်းစည်းကို တစ်ဖန်ပြန်၍ စိုက်ကြည့်ရင်း သူမ၏မျက်ဝန်းထဲတွင် ချိုမြိန်သည့် အပြုံးတစ်ခု ပေါ်လာသည်။

အဲဒီ နံ့စော်နေတဲ့သစ်သားတုံးကြီးက နည်းနည်းလေး ရှိမန်တစ်ဆန်ဖို့ သိသေးတာပဲ။

“ဒါဆို ပြဿနာတစ်ခုကို စဉ်းစားပြီးပြီလား ခဲအို” ကျိုးဖေးက ပြောသည်။

“ဘာပြဿနာလဲ” ကျန်းဟန်က ထူးဆန်းစွာ ပြောသည်။

“နင်ကြည့်လေ။ သက်တော်စောင့်တွေက မာစီးဒီး အက်စ် ၆၀၀ မောင်းတယ်။ ပြီးတော့ အစ်မယန်ရဲ့ကားကလည်း မာစီးဒီး အက်စ် ၆၀၀ ပဲ။ ဒါက...ထူးဆန်းမနေဘူးလား” ကျိုးဖေးက ပါးနပ်စွာ ပြောသည်။

“ဒါဆို ကားပြောင်းလိုက်လေ”

"အိုး ပြောတာတော့ လွယ်ပါတယ်..." ကျိုးဖေးက သူ့အား တစ်စုံတစ်ရာ သတိပေးသလိုလို ပြောလေသည်။

"ဟားဟား..." ကျန်းဟန်သည် ကျိုးဖေး၏ ထူးဆန်းသည့် ပုံစံကြောင့် သဘောကျသွားသည်။ "မင်းကြိုက်တဲ့ကားကို လဲလိုက်လို့ရတယ်။ ကျောက်ဖုန်းကို ပြောလိုက် သူ မင်းကို ဝယ်ပေးလိမ့်မယ်"

"ဘာကို ပြောင်းရမလဲ။ ကားကောင်းကောင်းတစ်စီးပြောင်းဖို့ ဘယ်လောက် ကျ မလဲ" ကျိုးဖေးက ကျန်းဟန်၏အမူအရာအား ကြည့်ကာ ပြောသည်။

သူမ၏အကြည့်အောက်တွင် ကျန်းဟန်က ခေါင်းကို ညင်သာစွာ ယမ်းလိုက်ပြီး ပြောသည်။ "မင်းဝယ်တဲ့ကားကို ဝယ်လို့ရတယ်။ ဘယ်လောက်ကျတယ်ဆိုတာ အရေးမကြီးပါဘူး"

"ဝိုး တကယ့်တိုင်ကွန်းပဲ။ ခဲအို နင့်မှာ ပိုက်ဆံဘယ်လောက်ရှိလဲ" ကျိုးဖေးမှာ စိတ်လှုပ်ရှားစွာ ပြောသည်။

"ကျိုးဖေး"

ဤအချိန်တွင် ဇီယန်၏ အပြစ်တင်သည့် အသံက ထွက်ပေါ်လာသည်။

"အာ...ငါက နောက်တာပါ" ကျိုးဖေးက ပြုံးကာ ပြန်ပြောလိုက်သည်။

သူမသည် ထိုအကြောင်းကို စကားအဖြစ်သာ ပြောနေခြင်းဖြစ်သည်။ အကြောင်းမှာ အစ်မယန်သည် အချို့သော ကိစ္စများတွင် အလွန်ခေါင်းမာကြောင်း သူမ သိလေ၏။ သူမနှင့် ကျန်းဟန်သာ တရားဝင်မပေါင်းဖက်ရသေးပါက ထိုလက်ဆောင်ကို သူမ လက်ခံမည်မဟုတ်သည်မှာ အသေအချာပင်။

ခဲအိုက ခဲအိုအစစ်ဖြစ်လာဖို့ သိပ်မလိုတော့ပါဘူး။

ကျိုးဖေး တွေးလိုက်သည်။

သူမနှင့် ဇီယန်မှာ နှစ်အတန်ကြာ သိကျွမ်းလာခဲ့ပြီး အစ်မယန်နှင့် ကျန်းဟန်တို့သည် အတူတူရှိနိုင်ရန် နည်းစပ်လာကြောင်း ဇီယန်၏ခံစားချက်အမူအရာများနှင့် စကားလုံးများမှ ခံစားနိုင်လေသည်။ သူမတို့အကြားတွင် အလွှာပါးလေးတစ်ခုသာ ရှိတော့ပေသည်။

ခဲအိုသာ အရှိန်အဟုန်ဖြင့် ဆက်တိုက်လှုပ်ရှားနေပါက သူသည် ကြီးမြတ်လှသည့် မိန်းမလှလေးကို အနိုင်ရရှိမည်မှာ သေချာပေသည်။ မဟုတ်သေးချေ။ ကလေးမေမေကို အနိုင်ရရှိမည်မှာ သေချာပေသည်။

ဇီယန်သည် စကားပြောပြီးနောက် သူမ၏မျက်လုံးများက ဘေးနားရှိ ပန်းစည်ကို အမှတ်တမဲ့ စိုက်ကြည့်လိုက်ရင်း မနေနိုင်ဘဲ မေးလိုက်သည်။

"ပန်းတွေက အရမ်းလှတာပဲ။ ကျန်းဟန် ရှင်ဘယ်လို စည်းထားတာလဲ။ အရမ်းသပ်ရပ်ပြီး အရောင်တွေအများကြီးနဲ့ အရမ်းလှတယ်"

"ကိုယ်..." ကျန်းဟန်က ပြုံးကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ကိုယ့်နှလုံးသားနဲ့ စည်းထားတာ"

"ဖူး..." ကျိုးဖေးမှာ အိုဗာဖြစ်သည့် မျက်နှာဖြင့် စနောက်လေသည်။ "အိုး...ငါ့တစ်ကိုယ်လုံး ကျက်သီးတွေ ထနေပြီ။ ငါ သည်းမခံနိုင်တော့ဘူး"

"ဟွန့် တော်တော်စကားတတ်" ဇီယန်သည် ကျန်းဟန်အား မျက်စောင်းထိုးလိုက်၏။ သူမ၏မျက်ဝန်းထဲတွင် ချိုမြိန်မှု ပျော်ရွှင်မှုများ ရှိနေလေသည်။

"အမ်ဟမ့် ဖေဖေ အရမ်းစကားတတ်တာပဲ ဟွန့်" မုန့်မုန့်သည် မေမေ၏လေသံအတိုင်း လိုက်ကာ လက်ကလေးကို ဆန့်၍ ကျန်းဟန်အား ညွှန်ပြရင်း ကလေးသံလေးဖြင့် ပြောလိုက်၏။

"ခစ်ခစ်..." ဇီယန်သည် မုန့်မုန့်၏ ချစ်စရာအမူအရာလေးကြောင့် သဘောကျသွားသည်။

ယေဘူယျအားဖြင့် ဇီယန်သည် ပြုံးရုံသာ ပြုံးလေ့ရှိပြီး ဆဲလည်းသံလေးများကဲ့သို့ သာယာသည့် ရယ်သံလွင်လွင်လေးများမှာ သူ့မထံမှ ကြားရခဲ၏။

၎င်းကို မြင်သည့်အခါ ကျန်းဟန်လည်း ရယ်မောလိုက်သည်။

ဇီယန်သည် စိတ်ရာကိုယ်ပါ သက်သောင့်သက်သာအရှိဆုံးအချိန်ဖြစ်သည်ကို သူ ခံစားလိုက်မိသည်။

ကျန်းဟန်သည် နောက်ကြည့်မှန်မှတဆင့် ဇီယန်အား စိုက်ကြည့်နေသည်။ ဤအချိန်တွင် သူ အနည်းငယ် တုန်လှုပ်သွားပြီး သူ၏နှလုံးသားက တစ်စုံတစ်ရာကြောင့် လှုပ်ခါသွားသည်ကို ခံစားလိုက်ရသည်။

ဇီယန်သည်လည်း နောက်ကြည့်မှန်အား အမှတ်တမဲ့ ကြည့်လိုက်မိသည်။ ကျန်းဟန်၏မျက်လုံးများနှင့် ဆုံတွေ့သွားပြီးနောက် တစ်ယောက်နှင့်တစ်ယောက် အကြိမ်အနည်းငယ် စိုက်ကြည့်နေမိသည်။

ဒုတ် ဒုတ် ဒုတ် ဒုတ်....

ဇီယန်သည် ရုတ်တရက် နှလုံးခုန်မြန်လာသည်အား ခံစားလိုက်ရသည်။ သူမ၏မျက်နှာမှာ နီရဲလာပြီး သူမ၏မျက်ဝန်းလှလှလေးများက ထူးခြားသည့်အငွေ့အသက်များဖြင့် ပြည့်နေလေသည်။

"အရူး ကားကို ဂရုစိုက်မောင်း"

"ဖေဖေက အရူးမဟုတ်ဘူး။ ဖေဖေက အချောဆုံးဖေဖေပဲ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြန်ပြောသည်။

ထိုစကားကြောင့် ကျန်းဟန် ခေါင်းယမ်းကာ ပြုံးနေခဲ့၏။

မိနစ်လေးဆယ်ခန့် မောင်းပြီးနောက်တွင် ယာဉ်တန်းသည် စားသောက်ဆိုင်ရှေ့သို့ ပြန်ရောက်လာခဲ့သည်။

ထိုအချိန်တွင် ဆိုင်ရှေ့ကားပါကင်နေရာ၌ Posche Cayenne မှ မီးအနည်းငယ် ပွင့်လာသည်။

ဝမ်ကျားဝမ်၊ စုယွီနှင့် ဝမ်ရီဟာန်သည်တို့သည် အကူအညီမဲ့သည့် မျက်နှာဖြင့် ဆိုင်မှ ထွက်လာပြီး ပြန်ထွက်ရန် အဆင်သင့်ဖြစ်သည့်အချိန်၌ ရှေ့မှ လာနေသည့် ကားများ၏အလယ်ရှိ ပန်ဒါကားလေးကို တွေ့လိုက်ရသည်။ အထင်ကြီးလောက်စရာ မြင်ကွင်းကြောင့် သူတို့ ချက်ချင်း အေးခဲသွားခဲ့သည်။

...

-အပိုင်း(၂၄၂) ပြီး

wunzinnosp

## အပိုင်း(၂၄၃) ဟော့ပေါ့စားပွဲ

"ဘာဖြစ်နေတာလဲ"

ဝမ်ကျားဝမ်၏ခေါင်းမှာ အနည်းငယ်မှုံးနောက်သွားသည်။

အလယ်ရှိ ကားမှာ စားသောက်ဆိုင်မှ မစ္စတာကျန်း၏ကားပင်။ ဝမ်ကျားဝမ်သည် ကျန်းဟန်အား ငွေကြေးအနည်းငယ်သာရှိကာ သိပ်ပြီး ချမ်းသာသူမဟုတ်ဟု တွေးထင်ခဲ့သည်။ သူသည် အလွန်လေးလေးစားစားဖြစ်ခဲ့ရသော်လည်း အကြောင်းအရင်းမှာ ကျန်းဟန် ပြင်ဆင်ချက်ပြုတ်ထားသည့် အစားအသောက်များ အလွန်အရသာရှိသောကြောင့်ပင်။

ယခုတွင်တော့...။

ဝမ်ကျားဝမ်၏မျက်လုံးများတွင် ထင်ပေါ်နေသည်မှာ အစောင့်အကြပ် ကားအစီး ၂၀ ဖြစ်လေသည်။ တစ်စီးစီသည်

အသစ်စက်စက် မာစီးဒီး အက်စ် ၆၀၀ ဖြစ်လေသည်။ လာနောက်နေတာလား။

"သူက ဘယ်သူများလဲ"

ဝမ်ကျားဝမ်၏အမူအရာမှာ တောင့်တင်းသွား၏။ ရုတ်တရက် မြင်လိုက်ရသည့် မြင်ကွင်းက သူ့အား လုံးဝ အံ့အားသင့်သွားစေခဲ့သည်။

အနည်းဆုံး ယွမ် သန်း ၅၀ တန်သည့် မာစီးဒီး အစီးနှစ်ဆယ်ပင်။ ပြောနေစရာပင်မလိုအောင် ဝမ်ကျားဝမ်မှာ မာစီးဒီးကားများပေါ်မှ ဆင်းလာသည့် လူများကို တွေ့လိုက်ရသည့်အခါ သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

လခွမ်း သက်တော်စောင့်တွေက ငါ့အကျီ်ထက်တောင် ဈေးကြီးတဲ့ ဝတ်စုံတွေ ဝတ်ထားတာလား။

"ဒါ…" စုယွီ၏မျက်နှာမှာလည်း အနည်းငယ် ထိန်လန့်သွားကာ သူမ တိုးတိုးလေး ပြောလိုက်သည်။ "မစ္စတာကျန်းက တကယ်ကို မရိုးရှင်းဘူး"

သူတို့၏အကြည့်အောက်တွင် ပန်ဒါကားသည် ဖြည်းညှင်းစွာ ဝင်ရောက်လာပြီး ညာဘက်ရှိ ကားပါကင်နေရာတွင် ရပ်လိုက်သည်။ ကျောက်ဖုန်းက အားဟူနှင့် အခြားသူများကို လေ့ကျင့်မှုဆက်လုပ်ရန်အတွက် ကမ်းခြေသို့ ပြန်လွှတ်လိုက်သည်။

ကုမ္ပဏီ၏တည်နေရာအား ပြင်ဆင်မပြီးမချင်း ကားများကို ဖုန်းမင်ကလပ်တွင် ယာယီ ထားခဲ့ရသည်။

ကျောက်ဖုန်း ပြောပြီးသည်နှင့် ပန်ဒါကားထဲမှ ကျန်းဟန် အရင်ဆုံးထွက်လာပြီးနောက် နောက်ခုံသို့သွားကာ မုန့်မုံ့အား ပွေ့ချီလိုက်သည်။ တံခါး၏တစ်ဖက်တွင် ပန်းများကို ပွေ့ထားသည့် ဇီယန်နှင့် ကျိုးဖေးတို့ ဆင်းလာကြသည်။

"မုန့်မုန့် မုန့်မုန့်ရေ မုန့်မုန့်" မုန့်မုန့်ကို မြင်လိုက်ရပြီးနောက် ဝမ်ရီဟန်က အမြန်အော်ဟစ်ကာ ပြေးလွှားသွားလေသည်။

"ကလေးမလေးတောင် ရောက်နေပြီ" ကျန်းဟန် ပြုံးလိုက်သည်။

"ရီဟန်" မုန့်မုန့်မှာ အံ့သြစွာဖြင့် အော်လိုက်သည်။ မင်းသမီးလေးမှာ ဖေဖေ၏ လက်မောင်းထက်တွင် လှုပ်ရှားနေသည့်အတွက် ကျန်းဟန်သည် သူမလေး မတောင်းဆိုမီ အောက်သို့ ချပေးလိုက်၏။

မုန့်မုန့် ပြေးထွက်သွားကာ ဝမ်ရီဟန်နှင့်အတူ လှည့်ပတ်ကစားနေတော့သည်။

ဇီယန် သူတို့ကို ကြည့်ကာ အနည်းငယ် အံ့အားသင့်သွား၏။ သူမသည် ဝမ်ရီဟန်အား သေသေချာချာကြည့်လိုက်ပြီးနောက် ထိုဝဝကစ်ကစ်ကလေးမလေးမှာ မုန့်မုန့် ဖုန်းထဲတွင်

ခဏခဏပြောနေသည့် သူငယ်ချင်းအသစ်ဖြစ်ကြောင်း သိလိုက်သည်။

“မစ္စတာကျန်း”

ဝမ်ကျားဝမ်က တုံ့ပြန်လိုက်ပြီး ဈေးဝယ်အိတ်ကို ဘယ်လက်ထဲတွင် ကိုင်လာကာ လျှောက်လာရင်း ညာလက်ကို ဆန့်တန်း၍ နှုတ်ဆက်လိုက်သည်။

“ငါတို့လည်း အခုပဲရောက်တာ။ မစ္စတာကျန်း မရှိတော့ ငါတို့ပြန်တော့မလို့။ တိုက်တိုက်ဆိုင်ဆိုင်ပဲ။ နောက်ဆုံးတစ်ခေါက်တုံးက မစ္စတာကျန်းနဲ့အတူသောက်မယ်လို့ ပြောထားတော့ ငါ ဒီမှာ ဝိုင်ယူလာခဲ့တာ။ ဒီနေ့ အချိန်လည်း ရှိတယ်ဆိုတော့လေ”

“ကောင်းပြီ” ကျန်းဟန်က တည်ငြိမ်စွာဖြင့် ပြုံးကာ ခေါင်းညိတ်သည်။

“အာ…လှလိုက်တဲ့ နှင်းဆီပန်းတွေ” စုယွီသည် ဇီယန်၏လက်ထဲမှ နှင်းဆီပန်းများကို တစ်ချက်ကြည့်လိုက်ပြီး ဇီယန်အား ကြည့်ကာ “မင်းက မုန့်မုန့်ရဲ့အမေဖြစ်မယ်။ ပန်းတွေက အရမ်းလှတယ်။ အမ်…မင်းရဲ့အသားအရေက အရမ်းကောင်းတာပဲ”

“ကျေးဇူးပါ” ဇီယန်က နူးညံ့စွာ ခေါင်းညိတ်ကာ ပြန်ဖြေသည်။

“ကျားဝမ် မစ္စတာကျန်းကိုကြည့် ဘယ်လောက် ရိုမန်တစ်ဆန်လိုက်လဲ။ သူက မစ္စကျန်းအတွက် နှင်းဆီပန်းတွေပေးတယ်” စုယွီက ဝမ်ကျားဝမ်ကို မျက်စောင်းထိုးကာ ပြောလိုက်သည်။

“ဟုတ်တယ် ဒီအပိုင်းမှာ ငါ မစ္စတာကျန်းဆီက သင်ယူရမယ်” ဝမ်ကျန်းဝမ်သည် ရှက်ရွံ့မှုအနည်းငယ်ပင် မခံစားရဘဲ ပြုံးကာ ပြန်ပြောသည်။

"အထဲဝင်ရအောင်" ကျန်းဟန်က ပြောပြီး စားသောက်ဆိုင်ထဲသို့ လျှောက်သွား၏။

ဇီယန်သည် ပန်းများကိုကိုင်ကာ ဆိုဖာရှေ့ဘက်တွင် လက်ဖက်ရည်စားပွဲဆီသို့ လျှောက်သွားကာ ဂရုတစိုက်ဖြင့် ချထားလိုက်သည်။ ကျောက်ဖုန်း၏စီစဉ်ပေးမှုအောက်တွင် အားလုံး ထမင်းစားခန်း၏ စားပွဲဝိုင်း၌ ထိုင်လိုက်ကြသည်။

ကျောက်ဖုန်းပြန်လာပြီးနောက် သူသည် လွန်ခဲ့သည့် နှစ်ရက်တာ လေ့ကျင့်မှုအကြောင်း ရိုးရိုးရှင်းရှင်းလာပြောသည့် ရှုရုံနှင့် တွေ့ဆုံခဲ့သည်။ ကျောက်ဖုန်း ခေါင်းညိတ်ပြပြီးနောက် ထထွက်သွားလေသည်။

နွားတစ်ကောင်နှင့် သိုးတစ်ကောင်မှာ ဟော့ပေါ့လုပ်ရန် မလုံလောက်ချေ။ အခြားလိုအပ်သည့် ပါဝင်ပစ္စည်းများကို ဘေးဆိုင်မှ စီစဉ်ပေးခဲ့ပြီး သူ၏ညီအစ်ကိုများအား ကမ်းခြေသို့ပြန်ခေါ်သွားရန် စီစဉ်ခဲ့သည်။

ရှုရုံထွက်သွားပြီးနောက် ကျောက်ဖုန်းသည် ဟော့ပေါ့စားပွဲတွက် ပြင်ဆင်ပြီးနေပြီဖြစ်၏။

ထိုအချိန်တွင် ထမင်းစားပွဲပေါ်၌ နံပါတ်ပိုကြီးသည့် ဟော့ပေါ့ဟင်းရည်အိုးကို ချက်ပြုတ်ပြီးပြီဖြစ်၍ ဟင်းပွဲများအားလုံးကို နေရာချထားလိုက်သည်။

အမဲသား၊ သိုးသား၊ သိုးသားလိပ်၊ အမဲသားလိပ်၊ အရွတ်၊ လတ်ဆတ်သည့် ပုစွန်များ၊ တရုတ်ဂေါ်ဖီ၊ ဟင်းနုနယ်၊ ဆလပ်ရွက်၊ အပ်မှို၊ အစရှိသဖြင့်ပင်။

စားပွဲပေါ်မှ စားစရာများကို ကြည့်ရင်း ဇီယန် နှုတ်ခမ်းကို ဖိကပ်ထားရင်း သူမ၏စိတ်ထဲ၌ ရင်ခုန်သလိုလို ခံစားနေရသည်။

နောက်ဆုံးတွင် သစ်သားတုံးကြီးက သူမ စားချင်နေသည့် အရသာရှိသည့် ဟော့ပေါ့ကို သူမအတွက် အထူးပြင်ဆင်ပေးထားသည့်အတွက်ကြောင့်ပင်။

ဟွန့် နံစော်နေတဲ့ သစ်သားတုံးအရှုး။

ဇီယန်နှင့် ကျိုးဖေးတို့မှာ မနက်စာ မစားရသေးသည့်အတွက် KFC တွင် တစ်ယောက်ယောက်အား ကြက်ကြော် သွားဝယ်ခိုင်းပြီး ကြက်တောင်ပံ တစ်ချောင်းသာ စားခဲ့သည်။

“ဟားဟား…ဟော့ပေါ့ဟင်းချိုက ဆူနေပြီ။ ဘာကို စောင့်နေကြသေးတာလဲ။ စားမယ်လေ။ ငါဗိုက်ဆာနေပြီ” ကျိုးဖေးက ပေါ့ပေါ့ပါးပါး ပြောလိုက်၏။

ထိုအချိန်တွင် ကျောက်ဖုန်းသည် ဝမ်ကျားဝမ် ယူလာခဲ့သည် ၁၉၈၂ ခုနှစ်ထုတ် လက်ဖ်ဖိုက် ပုလင်းကို ဝိုင်နီဖန်ခွက်လေးများထဲသို့ လူတိုင်းအတွက် ငှဲ့ထည့်ပေးလိုက်သည်။

သောက်စရာများကို ထည့်ပေးပြီးနောက် ကျောက်ဖုန်းသည် အိမ်တော်ထိန်းတစ်ယောက်ကဲ့သို့ ဘေးတွင် ရပ်နေခဲ့၏။

"ဘာလို့ ထိုင်မစားတာလဲ" ဇီယန်က သူ့အား ထူးဆန်းစွာ ကြည့်ကာ ပြောလိုက်သည်။

ကျောက်ဖုန်းက ပြုံး၍ ခေါင်းယမ်းလိုက်သည်။ "ကျွန်တော် မစားတော့ပါဘူး"

ထိုအပြုအမူကြောင့် ဝမ်ကျားဝမ်နှင့် စုယွီမှာ စားသောက်ဆိုင်တွင် ကျောက်ဖုန်းက မည်သည့် နေရာမှ ပါဝင်သည်ကို အနည်းငယ် သိချင်လာ၏။

"ထိုင်ပါ" ကျန်းဟန်က သူ့အား ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။ "ငါပြောထားတယ်မဟုတ်လား။ ဒီမှာ စည်းမျဉ်းတွေ အများကြီး မရှိပါဘူးလို့"

"ဟုတ်ကဲ့" ကျောက်ဖုန်း အနည်းငယ် အံ့အားသင့်သွားသည်။ သူသည် မူမနေတော့ဘဲ တစ်ဖက်တွင် ဝင်ထိုင်လိုက်၏။

သူ၏စိတ်ထဲတွင် နွေးထွေးမှုတစ်ခု စီးဝင်လာလေသည်။ ပို၍ များများ ထိတွေ့ဆက်ဆံလေလေ ကျွန်းဟန်က သူ့အား ဆရာတစ်ယောက်အနေဖြင့် တင်းတင်းကြပ်ကြပ် ဆက်ဆံခြင်းမရှိဘဲ အစ်ကိုဖြစ်သူက ညီငယ်အပေါ် ဆက်ဆံသကဲ့သို့ ဆက်ဆံသည်ကို ပို၍ သိလာလေသည်။ ဆရာဖြစ်သူက သူ၏အသက်ကို ကယ်တင်ပေးကာ ပညာသင်ကြားပေးခဲ့သည်။ ဆရာ၏ကျေးဇူးအား ဆပ်ရန်အတွက် တစ်ခုတည်းသော အရာမှာ သစ္စာစောင့်သိကာ သူ၏နောက်သို့ တစ်သက်လုံး လိုက်နေရန်သာ ရှိပေသည်။

ကျောက်ဖုန်း ထိုင်လိုက်ပြီးနောက် ဝမ်ကျားဝမ်သည် ဖန်ခွက်ကို အမြန်ကောက်ကိုင်လိုက်ကာ စိတ်အားထက်သန်စွာ ပြောသည်။

"ညှော်ဝတ်ကျေပွန်မှုအတွက် ကျေးဇူးပါ မစ္စတာကျန်း။ အာ...မစ္စကျန်းနဲ့ ဒီဘက်က မိန်းကလေး ကျွန်တော့်နာမည်က

ဝမ်ကျားဝမ်ပါ။ ဒါက ကျွန်တော့် ဇနီး စုယွီ၊ ဟိုဘက်က ကျွန်တော့်သမီး ဝမ်ရီဟာန်ပါ”

ဝမ်ကျားဝမ်သည် ဇီယန်နှင့် ကျိုးဖေးအား အတိုချုံးကာ မိတ်ဆက်လေသည်။

ထိုအချိန်တွင် ဇီယန်သည် ဖန်ခွက်ကို ကိုင်လိုက်ပြီးနောက် အနည်းငယ် တုံ့ဆိုင်းနေကာ နေကာမျက်မှန်အား ချွတ်လိုက်၏။

စုယွီနှင့် ဝမ်ကျားဝမ်သည် ဇီယန်၏အသွင်ပြင်ကို သေချာ မြင်လိုက်ရပြီးနောက် အံ့သြသွားကာ တစ်ခုခုအား စဉ်းစားနေဟန်ရသော်လည်း မရေမရာဖြစ်နေသည်။

သူတို့၏မျက်လုံးများအောက်တွင် ဇီယန်က အနည်းငယ်ပြုံး၍ ပြောလိုက်သည်။ “မင်္ဂလာပါ ကျွန်မက ဇီယန်ပါ”

“ကျွန်မက ကျိုးဖေး” ကျိုးဖေးကလည်း တုံ့ပြန်သည်။

ထိုနောက် လူတိုင်း တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ဝိုက်တစ်ကျိုက်စီ သောက်ကြသည်။

ဝိုင်သောက်ပြီးနောက်တွင် ဝမ်ကျားဝမ်သည် စိတ်ခံစားချက်များကို ထိန်းညှိလိုက်၏။ သူသည် ခေါင်းကို အကြိမ်ကြိမ်ယမ်းကာ "ငါ မင်းအကြောင်း အများကြီးကြားဖူးတယ်။ မစ္စတာကျန်းရဲ့ ဇနီးက ဧီယန်ဖြစ်လိမ့်မယ်လို့ ငါလုံးဝ မသိခဲ့ဘူး"

"ဟုတ်တကယ် မုန့်မုန့်လိုမျိုး ချစ်စရာကောင်းတဲ့ မိန်းကလေးက ဘယ်သူကများ မွေးပေးနိုင်မလဲစဉ်းစားနေခဲ့တာ။ အခု မစ္စဧီကို မြင်လိုက်ပြီးတော့မှ နားလည်သွားတယ်" စုယွီက ပြုံး၍ ပြောသည်။

"မေမေ သမီးကရော" ဝမ်ရှီဟန်က တောက်ပသည့်မျက်လုံးများဖြင့် မေးသည်။

“သမီးလည်း လုပပြီး ချစ်စရာကောင်းတယ်” စုယွီက ဝမ်ရီဟာန်၏ခေါင်းကို ပုတ်၍ ပြောလိုက်သည်။

ဝမ်ရီဟာန်၏ပုံစံက လူကြီးများကို ရယ်မောသွားစေခဲ့သည်။

ဝိုင်တစ်မော့သောက်ပြီးနောက်တွင် ကျောက်ဖုန်းသည် စားစရာများကို စတင်ပြင်ဆင်ပေးသည်။ သိုးဆီဖတ်နှစ်ပြားကို ကောက်ယူကာ ဟင်းရည်အစပ်နှင့် အချို နှစ်အိုးထဲ ထည့်လိုက်ပြီး သိုးသားတုံးနှစ်ခု၊ မှိုတို့ကို အနည်းငယ်စီ ထည့်လိုက်သည်။

ဤအချိန်တွင် အခြားသူများလည်း စတင်ပြင်ဆင်ကြလေသည်။

စားပွဲပေါ်တွင် ပန်းကန်လုံးသေးသေးလေးများ မျိုးစုံရှိသည်။ ရှုရုံသည် ဟော့ပေါ့ဆိုင်မှာ အရာအားလုံးကို မှာယူခဲ့သည်ဟု ဆိုနိုင်၏။

သို့သော် ဇီယန်သည် ဆားအနည်းငယ်၊ ဟော့ပေါ့နှမ်းဆီ၊ ကြက်သွန်ဖြူအနည်းငယ်သာ ရွေးချယ်ခဲ့သည်။

၎င်းက ချောင်ချင်း ရိုးရာအချဉ်စပ်နည်းပင်။ ကြက်သွန်ဖြူပါစတီက အနည်းငယ်စပ်သည့် ခံစားမှုကို သက်သာစေပြီး ကိုယ်တွင်းအပူကို လျော့ကျစေသည်။ နှမ်းဆီသည် စပ်သည့် အစားအသောက်များကြောင့် အူနှင့် အစာအိမ်အား ထိခိုက်မှု လျော့နည်းစေသည်။ ဤနည်းလမ်းသည် ဟော့ပေါ့၏အရသာကို အကောင်းဆုံး ပေးနိုင်လေသည်။

"ဒီအချဉ်ကို မြည်းကြည့်။ ကျွန်မ ဒါကို မကြာခဏ စားဖြစ်တယ်"

ကျန်းဟန်သည် နှမ်းပါစတီကိုသာ ပြင်နေသည်ကို မြင်သည့်အခါ ဇီယန်က သူ့အား တိုးတိုးလေး ပြောလိုက်သည်။

အရသာရှိသည်ဟု သူမ ယုံကြည်သည့်အရာကို ကျန်းဟန်အား မြည်းစမ်းစေသည်က အလွန်သဘာဝကျပေသည်။

"ကောင်းပြီ" ကျန်းဟန် ပြုံးကာ သူမအား ကြည့်လိုက်ပြီး အတူတူ နှစ်လိုက်ကြသည်။

ကျန်းဟန်၏မျက်လုံးများကို မြင်သည့်အခါ ဇီယန်အနည်းငယ် စိတ်လှုပ်ရှားသွားပြီး နလုံးခုန်အနည်းငယ် မြန်လာသည်။

"နောက်ဆုံးတော့ အားလုံးအဆင်သင့်ဖြစ်ပြီ။ စားရအောင်"

ကျိုးဖေး၏မျက်လုံးများမှာ အိုးထဲသို့ ကျွတ်ကျလုမတတ်ပင်။ အသားကို တစ်မိနစ်ခန့် ထည့်ထားလိုက်၏။ ကျိုးဖေးသည် အသားတစ်တုံးအား အမြန်ကောက်ယူကာ ပါးစပ်ထဲ ထည့်လိုက်သည်။

ထူးခြားသည့် သိုးသားရနံ့နှင့် အသားနံ့ပြင်းပြင်းက သူမ၏ခံတွင်းထဲတွင် ပျံ့နှံ့သွားပြီး သူမအား စိတ်ကျေနပ်သည့် ခံစားမှုကို ပေးလေသည်။

"အရမ်းအရသာရှိတာပဲ"

ပထမသိုးသား၏အရသာကို ကောင်းကောင်းခံစားမပြီးသေးခင်မှာပင် ကျိုးဖေးသည် သိုးသားတစ်တုံးကို အမြန်ကောက်ယူလိုက်ပြန်သည်။

သိုးသားတုံးများကို အတုံးသေးသေးလေးများအဖြစ် လှီးထားပြီး ပါးစပ်ထဲ ထည့်လိုက်သည့်အခါ အလွန်နူးညံ့၍ အရသာရှိလေသည်။ သိုးသားတုံးများ၏သန့်ရှင်းသော ရနံ့မှာ ပို၍ပင် ကြွယ်ဝပြီး စွဲဆောင်မှုရှိလေသည်။

ဇီယန်သည် အနက်ရောင်ဝမ်းတွင်းသားတစ်ခုကို ပထမဆုံး ကောက်ယူလိုက်ပြီး ပါးစပ်ထဲ ထည့်လိုက်၏။

မုန့်မုန့်၏ဘေးတွင် ထိုင်နေသည့် ကျန်းဟန်သည် မုန့်မုန့်၏ပန်းကန်ထဲသို့ စားစရာများ ထည့်ပေးလိုက်သည်။ သူသည် အလွန်ပင် စဉ်းစားပေးတတ်လေသည်။

အခြားတစ်ဖက်ရှိ ဝမ်ရီဟန်မှာ ဘာကိုမှ ဂရုမစိုက်ချေ။ ၎င်းကို မြင်ပြီးနောက်တွင် သူမလေးသည် အနည်းငယ် ပူဆာကာ သူမ၏အဖေအား အစားအသောက်များ ကျွေးခိုင်းလေတော့သည်။

ဝမ်ကျားဝမ်မှာ ပြုံးကာ သူမအတွက် စားစရာများ ထည့်ပေးလေသည်။

ထိုနောက်တွင်တော့ ဟော့ပေါ့စားပွဲမှာ စတင်ခဲ့ပေသည်။ ဝမ်ကျားဝမ်သည် ကျန်းဟန်၏ အစားအသောက်များကို စားသည့်အချိန်တိုင်း အကြိမ်ကြိမ် လက်မထောင်နေရာကာ ထပ်ခါတလဲလဲ အံ့အားသင့်ရလေသည်။

ဟော့ပေါ့စားပွဲမှာ တစ်နာရီခွဲအကြာတွင် ညနေ ငါးနာရီထိုးတွင် ပြီးသွားခဲ့သည်။

"အာ...ငါ အရမ်းဗိုက်လေးနေပြီ"

စားပြီးနောက်တွင် ကျိုးဖေးမှာ ပျင်းရိစွာဖြင့် ဆိုဖာပေါ် လှဲချလိုက်၏။

ကျန်းဟန်၊ ဝမ်ကျားဝမ်နှင့် ကလေးမလေးနှစ်ယောက်သည် စန္ဒယားဘက်တွင် ရှိနေပြီး ဇီယန်နှင့် စုယွီမှာ စကားပြောနေကြသည်။

မုန့်မုန့်သည် သူမ၏ဖေဖေက စန္ဒယားတီးအလွန်တော်ကြောင်း ဝမ်ရီဟန်အား သိစေလိုသည့်အတွက် ဖေဖေ့ကို စန္ဒယားတီးရန် အော်ဟစ်တောင်းဆိုလိုက်သည်။

သိပ်မကြာမီတွင် သာယာငြိမ့်ညောင်းသည့် တေးသွားများမှာ ထွက်ပေါ်လာလေသည်။ သီချင်းသံအား ကြားသည့်အခါ ဆိုဖာပေါ်တွင် ထိုင်နေသည့် စုယွီသည် စူးစိုက်ကြည့်လိုက်၏။

"မစ္စတာကျန်းက စန္ဒယားတီးတာလည်း အရမ်းတော်တယ်လား။ ဇီယန် မင်းက ခင်ပွန်းကောင်းတစ်ယောက် ရှာတွေ့ခဲ့တာပဲ" စုယွီက တိုးတိုးလေး ပြောသည်။

"အင်း" ထိုအချိန်တွင် ခင်ပွန်းဆိုသည့် စကားဖြင့် ရင်ဆိုင်ရာတွင် ဇီယန်သည် တိုက်ရိုက်ခေါင်းညိတ်၍ ပြုံးကာ ပြောလိုက်သည်။ "သူက အားလုံးကို နည်းနည်းသိတယ်လေ"

အခြားသူ၏ရှေ့တွင် သူမ ထိုသို့ပြောနေသော်လည်း ဇီယန် အနည်းငယ် ရှက်ရွံ့နေသေးသည်။

ခင်ပွန်းတဲ့လား...

"အဲဒါက နည်းနည်းဘယ်ဟုတ်ပမလဲ။ မင်းက အရမ်း နှိမ့်ချလွန်းနေပြီ။ မင်းရဲ့ခင်ပွန်းက တကယ်ကို အရမ်းတော်တယ်" စုယွီက အနည်းငယ် အားကျသည့်လေသံဖြင့် ပြောသည်။ "သူက

အားလုံးလုပ်နိုင်တယ်။ ငါ့ယောက်ျားနဲ့ မတူဘူး။ ငါ သူ့ဆီက တစ်ခါမှ ပန်းစည်းမရဖူးဘူး”

ကျန်းဟန်ကို တွေ့ပြီးနောက်တွင် စုယွီသည် အိမ်ပြန်လာသည့်အခါ မကြာခဏပြောသင့်သည့် အကြောင်းအရာတစ်ခုရှိသည်ဟု စိတ်ကူးမိသည်။

“ကျန်းဟန်က ဇီယန်ကို ဘယ်လိုဆက်ဆံလဲ ကြည့်စမ်း....”

...

-အပိုင်း(၂၄၃) ပြီး

wunzinnosp

## အပိုင်း(၂၄၄) ပြောင်းလာမယ်

ကျန်းဟန် စန္ဒယားတီးပြီးနောက် ဝမ်ရီဟန်၏မျက်လုံးများမှာ တောက်ပလာကာ သူမ၏ ဝဝကစ်ကစ် လက်ဖဝါးလေးများကို တီး၍ ပြောလိုက်သည်။

"မုန့်မုန့် နင့်ဖေဖေက အရမ်းတော်တာပဲ"

"အမ်ဟမ့် ငါ့ဖေဖေက အတော်ဆုံးပဲ" မုန့်မုန့်၏မျက်နှာတွင် အရမ်းဂုဏ်ယူကြောင်း စာလုံးကြီးများဖြင့် ရေးထားသကဲ့သို့ပင်။

"ငါ့ဖေဖေလည်း အရမ်းတော်တာကို ငါ မှတ်မိတယ်" ဝမ်ရီဟန်သည် သူမ၏ဖေဖေလည်း တော်သည် ယူဆလေသည်။ သူမသည် ဝမ်ကျားဝမ်အား ကြည့်ကာ ပြောလိုက်၏။ "ဖေဖေ တစ်ပုဒ်လောက် လာတီးပေးပါ"

"အာ"

ဝမ်ကျားဝမ်၏နှုတ်ခမ်းမှာ ရှုံ့မဲ့သွားပြီး စိတ်ထဲတွင် အကူအညီမဲ့သွားမိသည်။

သူ မည်သို့ တီးနိုင်ပါမည်နည်း။

သို့သော် သူသည် ၎င်းကို သေချာပေါက် ပြောမည်မဟုတ်ချေ။ ထိုဖက်တီးမလေးအား ကိုင်တွယ်ဖြေရှင်းရန် သူ့တွင် နည်းလမ်းမျိုးစုံရှိလေသည်။

ဝမ်ကျားဝမ်သည် အသာ ချောင်းဟမ့်လိုက်ပြီး နာရီကို တစ်ချက်ကြည့်ကာ "ငါးနာရီထိုးနေပြီ ဖေဖေတို့ အိမ်ပြန်ရတော့မယ်"

"အိမ်ပြန်မှာလား" ဝမ်ရီဟန်မှာ အံ့အားသင့်သွားပြီး ခေါင်းကို အမြန်ယမ်းကာ ငြင်းဆန်လိုက်သည်။ "မပြန်ချင်ဘူး။ တာဟေး ရှောင်ဟေးတို့နဲ့ ကစားချင်သေးတယ်။ ဖေဖေ သူတို့ကို တစ်ခါမှ မတွေ့ဖူးဘူးမလား။ သူတို့က အရမ်းကြီးပြီး ချောလည်းချောတယ်"

"သူတို့လား" ဝမ်ကျားဝမ် ချီတုံချတုံအမူအရာ ဖြစ်သွားသည်။

၎င်းကို မြင်သည့်အခါ မုန့်မုန့်က သူမ၏ခေါင်းလေးကို မော့၍ "အရမ်းကြီးပြီး အရမ်းချောတယ်။ ရှောင်ဟေးဟေးနဲ့ တာဟေးဟေးက သမီးရဲ့ သူငယ်ချင်းတွေ"

"မုန့်မုန့် မုန့်မုန့် ငါတို့ သွားကစားကြမှာလားဟင်" ဝမ်ရီဟန်သည် မုန့်မုန့်အား ကြည့်ကာ ဆွေးနွေးသည်။

"အင်း....ကောင်းပြီ ဖေဖေ သမီးတို့ သုခဘုံကို သွားကစားကြမယ်" မုန့်မုန့်က သူမ၏လက်ကလေးနှစ်ဖက်ကို ကျန်းဟန်ဆီသို့ ဆန့်တန်းလိုက်သည်။

ကျန်းဟန် သူမကို ပွေ့ချီကာ ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ တောင်ပေါ်သွားပြီး ကစားကြတာပေါ့"

ထိုမြင်ကွင်းကို ဆိုဖာပေါ်တွင် ထိုင်နေသည့် အမျိုးသမီးသုံးယောက်မှာလည်း မြင်တွေ့လေသည်။

"ဇီယန် မင်းခင်ပွန်းက ကလေးကို အလိုလိုက်တယ်နော်" စုယွီက ပေါ့ပေါ့ပါးပါး ပြုံးကာ ပြောသည်။

ရေပန်းစားသည့် စကားတွင် ကျန်းဟန်ကဲ့သို့သော မိဘမျိုးသည် ကလေးအား အလိုလိုက်သည့် မိဘမျိုးဖြစ်လေသည်။

သို့သော် ဇီယန် အနည်းငယ် တိတ်ဆိတ်နေ၏။

လွန်ခဲ့သည့် နှစ်အနည်းငယ်က သူမသည် မုန့်မုန့်မှား နူးညံ့သိမ်မွေ့သည့် မင်းသမီးလေးဖြစ်အောင် သင်ပေးခဲ့သည်။ ယခု သူမကို ကြည့်ရသည်မှာ ပို၍ ရှင်လန်းလာသော်လည်း အဘယ်ကြောင့် အနည်းငယ် ကွာခြားသွားသနည်း။

ဇီယန် ပြဿနာကို တွေးတောလိုက်ရင်း နားလည်သွားသည်။

မုန့်မုန့်သည် သုခဘုံသို့ သွားကစားချင်သည့်အကြောင်းကို ပြောသည့်အခါ နူးညံ့သည့်လေသံဖြင့်

တောင်းဆိုနေသကဲ့သို့မဟုတ်ဘဲ အမိန့်တစ်ခုကဲ့သို့ဖြစ်နေလေသည်။ ပို၍သင့်တော်သည့် အကြောင်းပြချက်တစ်ခု ပေးရသော် မုန့်မုန့်သည် ဖေဖေက ငြင်းမည်မဟုတ်ကြောင်း သိနေသည့်အတွက် သူမလေးက ထိုသို့ တိုက်ရိုက်ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် ကျန်းဟန်၏အမူအရာက ၎င်းသည် အလွန်သင့်လျော်နေကြောင်း ဖော်ပြနေလေသည်။

"အဲ့လိုလုပ်လို့ မဖြစ်ဘူး။ ကလေးရဲ့အနာဂတ်ကို အဲ့လို ဖျက်ဆီးတာ မကောင်းဘူး"

ဇီယန် စိတ်ထဲတွင် ရေရွတ်လိုက်သည်။ ကလေး၏တောင်းဆိုမှုအား မျက်စိစုံမှိတ် သဘောတူပါက အလေ့အကျင့်တစ်ခုဖြစ်လာမည်ကို သူမသိသည်။

ကျန်းဟန်သည် ကလေးအား အလွန်အမင်း အလိုလိုက်လွန်းသည်ဟု သူမ ယူဆ၏။

ဇီယန် မတ်တပ်ထရပ်ကာ မုန့်မုန့်အား ကြည့်၍ "မုန့်မုန့် သမီး သွားလို့မရဘူး။ ငါးနာရီထိုးနေပြီ။ သမီးဖေဖေ ချက်ပြုတ်ရမယ့် အချိန်ရောက်ပြီ။ သူ အားတဲ့အချိန်မှ သမီးသွားလို့ရမယ်"

"အမ်"

ဇီယန်၏စကားကို ကြားသည့်အခါ မုန့်မုန့်အနည်းငယ် ကြောင်အသွား၏။ မင်းသမီးလေးသည် ၎င်းကို တွေးတောကာ နှုတ်ခမ်းလေးကိုစူ၍ "ဒါပေမယ့် မုန့်မုန့်က အခုသွားချင်တာ"

"စကားနားမထောင်ဘူးလား မုန့်မုန့်" ဇီယန်က အနည်းငယ် ပြုံးကာ ပြောလိုက်သော်လည်း သူမ၏မျက်လုံးများတွင် လေးနက်မှုများရှိသည်။

မုန့်မုန့်သည် ကလေးဆိုးတစ်ယောက်ဖြစ်လာမည့် စိတ်သဘောထားရှိသလားဆိုသည်ကို သူမ သိချင်၏။ ထိုသို့ဆိုပါက သူမ မုန့်မုန့်ကို ပြန်ခေါ်သွားရပေမည်။

အလိုလိုက်လွန်းသည့် ဤအကောင်နှင့်သာ နေ့တိုင်းထားခဲ့၍ မဖြစ်တော့ချေ။

ရလဒ်အနေဖြင့် မုန့်မုန့်သည် စဉ်းစားကာ တိုက်ရိုက်ပြောလိုက်သည်။

"အင်း...ဒါဆို ဖေဖေ အလုပ်ပြီးတဲ့အထိ စောင့်မယ်။ ဖေဖေ မုန့်မုန့်ကို အောက်ချပေးပါ"

ပြောနေရင်းဖြင့် မုန့်မုန့်သည် ကျန်းဟန်၏လက်နှစ်ဖက်ကို လှုပ်ယမ်းလိုက်သည်။ ကျန်းဟန်သည် မုန့်မုန့်အား ကြည့်ကာ အောက်ချပေးလိုက်၏။ သူမလေးသည် အရုပ်များဖြင့် ကစားရန် သူငယ်ချင်းဖြစ်သူအား ဆိုဖာဆီသို့ ခေါ်သွားလေသည်။

ကျန်းဟန်သည် ဇီယန်အား ထူးဆန်းစွာ ကြည့်လိုက်ရင်း စဉ်းစားလိုက်သည်။ သူမ ဘာတွေးနေသည်ကို သိသော်လည်း သူ ဘာမှ ပြန်မပြောတော့ဘဲ ကြက်ဥထမင်းကြော် ပြင်ဆင်ရန် မီးဖိုချောင်သို့ သွားလိုက်သည်။

ဇီယန်အတွက်ကြောင့်သာ မဟုတ်ပါက ဤညစာစားချိန်မှာ ဆိုင်ပိတ်တော့မည်မှန်း သိသော်လည်း တကယ်တမ်းတွင် ကျန်းဟန်သည် ချက်ပြုတ်ရန် ရည်ရွယ်ချက်မရှိခဲ့ချေ။

သို့သော် ဇီယန်၏မျက်ုံးများတွင် အနည်းငယ် စိတ်ရှုပ်ထွေးနေပုံရ၏။

ငါ လွန်လွန်ကဲကဲများ ဖြစ်သွားလို့လား…။

သို့သော် မုန့်မုန့်မှာ အလွန်နာခံဆဲဖြစ်ကြောင်း လက်တွေ့က သက်သေပြခဲ့သည်။

ထိုသို့ဆိုလျှင်ပင် ဇီယန်မှာ အနည်းငယ် စိတ်မသက်မသာ ဖြစ်နေသည်။ ယခု အဆင်ပြေနေသည်ဆိုသော်လည်း အချိန်ကြာလာခဲ့လျှင် ပြဿနာတစ်ခုဖြစ်လာမည်မှာ သေချာ၏။

အကြောင်းမှာ ထိုအနံ့ဆိုးသည့် သစ်သားတုံးမှာ ဖခင်တစ်ယောက်၏ အရိုန်အဝါမရှိချေ။

ထိုအကြောင်းကို စဉ်းစားရင်း ဇီယန်သည် ကျန်းဟန်အား ကြိမ်ပေါင်းများစွာ လှမ်းကြည့်နေခဲ့၏။

၎င်းက ကျန်းဟန်ကို အနည်းငယ် စိတ်ရှုပ်သွားစေသည်။

ယခု သူ့ဘာသာပဲလုပ်လုပ် သူမက မျက်စောင်းထိုးကြည့်သည့် အခြေအနေသို့ ရောက်နေချေပြီ။ ကလေးမေမေက သူ့အပေါ် ခံစားချက်များ ရှိနေဆဲဟု ထင်ရပေသည်။

ကျန်းဟန် အသာပြုံးလိုက်ကာ မီးဖိုချောင်ထဲတွင် ကြက်ဥထမင်းကြော် ပြင်ဆင်နေလိုက်သည်။

ထမင်းချက်ခါနီးတွင် ညော့သည်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာသဖြင့် ဇီယန်သည် နေကာမျက်မှန်နှင့် ဦးထုပ်ကို ဆောင်းလိုက်ပြီး မီးဖိုချောင်ဘက် လျှောက်သွားသည်။

သူမက ကျန်းဟန်အား ကြည့်ကာ တိုးတိုးလေး မေးလိုက်၏။ "ကျန်းဟန် ဒီနားမှာ ပန်းဆိုင်ရှိလား"

"ရှိတယ် ဘာလို့ ပန်းဆိုင်ကို မေးတာလဲ"

"ပန်းအိုးဝယ်ပြီး နှင်းဆီပန်းတွေကို ထည့်ထားပေးမလို့။ မဟုတ်ရင် ရက်နည်းနည်းလေးနဲ့ ညှိုးကုန်လိမ့်မယ်" ဇီယန်သည် လက်ဖက်ရည်စားပွဲပေါ်ရှိ ပန်းပွင့်များကို စိုက်ကြည့်ရင်း သူမ၏မျက်လုံးများမှာ အနည်းငယ် မှုန်ရီနေသည်။

ပန်းများမှာ အလွန်လှပသော်လည်း လှပသည့်အချိန်မှာ အလွန်တိုတောင်းလှ၏။

"စားသောက်ဆိုင်ရဲ့ ဘယ်ဘက် မီတာ ၅၀၀ အကွာမှာ ပန်းဆိုင်တစ်ဆိုင်ရှိတယ်။ ခဏစောင့်လေ ပြီးမှ ကိုယ် မင်းနဲ့လိုက်ခဲ့ပေးမယ်" ကျန်းဟန်က လှုပ်ရှားမှုကို အရှိန်တင်လိုက်ရင်း ပြောသည်။

"ရတယ် ဖေးဖေး ကျွန်မနဲ့ လိုက်လိမ့်မယ်" ဇီယန်ပြုံးကာ ကျိုးဖေးနှင့်အတူ ထွက်သွားသည်။

မိနစ် ၂၀ အကြာတွင် ဇီယန်နှင့် ကျိုးဖေး ပြန်ရောက်လာ၏။ သူမတို့အနောက်တွင် ပန်းအိုးကြီးတစ်အိုးကိုင်ထားသည့် ပန်းအလှဆင်ဆရာတစ်ယောက်လည်း ပါလာသည်။

"နှင်းဆီပန်းတွေက အရမ်းလှတယ်။ မစ္စတာကျန်းက တကယ်ကို ရိုမန့်တစ်ဆန်တာပဲ" ဝမ်ကျားဝမ်က စိတ်ခံစားချက်များဖြင့် သက်ပြင်းချလိုက်သည်။ သူလည်း တစ်ခါတစ်ရံ စုယွီနှင့်အတူ ရိုမန့်တစ်ဆန်သင့်သည်ဟု ခံစားမိ၏။

"ဟမ့် ပန်းတွေပေးရုံပဲ ထင်လို့လား" စုယွီက ဝမ်ကျားဝမ်အား ကြည့်ကာ "ဒီပန်းတွေကို ကျွန်မအရင်တစ်ခါပြောတဲ့နေရာမှာ မစ္စတာကျန်းကိုယ်တိုင်

စိုက်ထားတာ။ ရှင် ကျွန်မနဲ့ ရှိမနေ့တစ်ဆန်ချင်ရင် ကျွန်မနဲ့ ရှိဟန်အတွက် သုခဘုံဆောက်ပေးလို့ရတယ်"

"အဟမ်း အဟမ်း...." ဝမ်ကျားဝမ်မှာ ခေါင်းဟမ့်လိုက်ပြီး "နောက်မှ အချိန်ရရင် ငါ လုပ်ပေးပါ့မယ်"

ပန်းများကို ထည့်ပြီးသည်နှင့် ဇီယန်သည် ခဏလောက် စဉ်းစားကာ ပြောသည်။ "ကျွန်မတို့ ရေနည်းနည်းထည့်သင့်တယ်"

ထိုနောက် မီးဖိုချောင်ထဲသို့ ဝင်သွားကာ လှည့်ပတ်ကြည့်ရင်း ရေကို ရှာနေသည်။

"ဒီရေကို သုံးပါ" ကျွန်းဟန်က ချက်ပြုတ်ပြီး၍ လက်ကို ဆေးကြောပြီးနောက် ယန်ချင်ရေတစ်ပုံကိုး ကောက်ယူကာ ပေးလိုက်သည်။

"အဲဒါ အဆင်ပြေပါ့မလား" ဇီယန်က အနည်းငယ် သံသယဖြင့် မေးသည်။

“ရပါတယ်။ ပန်းတွေကို ပို့ပြီး ကြာကြာခံစေတယ်” ကျန်းဟန်က ပြုံးကာ ဖြေသည်။

ရေပုံးကို သယ်လာရင်း ပန်းအိုးရှေ့သို့ ရောက်သည့်အခါ ဇီယန်က ရှေ့သို့တိုး၍ ပြောလိုက်သည်။

“ကျွန်မ ထည့်လိုက်မယ်”

ထိုနောက် ရေပုံးကို ကိုင်ကာ ပန်းအိုးထဲသို့ ရေသုံးပုံတစ်ပုံထည့်လိုက်သည်။

“ပြီးပြီ”

“မေမေ သမီးတို့ ဘယ်အချိန် သုခဘုံကို သွားကစားရမှာလဲ” ထိုအချိန်တွင် မုန့်မုန့်က နှုတ်ခမ်းလေးစူကာ မေးသည်။

“အခုသွားကြမယ်” ဇီယန် လျှောက်လာကာ မုန့်မုန့်၏ခေါင်းလေးကို ပုတ်လိုက်ရင်း ပြောသည်။

“ကောင်းတယ်။ သုခဘုံကို သွားကစားကြမယ်”

"ကောင်းတယ်။ ငါတို့ အပေါ်ကို ပစ်မြှောက်တာ ကစားကြမယ်"

ကလေးမလေးနှစ်ယောက်မှာ ပျော်ရွှင်စွာ ခုန်လိုက်ကြသည်။

ထိုနောက် မိသားစုနှစ်စုမှာ ထွက်သွားကြပြီး ကျောက်ဖုန်းသည် ဆိုင်အား စောင့်နေခဲ့လေသည်။ လျှန်မုန့်ချီနှင့် စကားပြောခွင့်ရမည့်အတွက် သူသည်လည်း လိုက်ချင်သည့်ပုံမပေါ်ချေ။

လဆန်းတောင်အား ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးနောက် ရှုခင်းမှာ အလွန်လှပလေ၏။

ဝမ်ကျားဝမ်သာမက ဤနေရာသို့ ရောက်လာကြသည့် မည်သူမဆို အံ့အားသင့်သွားကြပေလိမ့်မည်။ ဤမျှကြီးမားလှပသည့် သုခဘုံကို မြင်သည့်အခါ သူ

အနည်းငယ် ကြောင်အသွားခဲ့၏။ ကြီးမားလွန်းသည့် ပရောဂျက်ကြီးတစ်ခုပင်။

သူတို့ တောင်နောက်ဘက် အိမ်မွေးတိရစ္ဆာန်ဇရိယာသို့ ရောက်သည့်အခါ ကလေးမလေးနှစ်ယောက်သည် တာဟေး၊ ရှောင်ဟေးတို့နှင့် ဆော့ကစားကြသည်။

လူကြီးလေးယောက်မှာ ခပ်လှမ်းလှမ်းမှ လမ်းလျှောက်နေကြသည်။ ဝမ်ကျားဝမ်နှင့် စုယွီမှာ လက်ချင်းဆုပ်ကိုင်ထားကြပြီး ကျန်းဟန်နှင့် ဇီယန်မှာ ပုခုံးချင်းယှဉ်၍ ရှိနေကြသည်။

"မင်း ဒီကို ပြောင်းလာမလား" ကျန်းဟန်က ရုတ်တရက်ပြောသည်။

"ပြောင်းလာရမှာလား" ဇီယန် ခေါင်းအနည်းငယ်ငုံ့သွားပြီး တိတ်ဆိတ်သွား၏။

ဒီကို ရွှေ့လာရမှာလား။ သူ ငါ့ကို တရားဝင် လိုက်မှာလား။ ငါ အဆင်သင့်မဖြစ်သေးပေမယ့် မုန့်မုန့်က......။

သူမ၏စိတ်ထဲတွင် လွန်ဆွဲနေရပြီးနောက် ဇီယန်သည် ကျွန်းဟန်ကို မော့ကြည့်ကာ နှုတ်ခမ်းအား ညင်သာစွာ ဖွင့်ဟလိုက်သည်။ "ဒါဆို ကျွန်မ ဒီကို ပြောင်းလာခဲ့မယ်။ ဒါပေမယ့် ကျွန်မ ဒုတိယအိပ်ခန်းမှာပဲ အိပ်မယ်"

"အမ်...ကောင်းပါပြီ"

"ဟေး ရှင့်လေသံကို နားထောင်ရတာ ရှင် ကျွန်မနဲ့ မုန့်မုန့်တို့နဲ့အတူတူ တစ်ခန်းတည်း အိပ်ချင်သေးတာလား" ဇီယန်သည် လှပသည့် မျက်လုံးလေးများကို အသာလှန်ကြည့်လိုက်သည်။

၎င်းက ကျွန်းဟန်အား အနည်းငယ် စွံ့အသွားစေသည်။ ပထမက သူသည် အင်း ဟု ပြောလိုက်ချင်သော်လည်း သူမက သဘောတူမည်မဟုတ်ချေ။

ကျန်းဟန်၏ရုက်ကိုးရုက်ကန်းအမူအရာကို မြင်လိုက်ရသည့်အခါ ဇီယန် အနည်းငယ် နှာခေါင်းရှုံ့ကာ ရယ်မောလိုက်၏။ သူမ၏မျက်နှာမှာ နီမြန်းလာပြီး ကျန်းဟန်အား မျက်စောင်းထိုးလိုက်သည်။ “ပန်းစည်းလေးတစ်ခုနဲ့ အနိုင်လိုချင်တာလား။ ဟွန့် ဆုတောင်းလေ”

“ဟဲဟဲ....” ကျန်းဟန် အရှက်ပြေရယ်မောကာ ခေါင်းယမ်းလိုက်၏။

“ကျွန်မ ဒီကို ပြောင်းလာရင် ဖေးဖေးက ဘယ်မှာ အိပ်ရမှာလဲ” ဇီယန်က စဉ်းစားလိုက်သည်။

“သူမက ယွမ်ရင်ဥယျာဉ်မှာပဲ နေလို့ရတာပဲ” ကျန်းဟန်က ပြန်ဖြေသည်။

ဒုတိယထပ်တွင် အိပ်ခန်းနှစ်ခန်းနှင့် ညှော့ခန်းသာရှိသည့်အတွက် ဤအခြေအနေမျိုးတွင် အခြားသူများအတွက် နေရာမရှိချေ။

"မဖြစ်ဘူး။ အဲ့ဒါဆို သူမ နေ့တိုင်း ည မနက် ကားမောင်းနေရမှာ။ ပင်ပန်းနေလိမ့်မယ်" ဇီယန်က ခေါင်းကို ခါယမ်းကာ စဉ်းစားလိုက်သည်။ "ထားလိုက်တော့ သူမ ဒီနားက အိမ်လေးတစ်လုံး ငှားနေလို့ရတာပဲ"

"ကျွန်မ ဒီကို ပြောင်းမယ်ဆိုရင် ဒီနေ့ည ယွမ်ရင်ဥယျာဉ်ကို ပြန်သွားပြီး အဝတ်အစားနဲ့ အသုံးအဆောင်တွေ သွားယူရမယ်" ဇီယန်က သူ့အား စိုက်ကြည့်နေရင်း ရုတ်တရက် ကျန်းဟန် ပြုံးနေသည်ကို တွေ့လိုက်ရသည်။ ရုတ်တရက် သူမ အနည်းငယ် ရှက်ရွံ့သွားပြီး နှုတ်ခမ်းကို ဖိကိုက်လိုက်၏။

"ကျန်းဟန် ကျွန်မ ရှင်နဲ့နေဖို့ ဒီကို ပြောင်းလာတာ မဟုတ်ဘူးနော်။ ကျွန်မက မုန့်မုန့်အတွက် စိတ်ပူလို့။ ရှင် အများကြီး သိပ်မတွေးနဲ့"

ထိုစကားများသည် အခြေအနေတစ်ချို့တွင် ရှိနေပါက အဓိပ္ပာယ်တစ်ချို့ကို ကိုယ်စားပြုနေလေသည်။

...

အပိုင်း(၂၄၄) ပြီး

wunzinnosp

## အပိုင်း(၂၄၅ - A) နူးညံ့သည့်ခံစားချက်များဖြင့် ညလေးတစ်ည (၁)

ဇီယန် သူမ ပြောလိုက်သည့်စကားက တစ်စုံတစ်ရာကို ဖော်ညွှန်းနေသလိုဖြစ်နေသည်ကို ရုတ်တရက် သဘောပေါက်သွား၏။

ထိုအချိန်တွင် သူမ စိတ်မသက်မသာ ခံစားလိုက်ရသည်။ ကျန်းဟန်သည် သူမ၏ဘေးတွင် ပြုံး၍ကြည့်နေသည်ကို မြင်သည့်အခါ ဒေါသထွက်ဟန်ဖြင့် ပြောလိုက်၏။

“အဲဒါ အကုန်လုံး ရှင့်ကြောင့်ပဲ”

“အမ်” ကျန်းဟန် ကြောင်အသွားသည်။

"ဒီကို ပြောင်းလာဖို့ စဉ်းစားမထားပေမယ့် ဒီနေ့ မုန့်မုန့် ရှင့်ကို စကားပြောတဲ့ပုံစံကို တွေ့ပြီးမှ ကျွန်မ ဆုံးဖြတ်လိုက်တာ။ ကျွန်မရှင့်ကို အပြစ်မတင်ချင်ပေမယ့် ရှင်လုပ်နေတဲ့ပုံစံကို ရှင်သိရဲ့လား။ အလိုလိုက်လွန်းတဲ့အဖေလို ရှင် မုန့်မုန့် ဘာပြောပြော လက်ခံပေးနေလို့မရဘူးလေ။ တစ်ခါတစ်လေ ငြင်းရမှာပေါ့။ မဟုတ်ရင် ရှင်မလုပ်နိုင်တဲ့တစ်ခုခုကို သူမက တောင်းဆိုရင် ဘယ်လိုလုပ်မလဲ"

ပြောနေရင်းဖြင့် ဇီယန်၏မျက်နှာထက်တွင် ဒေါသထွက်ဟန် ပေါ်လာ၏။

ဤသစ်တုံးကောင်သည် သိပ်မကြာသေးခင်ကတော့ နားလည်လာသလိုရှိသော်လည်း ကလေးအား သင်ပြပေးရာတွင် ပြဿနာတစ်ချို့ရှိနေဆဲပင်။

"ဒါက..." သူမ၏စကားကို ကြားပြီးနောက် ကျန်းဟန် အံ့အားသင့်သွားဟန် ဖြစ်ပေါ်လာသည်။ သူက ပြုံး၍

ပေါ့ပေါ့ပါးပါးပင် ပြောလိုက်၏။ "မုန့်မုန့်က ကိုယ့်သမီးပဲလေ။ အဖေတစ်ယောက်အနေနဲ့ သမီးတောင်းဆိုတာကို ဖြည့်ဆည်းပေးရမှာပေါ့။ ပြီးတော့ မုန့်မုန့်တောင်းဆိုသမျှကို ကိုယ်လုပ်ပေးနိုင်တယ်လို့ ထင်တယ်။ သူမက ကြယ်တွေကို ယူပြီး လကို ဖမ်းပေးဖို့ ပြောရင်တောင် ကိုယ်လုပ်နိုင်တယ်"

"ရှင်"

ဧယန်၏လှပသည့် မျက်လုံးလေးများက စူးစူးရဲရဲကြည့်လိုက်သည်။

သူမ ပြောခဲ့သည့် စကားများက အသုံးမဝင်ဘူးလား။ သူမက ကျွဲတစ်ကောင်ကို စောင်းတီးပြနေမိတာလား။

"ရှင် အဲ့လိုလုပ်လို့ မရဘူး"

ဤအချိန်တွင် ဧယန်သည် ပြောင်းလာရန် ပို၍ ဆုံးဖြတ်ချက် ခိုင်မာလာသည်။ သူမသည် ဒေါသတကြီးဖြင့် "ဒီည ယွမ်ရင်ဥယျာဉ်ကို ပြန်ရောက်ရင် ကလေးကို

သင်ပြပေးနည်း စာအုပ်တွေ ယူလာပေးမယ်။ ရှင် အဲ့ဒါတွေကို နေ့တိုင်း ဖတ်ရမယ်။ ကျွန်မ ပြောမယ် ကျန်းဟန်။ ရှင် ဒီလိုသာ ဆက်ပြီး လုပ်နေသေးရင် ကျွန်မ မုန့်မုန့်ကို ရှင့်ဆီက ခေါ်သွားမှာ”

သူမ ထိုသို့ပြောလိုက်သော်လည်း ကျန်းဟန်က မုန့်မုန့်အား အလွန်ချစ်သည်ကို သိလိုက်ရသည့်အတွက် ဇီယန်၏စိတ်ထဲတွင် နွေးထွေးနေဆဲဖြစ်၏။ သူမ၏ နှလုံးသားထဲတွင် နွေးထွေးမှုစီးကြောင်းလေးကို ခံစားနေရသည်။ ဤသည်က အိမ် ဆိုသည့် ခံစားချက် ဖြစ်နိုင်ပေ၏။

အိမ်လား။ အဲဒါက မကြာခင် ဖြစ်လာနိုင်ပါတယ်။

ဇီယန်အတွက်တော့ ကျန်းဟန်အား မုန့်မုန့်ကို ပြန်ခေါ်သွားမည်ဟု ဆိုခြင်းသည့် ဝှက်ဖဲတစ်ခုဖြစ်လေပြီး ကျန်းဟန်အပေါ်တွင် အမှန်တကယ် ထိရောက်မှုရှိ၏။ ၎င်းကို

ကြားသည့်အခါ သူ ဂရုစိုက်သည်ဖြစ်စေ ဂရုမစိုက်သည်ဖြစ်စေ လေးနက်သည့် အမူအရာဖြင့် ပြောလိုက်၏။

“ကောင်းပြီ။ ကိုယ်တို့ ဒီညသွားကြမယ်။ ကိုယ့်ကို အဲဒီစာအုပ်တွေပြပါ”

“ဒါဆို ရှင် သေသေချာချာ ဖတ်ရမယ်နော်” ဇီယန်သည် မျက်ဝန်းလှလှလေးများဖြင့် ကျန်းဟန်အား ပေကလပ်ပေကလပ် စိုက်ကြည့်လိုက်၏။

သူကတိပေးသည်က အရမ်းမြန်လွန်းသဖြင့် အတုအယောင်တွေဟုပင် သူမ ခံစားရလေသည်။

ဇီယန်၏အကြည့်အောက်တွင် ကျန်းဟန် ခါးသီးစွာ ပြုံးလိုက်၏။ သူစကားပြောခါနီးတွင် ဝမ်ကျားဝမ်၏အော်သံကို ကြားလိုက်ရသည်။

“အား....အို့..”

သူတို့ လှည့်ကြည့်လိုက်ရာ တာဟေးသည် ဝမ်ကျားဝမ်အား လေပေါ်သို့ တစ်ကြိမ်ပြီးတစ်ကြိမ် ပစ်မြှောက်နေသည်ကို တွေ့လိုက်ရ၏။ တာဟေး၏အမူအရာကို ကြည့်ရသည်မှာ သူသည် ထိုသို့ပြုလုပ်ရန် တွန့်ဆုတ်နေပုံရ၏။ ဒီတော့...ဝမ်ကျားဝမ်အား အပေါ်သို့ ပစ်မြှောက်ခြင်းမှာ ဝမ်ကျားဝမ်က ကစားချင်၍မဟုတ်ပဲ တာဟေးက သူ့ဘာသာသူ ဖျော်ဖြေပေးချင်း၍ လုပ်နေခြင်းဖြစ်ကြောင်း ကျန်းဟန်သိလေသည်။

မြင့်မားလွန်းသည့် အမြင့်ကြောင့် ဝမ်ကျားဝမ်မှာ ထပ်ခါထပ်ခါ အော်ဟစ်လေသည်။

ကျန်းဟန်နှင့် ဇီယန်တို့ ၎င်းကို မြင်လိုက်ရပြီးနောက် လျှောက်သွားလိုက်ကြသည်။

“အိုး...မဟုတ်ဘူး ငါ့ကို အောက်ချပေးပါ။ ငါဆင်းတော့မယ်” ဝမ်ကျားဝမ် အော်လေသည်။

သူအပေါ်သို့ မမြောက်ချင်တော့ချေ။ တာပေါ့သည် သူ့အား လျစ်လျူရှုကာ လက်နှစ်ဖက်ကို ခိုင်မြဲအောင် ဆုပ်ကိုင်ထားသည်။

စုယွီသည် ၎င်းကို မြင်သည့်အခါ စိုးရိမ်သွားသည်။ သူမသည် တာပေါ့အား ရှေ့ထွက်၍ မတားရဲချေ။

"တာပေါ့ တော်လောက်ပြီ" ဇီယန်က ရုတ်တရက် ပြောလိုက်၏။

"အိုး" တာပေါ့သည် လှည့်ကြည့်ကာ မျက်လုံးကစားလိုက်၏။

သခင်မပြောသည့်စကားကို နားထောင်ရန် လိုသေးပေသည်။

ထို့ကြောင့် တာပေါ့သည် ဝမ်ကျားဝမ်အား ဖမ်းကာ နောက်တစ်ကြိမ် ထပ်မပစ်တော့ဘဲ အောက်သို့ ချပေးလိုက်သည်။

"ဟူး"

ဝမ်ကျားဝမ်မှာ မြေပြင်ပေါ် ရောက်လာပြီးနောက် ခြေသလုံးများ အားနည်းလာကာ မြေကြီးပေါ် ထိုင်ချလိုက်၏။

"ဖြောင်း"

တာဟေးသည် သူ၏မျက်နှာထက်မှ စိုးရိမ်ထိတ်လန့်နေပုံကို မြင်သည့်အခါ လက်ခုပ်တီး၍ ဝမ်ကျားဝမ်ကို လက်ညှိုးထိုးကာ ရယ်မောလေသည်။

"ဝူး ဟားဟား..."

သူ၏အမူအရာမှာ လှောင်ပြောင်မှုများ အပြည့်ဖြင့်ပင်။

မင်းသမီးလေးနှင့် ကလေးမလေးမှာ မကြောက်ရွံ့ချေ။ အရွယ်ရောက်ပြီး လူကြီးက အလွန်ကြောက်ရွံ့နေလေ၏။

စုယွီနှင့် ဇီယန်မှာ တာဟား၏အမူအရာကို မြင်သည့်အခါ ကြောင်အသွားပြီး သူမတို့လည်း မရယ်ဘဲ မနေနိုင်တော့ချေ။

“ဖေဖေ မုန့်မုန့်နဲ့ သမီးတောင် မကြောက်ဘူး။ ဖေဖေက…” ဝမ်ရီဟန်သည် ဝမ်ကျားဝမ်ကို ကြည့်ကာ သံသယဖြင့် မေးသည်။

“အာ…ဖေဖေက အမြင့်ကြောက်တယ်” ဝမ်ကျားဝမ်မှာ ခါးသီးစွာ ပြောလိုက်ပြီး ထရပ်ရင်း ဖုန်ခါလိုက်သည်။

“အမ်” ဝမ်ရီဟန်သည် မုန့်မုန့်၏လက်ကို ဆွဲကာ အခြားတစ်ဖက်သို့ ကစားရန် ပြေးသွား၏။

မှောင်လာပြီးနောက် ည ခုနှစ်နာရီထိုးခါနီးတွင် ဇီယန်သည် မုန့်မုန့်ဆီသို့ လျှောက်သွားကာ ပြောလိုက်သည်။ “မုန့်မုန့် မှောင်နေပြီ။ မေမေတို့ ပြန်ရတော့မယ်။ ဒီနေ့ ယွမ်ရင်ဥယျာဉ်ကို ပြန်ကြမယ်”

“ဟင့်အင်း မပြန်ချင်ဘူး။ သမီး ကစားလို့ မဝသေးဘူး။ မပြန်ချင်ဘူး” မုန့်မုန့်သည် ဇီယန်၏ရင်ခွင်ထဲမှ တိုးဝင်လိုက်ပြီး “သမီးတို့ စားသောက်ဆိုင်မှာ ကစားလို့မရဘူးလားဟင်”

"မနက်ဖြန်မှ ပြန်လာကြမယ်လေ။ မနက်ဖြန်ကြရင် မေမေက ခရီးဆောင်အိတ်ယူလာပြီးတော့ စားသောက်ဆိုင်မှာ မုန့်မုန့်နဲ့ တူတူလိုက်နေမယ်" ဧယန်က ပြုံး၍ ပြောသည်။

"အာ" မုန့်မုန့်မှာ ပထမတွင် အံ့အားသင့်သွားပြီး ထိုနောက် မျက်လုံးများ တောက်ပလာသည်။ သူမလေးသည် ပျော်ရွှင်စွာဖြင့် "ကောင်းတယ် ဒါဆို အိမ်အကြီးကြီးကို သွားကြမယ်"

"မုန့်မုန့် နင် အိမ်ပြန်တော့မို့လား" ထိုအချိန်တွင် ဝမ်ရိဟာန်က အနည်းငယ် တုံ့ဆိုင်းစွာဖြင့် မေးသည်။

"အင်း... ငါ အိမ်အကြီးကြီးကို ပြန်တော့မလို့"

"ငါ နင်နဲ့ ကစားလို့ မဝသေးဘူး"

"ဒါဆို ငါနဲ့ အတူတူလိုက်ခဲ့လေ။ မေမေ ရိဟာန် အတူတူ လိုက်လို့ရလားဟင်" မုန့်မုန့်က မေးသည်။

"ဒါပေါ့ သူမ လိုက်လို့ရတာပေါ့" ဇီယန်က အနည်းငယ်ပြုံးကာ ဝမ်ရီဟန်အား ကြည့်လိုက်ပြီး "ဒါပေမယ့် ရီဟန်သမီးရဲ့ဖေဖေနဲ့မေမေကို အရင်မေးရမယ်။ သူတို့ခွင့်ပြုရင် သမီးလိုက်လို့ရတယ်။ သူတို့ခွင့်မပြုရင်လည်း သမီး မငိုရဘူးနော်"

"သမီးသိပါပြီ" ဝမ်ရီဟန်သည် ရေကန်ဘေးတွင် ရပ်နေသည့် ဝမ်ကျားဝမ်နှင့်စုယွီဆီသို့ ပြုံးရွှင်ကာဖြင့် ပြေးသွားလေသည်။

"ဖေဖေ မေမေ" ပြေးနေရင်းဖြင့် ဝမ်ရီဟန်မှာ အော်ဟစ်လိုက်၏။ အနားသို့ ရောက်သည့်အခါ "ဖေဖေ မေမေ မုန့်မုန့်က သမီးကို သူ့အိမ်လိုက်ပြီး ကစားဖို့ခေါ်တယ်။ သမီး သွားကစားချင်တယ်"

"ဒါက..." ဝမ်ကျားဝမ်မှာ အနည်းငယ် အံ့အားသင့်သွားပြီး တုံ့ဆိုင်းသွားသည်။

"ဖေဖေ သမီး သွားကစားချင်တယ်" ဝမ်ရီဟန်၏မျက်လုံးများမှာ မျှော်လင့်ချက်များဖြင့် ပြည့်နေသည်။

"အင်း...ခဏလောက် သွားကစားလို့ ရတယ်မလား။ နည်းနည်းစောသေးတာပဲ" စုယွီက စဉ်းစားကာ ပြောသည်။

မုန့်မုန့်နှင့် အတူကစားသည့် အချိန်တွင် သူမ၏သမီးသည် အနည်းငယ် နာခံတတ်လာသည်ဟု သူမ ခံစားရ၏။ လွန်ခဲ့သည့် ရက်အနည်းငယ်က သူမ၏အဘိုးအိမ်တွင် မနေချင်၍ မြေကြီးပေါ်လှဲချကာ အော်ဟစ်ငိုယိုလေသည်။ ယခုတွင်တော့ မုန့်မုန့်နှင့်အတူရှိနေပြီးနောက် သူမလေးသည် ခွင့်ပြုချက်တောင်းရမည်ကို သိရှိနေခဲ့ပြီဖြစ်လေသည်။ ဤသည်က သူငယ်ချင်းတစ်ယောက်ရှိခြင်း၏ အကျိုးကျေးဇူးပင်။

ထိုအချိန်တွင် ဝမ်ကျားဝမ်သည် စုယွီ၏စကားကို ကြားပြီးနောက် ခဏလောက်တုံ့ဆိုင်းနေကာ နောက်ဆုံးတွင် ခေါင်းညိတ် သဘောတူလိုက်သည်။

"ကောင်းပြီ"

"ရေး... ဖေဖေက အကောင်းဆုံးပဲ" ဝမ်ရီဟာန်သည် ဝမ်းသာအားရခုန်ပေါက်ကာ သတင်းကောင်းကို ပြောပြရန် မုန့်မုန့်ဆီသို့ ပြေးသွားလေသည်။

ဝမ်ကျားဝမ်နှင့် စုယွီလည်း နောက်မှ လိုက်သွားခဲ့၏။

တကယ်တမ်းတွင် အခြားတစ်ယောက်သာဆိုပါက ဝမ်ကျားဝမ်သည် ညဘက်တွင် အနှောင့်အယှက်မပေးချင်သော်လည်း ကျန်းဟန်နှင့်တွေ့ရသည်တွင်တော့ သူ ချဉ်းကပ်ရန် မတွေးဘဲ မနေနိုင်ချေ။

ကျန်းဟန်၏ အစားအသောက်များကြောင့် ဖြစ်နိုင်သလို သူသည် လျှို့ဝှက်ဆန်းကြယ်လွန်း၍လည်းဖြစ်နိုင်သည်။

“မစ္စတာကျန်း၊ မစ္စဇီ အနှောင့်အယှက်ပေးမိတဲ့အတွက် တောင်းပန်ပါတယ်” ဝမ်ကျားဝမ်က ပြုံး၍ ပြောသည်။

“ရပါတယ်” ဇီယန်က အနည်းငယ် ပြုံးလိုက်သည်။

ထိုနောက် တောင်ပေါ်မှဆင်းလာခဲ့ကြသည်။ ဝမ်ရီဟန်သည် မုန့်မုန့်နှင့် အတူတူထိုင်ချင်လေ၏။ ထို့ကြောင့်...စုယွီသည် ဝမ်ရီဟန်နှင့်အတူ ကျန်းဟန်၏ပန်ဒါကားပေါ်ကို တက်သွားပြီး ကလေးနှစ်ယောက်နှင့် ကလေးအမေနှစ်ယောက်ရှိနေသည့်အတွက် ကားနောက်ခန်းမှာ သက်ဝင်နေပေတော့မည်။

သို့သော် ဝမ်ကျားဝမ်သည် Posche Cayenne ပေါ်တွင် တစ်ကိုယ်တည်းသာ မောင်းနှင်လာခဲ့ရပြီး တိတ်ဆိတ်စွာဖြင့် လိုက်ပါသွားခဲ့သည်။

စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ဆိုင်ရှေ့တွင် တန်းစီစောင့်နေသည့် လူတစ်ဒါဇင်ခန့် ရှိသေးလေသည်။

ဗီယန်သည် ကျိုးဖေးကို ဖုန်းဆက်လိုက်ရာ သူမသည် ပိုက်ဆံအိတ်ကိုယူ၍ အမြန်ထွက်လာခဲ့ပြီး ကာပေါ်တက်လိုက်သည်။ ထိုနောက် အရှေ့ပိုင်းသို့ မောင်းနှင်သွားခဲ့သည်။

"မုန့်မုန့် ပျော်ခဲ့ရဲ့လား။ ငါ နင်နဲ့ ကစားမယ်။ စားသောက်ဆိုင်မှာ တစ်ယောက်တည်းနေခဲ့ရတာ အရမ်းပျင်းဖို့ကောင်းတယ်" ကျိုဖေးက ခရီးသည်ခုံတွင် ထိုင်ရင်း ပြောသည်။

"သုခဘုံက အရမ်းပျော်ဖို့ကောင်းတယ်" ဝမ်ရှီဟန်က ရယ်မောကာ ပြောသည်။

"အမ်ဟမ်...အန်တီဖေးဖေး။ နောက်ကျရင် အန်တီတစ်ယောက်တည်းနေရတော့မယ်" မုန့်မုန့်က

တောက်ပသည့် မျက်လုံးဝိုင်းကြီးများကို မိတ်တုတ်မိတ်တုတ်လုပ်ရင်း ပြောသည်။

“ဘာလို့လဲ”

“ဘာလို့လဲဆိုတော့ မေမေက မုန့်မုန့်နဲ့ ဖေဖေတို့နဲ့ အတူတူလာနေတော့မှာ”

“ဖူး....”

ကြားလိုက်ရသည့်စကားကြောင့် ကျိုးဖေး ရုတ်တရက် တံတွေးသီးသွားလေသည်။

သူမသည် နောက်ကြည့်မှန်မှတဆင့် ဇီယန်အား လှမ်းကြည့်လိုက်သည်။ သူမ၏နှုတ်ခမ်းများမှာ တလှုပ်လှုပ်ဖြစ်နေသည်။ သူမ တစ်ခုခုပြောချင်နေသော်လည်း စုယွီရှိနေသည့်အတွက် ဘာမှ မပြောခဲ့ပေ။

သို့သော် သူမတွင် နည်းလမ်းရှိလေသည်။

သူမသည် ဇီယန်အား နှုတ်ခမ်းလှုပ်ပြရုံဖြင့် လှမ်းပြောလေသည်။ ထိုနောက် ကျိုးဖေးသည် ရယ်ချင်နေသည့်မျက်နှာဖြင့် ရယ်မောလိုက်လေသည်။

"ဖေးဖေး။ အစက နင် စားသောက်ဆိုင်နားက ပိုကောင်းတဲ့ အိမ်တစ်လုံးငှားဖို့ ငါစိတ်ကူးထားတာ။ အခုတော့ နင် ယွမ်ရင်ဥယျာဉ်မှာပဲ နေတာ ပိုကောင်းမယ်ထင်တယ်" ဇီယန်က သူမအား စိုက်ကြည့်ကာ ပြောလိုက်သည်။

"ဟင့်အင်း မဖြစ်ဘူး။ ငါတစ်ယောက်တည်း မနေချင်ဘူး။ စားသောက်ဆိုင်နားမှာ အိမ်ရှိလား ငါ အခု ရှာကြည့်လိုက်မယ်"

ကလေးမလေးနှစ်ယောက်ရှိနေသည့်အတွက် ကားမှာ အလွန်သက်ဝင်လှုပ်ရှားနေလေသည်။ အချိန်များမှာ လျင်မြန်စွာ ကုန်ဆုံးသွားပြီး သိပ်မကြာခင်တွင် ယွမ်ရင်ဥယျာဉ်သို့ ရောက်ရှိသွားကြ၏။

ယနေ့တွင် ဇီယန်၏အိမ်ကို တွေ့လိုက်ပြီးနောက် ဝမ်ကျားဝမ်မှာ တံတွေးမြိုမချဘဲ မနေနိုင်ချေ။

ဤမျှကြီးမားသည့်အိမ်ကြီးမှာ အနည်းဆုံး ယွမ်သန်း ၇၀ တန်လေသည်။

အိမ်အကူ၏ကြိုဆိုမှုဖြင့် အခန်းထဲသို့ ဝင်လာပြီးနောက် ဒုတိယထပ်ရှိ ညှော်ခန်းသို့ သွားကြသည်။ ကလေးမလေးနှစ်ယောက်မှာ ဆော့ကစားကြ၏။

လူကြီးများမှာတော့ ဆိုဖာပေါ်ထိုင်ကာ စကားပြောနေခဲ့ကြသည်။

ဤအိမ်တွင် မုန့်မုန့်၏အရုပ်များမှာ ပိုများလေသည်။ ဝမ်ရီဟာန်သည် အားလုံးကို ဆော့ကစားခဲ့ပြီး သူမ ဤနေရာတွင် အလွန်ပျော်နေလေသည်။

ကိုးနာရီထိုးခါနီးတွင် ကလေးမလေးနှစ်ယောက်မှာ ကစားနေရင်းဖြင့် ချွေးသီးများ ထွက်လာသည်။

“ဖေဖေ အရမ်းအိုက်တယ်။ ရေခဲမုန့်စားချင်တယ်” ဝမ်ရီဟာန်က နဖူးမှာ ချွေးများကို သုတ်ရင်း ပြောသည်။

"အမ်" မုန့်မုန့်မှာ ရုတ်တရက် အံ့အားသင့်သွားပြီး ကျန်းဟန်ကို အမြန်ကြည့်ကာ "ဖေဖေ သမီးလည်း ရေခဲမုန့်စားချင်တယ်။ သမီး ဟာဂျမ်ဒွေ့စ်စားချင်တယ်"

"ကောင်းပြီ ဖေဖေ သွားဝယ်ပေးမယ်" ကျန်းဟန်က ခေါင်းညိတ်ကာ ထရပ်လိုက်သည်။

"ကျွန်မ ရှင်နဲ့လိုက်ခဲ့မယ်" ရုတ်တရက် ဇီယန်ကာ ထရပ်လိုက်ပြီး ကျိုးဖေးအား ကြည့်ကာ "ဖေးဖေး သူတို့က ဂရုစိုက်ပေးလိုက်ပါ"

ထိုနောက် ဇီယန်နှင့်ကျန်းဟန်တို့ အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

ဇီယန်သည် အဖြူရောင် တီရှပ်အတိုနှင့် အပြာနုရောင် ဂျင်းဘောင်းဘီကို ဝတ်ထား၏။ အပြင်မထွက်ခင်တွင် ခရမ်းရောင် အင်္ကျီပါးလေးနှင့် ပန်းရောက်ဦးထုပ်ကို ယူပြီးမှ ကျန်းဟန်နှင့်အတူ အပြင်ထွက်လာခဲ့သည်။

ခေတ်လှေကားထဲတွင်…။

“ကျန်းဟန် ကျွန်မရှင့်ကို ပြောထားတယ်လေ။ မုန့်မုန့် ပြောသမျှကို ခေါင်းမညိတ်ပါနဲ့လို့” ဇီယန်သည် ကျန်းဟန်အား ကြည့်ကာ ဆူပူလိုက်သည်။

“ကလေးနှစ်ယောက်ကိုလည်း ကြည့်ဦး။ ချွေးစေးတွေထွက်နေတာ ဘယ်လိုလုပ် ရေခဲမုန့်စားလို့ ရမှာလဲ။ အထူးသဖြင့် ကလေးတွေကို ပိုပြီး ဂရုစိုက်သင့်တယ်”

“အင်း” ကျန်းဟန်ခေါင်းညိတ်ပြပြီး အနည်းငယ် စကားမပြောနိုင်ဖြစ်နေခဲ့သည်။

အောက်ထပ်သို့ ဆင်းပြီးနောက် ဇီယန်သည် အိမ်ရာထဲမှာ ထွက်ရန် ရှေ့မှ ဦးဆောင်သွားရင်း ပြောသည်။

“အိမ်ရာရဲ့ ညာဘက်မှာ ရှော့ပင်းမောလ်တစ်ခုရှိတယ်။ အဲဒီကို လမ်းလျှောက်သွားရအောင်။ ငါးမိနစ်လောက်ပဲ ကြာမှာ”

"ကောင်းပြီ" ကျန်းဟန် အနည်းငယ် ပြုံးကာ ဓိယန်၏ဘေးသို့ လျှောက်သွားလိုက်သည်။

...

-အပိုင်း(၂၄၅ - A) ပြီး

wunzinnsop

## အပိုင်း(၂၄၅ - B) နူးညံ့သည့် ခံစားချက်များဖြင့် ညလေးတစ်ည (၂)

သူတို့နှစ်ယောက် လက်သီးဆုပ်ခန့်အကွာဖြင့် လမ်းလျှောက်လာကြရင်း စကားတစ်ခွန်းမှ မဆိုဖြစ်ကြချေ။

ဓိယန်သည် အနည်းငယ် မသက်မသာခံစားနေရသည်။ စကားပြောချင်သော်လည်း ဘာပြောရမှန်း မသိချေ။

လွန်ခဲ့သည့် ရက်အနည်းငယ်က ဖုန်းဖြင့်ပြောကြသည်တွင် နှစ်ယောက်လုံး ပျော်ရွှင်ခဲ့ကြသော်လည်း အတူတူလမ်းလျှောက်နေသည့်အချိန်တွင် ခဏလောက် တိတ်ဆိတ်နေကြသည်။

အိမ်ရာထဲမှ လမ်းလျှောက်လာကြရင်း လမ်းမထက်တွင် လမ်းသွားလမ်းလာများ ပိုမိုများပြားလာသည်။

ဇီယန်သည် ဦးထုပ်ကို အနည်းငယ် ငိုက်လိုက်ပြီး သူမ၏နူးညံ့သည့်ပါးပြင်များမှာ တင်းကြပ်လာရင်း ကျန်းဟန်နှင့်အတူ ရှေ့သို့ လျှောက်လာခဲ့၏။

လမ်းမပေါ်ရှိ မီးရောင်များမှာ ဖျော့ဖျော့လေး ဖြာထွက်နေ၏။ လမ်းမတွင် အနည်းငယ် ဆူညံ့နေသော်လည်း ညမှာ အေးချမ်းလေသည်။

သို့သော် ကျန်းဟန်သည် စကားမပြောဘဲနေရင် ဆန္ဒမရှိဘဲ မုန့်မုန့်၏နေထိုင်မှုမှတ်ပုံတင်နှင့် ပတ်သက်သည့်ကိစ္စကို ပြောရန် စဉ်းစားနေခဲ့သည်။

ကျန်းဟန် ခဏလောက် စဉ်းစားကာ ဇီယန်အား ကြည့်၍ စကားစလိုက်သည်။

"ပေကျင်းက မင်းရဲ့အစီအစဉ်က ဘယ်လိုလဲ"

"မဆိုးပါဘူး။ ကောင်းကောင်း အောင်မြင်ပါတယ်" ဇီယန်က ပြုံးကာ ကျန်းဟန်ကို ကြည့်လိုက်သည်။ "ကျွန်မ ကံကောင်းတယ်လေ။ ကျန်းရှမ်က အဖြစ်အပျက်က ပေကျင်းမှာရှိတဲ့ အစီအစဉ်ကို သက်ရောက်မှုရှိခဲ့တယ်။ ဒါပေမယ့် ဟန်ယန်က ကျွန်မကို ကူညီလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ဘူး။ အဲဒါက အစီအစဉ်ကို ချောချောမွေ့မွေ့ဖြစ်သွားစေခဲ့တာ"

"ဟန်ယန်လား"

ကျန်းဟန်၏မျက်လုံးများ အနည်းငယ် မှေးစင်းသွားသည်။

ဇီယန်သည် သူ၏အမူအရာကို မြင်လိုက်ရပြီးနောက် အနည်းငယ် ထိတ်လန့်သွားသည်။ ဘာကြောင့်မှန်းမသိသော်လည်း သူမ ရှင်းပြချင်နေသည့်အတွက် နှုတ်ခမ်းရဲရဲလေးများကို ဖိကာ ပြောလိုက်သည်။

"ဟန်ယန်က မကြာသေးခင်ကမှ အရမ်းနာမည်ကြီးလာတဲ့ တေးရေးဆရာပါ။ ကျွန်မ ရှင့်ကို ဖုန်းနဲ့ ပြောခဲ့ဖူးတယ်လေ။ ကျွန်မ သူ့ကို မသိဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ စကားလည်း မပြောဖူးဘူး"

၎င်းကို ကြားပြီးနောက် ကျန်းဟန် ပြုံးရယ်လိုက်သည်။

ဟန်ယန်သည် သူမ၏ရှေ့တွင် ရပ်နေသည်ကို သူမ သိသင့်၏။ သူသည် ဟန်ယန်အဖြစ်နှင့် သူမအား တစ်ခါမျှ စကားမပြောဖူးသော်လည်း သူသည် အဖွဲ့ဝင်တစ်ဦးကဲ့သို့ဖြစ်မည်ကို ရှင်းရှင်းလင်းလင်းသိသည်။

"ရှင် ဘာရယ်တာလဲ" ဇီယန် အနည်းငယ် ထူးဆန်းစွာ ပြောသည်။

"ဘာမှ မဟုတ်ပါဘူး" ကျန်းဟန်က ခေါင်းခါလိုက်ပြီး "မင်းရဲ့ အစီအစဉ်က ချော့ချော့မွှေ့မွှေ့ဖြစ်သွားတယ်ဆိုတော့ ကိုယ်ပျော်ပါတယ်"

"ဟမ့် ရှင်နဲ့ ဘာဆိုင်လို့လဲ" ဇီယန်သည် နှာခေါင်းရှုံ့လိုက်ပီး ရှေ့သို့ လျှောက်သွားလေသည်။

"အရင်ကတော့ ဘာမှ ကိစ္စမရှိပါဘူး။ ဒါပေမယ့် နောက်ပိုင်း ကိုယ့်ကိစ္စဖြစ်လာပြီ" ကျန်းဟန်က အဆုံးအစမရှိ ပြောလိုက်သည်။

ဇီယန် ခဏရပ်တန့်သွားပြီး နဖူးမှာ အနည်းငယ် ကျုံ့သွား၏။ သူမ၏ စိတ်ထဲတွင် ထူးဆန်းသည့်အရာတစ်ကို ခံစားလိုက်ရသည်။

ပျော်ရွှင်မှုလား၊ စိတ်သက်သာရာရမှုလား၊ ဒါမှမဟုတ် ကျေနပ်မှုလား။

ပြောရလျှင် ဇီယန် ဤခံစားချက်ကို နှစ်သက်သဘောကျပြီး အလွန်ပျော်ရွှင်လေသည်။

သူမ ပြုံးကာ ပျော်ရွှင်သည့်လေသံဖြင့် "ရှင်က အရင်က ဆွေးနေတဲ့ သစ်သားတုံးကြီးနဲ့တူတယ်"

"ဟုတ်လား" ကျန်းဟန်က ပြုံးကာ မေးလိုက်သည်။ "အခုရော ဘယ်လိုလဲ"

"အခုက..." ဇီယန်သည် ရွှန်းလဲ့နေသည့် မျက်ဝန်းများဖြင့် ကျန်းဟန်ကို ကြည့်လိုက်ပြီး စကားလုံးနှစ်လုံးကို ထုတ်ပြောလိုက်သည်။ "အရူး"

ကျန်းဟန်သည် ဇီယန်အား ကြည့်လိုက်၏။ သူမ၏မျက်နှာကို ဦးထုပ်အောက်တွင် ကွယ်ဝှက်ထားလေသည်။ ဤအချိန်တွင် သူမအား

သူ၏ရင်ခွင်ထဲသို့ ထွေးပွေ့ဖက်ထားရန် တွန်းအားတစ်ခုရှိနေလေသည်။

သူ တစ်ခုခုလုပ်ရန် ပြင်လိုက်သည့်အခါ ဇီယန်သည် ပြန်လှည့်သွားပြီး ပေါ့ပါးသည့် ခြေလှမ်းများဖြင့် ရှေ့သို့ လျှောက်သွားလေသည်။ သူမသည် အိမ်ရာရှေ့ရင်ပြင်ကို ကြည့်ရင်း တိုးတိုးလေးပြောလိုက်သည်။ “သူတို့ ဘယ်လောက်တောင် ပျော်နေကြလဲ ကြည့်စမ်းပါဦး။ ကျွန်မ ရိုလာစကိတ်မစီးရတာ တော်တော်ကြာပြီ”

အရှေ့ဘက်ရင်ပြင်၏ ဘယ်ဘက်ခြမ်းတွင် ရိုလာစကိတ်စီးသူ အယောက် ၂၀ ခန့်ရှိပြီး ညာဘက်ခြမ်းတွင် လမ်းသွားလမ်းလာများလည်း ရှိသည်။ လျှပ်စစ်ကားများကဲ့သို့ ကစားစရာများ၊ အများအပန်းဖြေထိုင်ခုံများလည်း ရှိသည်။

ကျန်းဟန်သည် ဇီယန်၏အနားသို့ လျှောက်သွားကာ ရိုလာစကိတ်စီးသည့်ဘက်သို့ တစ်ချက်ကြည့်လိုက်ပြီးနောက် နူးညံ့သည့် ခံစားချက်လေးတစ်ခုကို ခံစားလိုက်ရသည်။

သူသည် ဧယန်၏ဘယ်လက်ကို ဆုပ်ကိုင်လိုက်ပြီး ရှေ့သို့ လျှောက်သွားရင်း ပြောလိုက်သည်။

"ဒါဆို သွားကစားကြမယ်"

ဧယန် အနည်းငယ် မှင်တက်သွား၏။ ငြင်းဆန်ရန် အခွင့်အရေးပင် မပေးသည့် ကျန်းဟန်အား ကြည့်ရင်း သူမ၏ နှလုံးသားမှာ တဖြည်းဖြည်း ပျော့ပြောင်းလာလေသည်။

"သူက ငါ့ရဲ့ လူမှန်လား(Right Person)။ ဒါက ကံကြမ္မာလား"

ဧယန်၏စိတ်ထဲတွင် အတွေးတစ်ခု လွင့်ပျံ့လာသည်။

ကျန်းဟန် သူမ၏လက်ကို ဆုပ်ကိုင်ထားသည်အား မငြင်းဆန်လိုချေ။

ထို့ပြင် ဧယန်သည် အခြားသူများနှင့် ဆက်ဆံရာတွင် ဂရုမစိုက်ဟန် အလွန်အေးစက်လွန်းပြီး

ယောက်ျားတစ်ယောက်နှင့် ထိတွေ့ဖို့ဆိုလျှင် ပြောနေစရာပင်မလို။

မုန့်မုန့်ကို မွေးဖွားပြီးနောက်တွင်လည်း အတူတူပင်။ သို့သော် သူမသည် တကယ်တမ်း၌ ထိုမျှ အေးစက်ခြင်းမရှိချေ။ သူမ၏နှလုံးသားမှာ အလွန်နွေးထွေးသည်။

သိပ်မကြာသေးမီက ကျန်းဟန်နှင့် ဆုံတွေ့ပြီးနောက်တွင် သူမ၏အပြုံးများ ပိုများလာကာ သူမ စိတ်ရော ကိုယ်ပါ ပေါ့ပေါ့ပါးပါးဖြစ်လာပြီး အမြဲတမ်း စိတ်အခြေအနေကောင်းနေခဲ့သည်။

ဤအခိုက်တွင် သူမသည် ကျန်းဟန်အား ဇီယန်၏ဖခင်ဖြစ်သည့်အတွက်ကြောင့်သာမက... သူမသည်လည်း...သူ မည်သူဖြစ်ဖြစ် သဘောကျနိုင်သည်ကို ရုတ်တရက် သိလိုက်ရလေသည်။

ထိုအကြောင်းကို တွေးရင်း ဇီယန်သည် နှလုံးသားထဲ၌ နွေးထွေးသွား၏။

သူမ၏စိတ်ထဲတွင် အတွေးများမှာ အလွန်ရှုပ်ထွေးသော်လည်း ဇီယန်၏မျက်နှာအမူအရာကို အပြင်လူတစ်ဦး၏အမြင်မှ ကြည့်ကာ ဤအချိန်တွင် သူမ အလွန်အူကြောင်ကြောင်ဖြစ်နေသည်ကိုသာ တွေ့မည်မှာ သေချာပေသည်။

အတွေ့အကြုံရှိသည့်လူများသာ ဤအမျိုးသမီး အချစ်ကို ခံစားနေရခြင်းဖြစ်သည်ကို ပြောနိုင်ပေမည်။

ဤသို့ဖြင့် ကျန်းဟန်သည် ရိုလာစကိတ်များရောင်းသည့် စင်သေးသေးလေးဆီသို့ ဇီယန်အား ခေါ်သွားခဲ့သည်။

“ဒီဖိနပ်နှစ်ရံလိုချင်တယ်” ကျန်းဟန်က ဖိနပ်စင်ကို ငုံ့ကြည့်လိုက်ပြီးနောက် အဖြူအမဲ စကိတ်နှစ်ရံကို ညွှန်ပြလိုက်သည်။ စကိတ်များသည် ဘီးလေးခုတစ်တန်းဖြစ်လေသည်။ ပထမနှင့် နောက်ဆုံး ဘီးများမှာ သေးငယ်ပြီး အလယ်မှ ဘီးနှစ်ခုမှာ အနည်းငယ်

ပိုကြီး၏။ ဤသည်မှာ ဖန်စီစကိတ်စီးသူများအတွက် အထူးဖိနပ်များဖြစ်ပေသည်။

"တစ်ရံကို ၁၁ဝဝနဲ့ နှစ်ရံဆို ၂၂ဝဝ ပါ။ ကာကွယ်ရေးပစ္စည်းတွေလည်း ပါတယ်" ဆိုင်ရှင်က ပြောသည်။ "မင်း ဘယ်ဆိုဒ်လိုချင်လဲ"

"မင်း ဘယ်ဆိုဒ်စီးတာလဲ" ကျန်းဟန်က ဇီယန်အား နူးညံ့စွာ မေးသည်။

"သုံးဆယ့်ရှစ်"

"ဒါဆို လေးဆယ့်သုံးတစ်ရံ၊ သုံးဆယ့်ရှစ်တစ်ရံ" ကျန်းဟန်က ဆိုင်ရှင်ကို ပြောသည်။

ကျန်းဟန်သည် အရပ် ၁.၈၃ မီတာရှိ၏။ သူသည် ဆိုဒ် ၄၃ ဖိနပ်ကို စီးလေ့ရှိသည်။ ဇီယန်သည် အရပ် ၁.၇၂ မီတာရှိပြီး ဆိုဒ် ၃၈ ဖိနပ်ကို စီးသည်။ သူတို့သည် အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ပေါက်မှာ အချိုးကျလေ၏။

"ဒီမှာရပြီ" ဆိုင်ရှင်က စက်ကိတ်နှစ်ရုံနှင့် အကာအကွယ်ပစ္စည်းများကို ပေးသည်။ "ငွေသားနဲ့လား၊ ကတ်နဲ့လား၊ စကန်ဖတ်မှာလား"

"အမ်"

ငွေရှင်းရမည့်အချိန်ရောက်မှ ကျန်းဟန် ရုတ်တရက် အေးခဲသွား၏။

သူ၏ပိုက်ဆံအိတ်ကို ကားထဲတွင် ထားခဲ့ပြီး၊ ဖုန်းမှာလည်း အပေါ်တွင် အားသွင်းထားခဲ့သည်။ သူထွက်လာသည့်အချိန်က ပိုက်ဆံကို အမှန်တကယ်မေ့သွားခဲ့သည်။

ထို့ကြောင့် ကျန်းဟန်သည် ဇီယန်အား ကြည့်ကာ "မင်းမှာ ပိုက်ဆံပါလား"

"အာ…ကျွန်မမှာ ပါတယ်"

ဇီယန်သည် အိတ်ကပ်ထဲမှ ပိုက်ဆံအိတ်လေးကို ထုတ်ကာ ပေးချေလိုက်သည်။

မိန်းကလေးများမှာ ယောက်ျားလေးများထက် ပို၍ ဂရုတစိုက်ရှိကြသည်ပင်။

သို့သော် ၎င်းက အနီးအနားရှိ လူငယ်စုံတွင်မှ ကောင်လေးအား အထင်မြင်သေးသွားစေခဲ့သည်။

ထိုလူမှာ အတော်လေး ယောက်ျားဆန်သည်။ သို့သော် သူသည် ကောင်မလေး၏ပိုက်ဆံအား သုံးနေသေးလေ၏။ အထင်သေးစရာပင်။ အတော်လေး အထင်သေးစရာပင်။

သူသည် အထင်သေးနေရင်းဖြင့် ဆိုင်ရှင်အား "မကောင်းဆုံး နှစ်စုံပေးပါ။ ငါရှင်းမယ်"

သို့သော် သူအထင်သေးနေခဲ့သည့်စုံတွဲမှာ ယခုအချိန်တွင် လေးနှစ်အရွယ်ကလေးတစ်ယောက် ရှိနေပြီဆိုသည်ကို သူသိခဲ့ပါက ရင်ခုန်သွားလောက်ပေသည်။

ငွေရှင်းပြီးနောက်တွင် ကျွန်းဟန်သည် ပစ္စည်းများကို ယူကာ အနားရှိ ထိုင်ခုံတွင် ထိုင်လိုက်သည်။ သူသည်

ဇီယန်၏ဖိနပ်ကြိုးများကို ဖြည်ပေးပြီး သူမ အလွယ်တကူစီးနိုင်စေရန် ပေးလိုက်သည်။

ကျန်းဟန်သည် ဖိပ်စီးပြီးနောက် ကြိုးများကို ချည်လိုက်၏။ သူသည် ဇီယန်အား ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။ “ဘယ်နှပတ်စီးမလဲ”

“နေဦး။ အကာအကွယ်ပစ္စည်းတွေ ဝတ်ရမယ်” ဇီယန်သည် အကာအကွယ်ပစ္စည်းများကို ကောက်ယူကာ ကျန်းဟန်အား ပေးလိုက်သည်။

“ကိုယ်ရှိနေရင် မင်း လုံးဝပြုတ်ကျမှာ မဟုတ်ဘူး” ကျန်းဟန်က အနည်းငယ် ပြုံးကာ ပြောသည်။

“မရဘူး။ ရှင် အဲဒါတွေ ဝတ်ရမယ်” ဇီယန်သည် သူမကိုယ်တိုင် ဝတ်ရုံသာမက ကျန်းဟန်ကိုလည်း ဝတ်ခိုင်းသည်။

ဝတ်ပြီးသည်နှင့် သူမက ပြုံးက "ကျွန်မက ကစားတာ သိပ်မတော်ဘူး"

"ကိုယ်မင်းကို ခေါ်သွားပေးမယ်။ ဘာတွေကြောက်နေတာလဲ။ လာပါ" ကျန်းဟန်က မတ်တပ်ရပ်ကာ ဇီယန်ရှေ့သို့ လျှောခနဲ ရွေ့သွားပြီး သူမ၏ လက်နှစ်ဖက်ကို ကိုင်လိုက်သည်။ သူမ မတ်တပ်ရပ်ပြီးနောက် ကျန်းဟန်၏ညာလက်က ဇီယန်၏ဘယ်လက်ကို ဆုပ်ကိုင်၍ ရှေ့သို့ လျှောထွက်သွားကြသည်။

"ဟေး...ဖြေးဖြေး ဖြေးဖြေး" ဇီယန်မှာ ထပ်ခါတလဲလဲပြော၏။

"ကောင်းပြီ"

ကျန်းဟန်က သူမပြောသည်ကို သဘောတူကာ အနည်းငယ် အရှိန်လျှော့လိုက်သည်။ သူတို့သည် ရင်ပြင်၏ဘယ်ဘက်ခြမ်းတွင် အကြိမ်အနည်းငယ် လျှောစီးပြီးနောက် ဇီယန်လည်း ကျင့်သားရသွား၏။

သို့သော် သူတို့နှစ်ဦးမှာ မျက်စိပသာဒဖြစ်လာ၏။ ဇီယန်သည် ဦးထုပ်ဆောင်းထားသော်လည်း သူမ၏အသွင်အပြင်မှာ အမှန်တကယ် စွဲဆောင်မှုရှိ၏။

ကျင့်သားရသွားပြီးနောက်တွင် ဇီယန်လည်း စိတ်ကိုလျှော့ထားလိုက်၏။ သူမသည် ကျန်းဟန်အား ကြည့်ကာ "ရှင် စကိတ်စီးတာ အရမ်းတော်တာပဲ။ ရှင်က အကုန်လုံးကို တတ်နေတဲ့ပုံပဲ"

"ကိုယ်အသက် ၁၆ နှစ်လောက်က ထင်တယ်။ ကိုယ် အထက်တန်း တတိယနှစ်မှာ စပြီးကစားခဲ့တာ။ ငယ်ငယ်တုန်းက တစ်နှစ်ကျော်လောက်ကြာအောင် ကစားခဲ့တယ်"

"ရှင် အသက် ၁၆ နှစ်တုန်းက စီနီယာအထက်တန်းတက်နေပြီလား။ ဘာလို့ ဒီလောက် စောနေတာလဲ" ဇီယန် စိတ်ဝင်တစားမေးသည်။

"ကိုယ်က မူလတန်းမှာ နှစ်ဆင့်၊ အလယ်တန်းမှာ နှစ်ဆင့် ကျောက်တက်ပြီးတော့ အထက်တန်းကို ပုံမှန်အတိုင်းပဲ တက်ခဲ့တယ်" ကျန်းဟန်၏မျက်လုံးများမှာ အမှတ်ရစရာ အရိပ်အယောက်များဖြတ်ပြေးသွား၏။

"ရှင်က စာတော်တဲ့ကျောင်းသားဖြစ်ရမယ်"

"ဟားဟား...ဖြစ်နိုင်ပါတယ်။ အဲဒီအချိန်တုန်းက ကိုယ့်အဖေက အောင်မြင်မှုရှိနေပြီး ကိုယ်ကလည်း အိမ်မှာ သခင်လေးတစ်ယောက်ဖြစ်တော့မယ်။ သူက ကိုယ့်ကို အမြဲတမ်း ကြိုးစားဖို့ သင်ပေးတယ်။ မိသားစုရဲ့ မျိုးဆက်သစ်တွေအတွက် စံဖြစ်ရမယ်ပြောတယ်။ ပြီးတော့ အမေကလည်း ကိုယ်ကို့ ငယ်ငယ်ကတည်းက တင်းကြပ်တယ်။ ဒါကြောင့် ကိုယ် စာလုပ်ဖြစ်တာ"

"အို:"

"နောက်တော့ အထက်တန်း တတိယနှစ်တက်ပြီးတော့ ကျောင်းတက်ရတာကို မကြိုက်တော့ဘူး။ နည်းနည်း

တော်လှန်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်။ ဒါပေမယ့် အရင်က စာကြိုးစားခဲ့တော့ ပေကျင်းတက္ကသိုလ်ကို ဝင်ခွင့်ရခဲ့တယ်။ အပြင်မှာ ပျော်ပါးနေပြီးတော့ ပြဿနာတွေ အများကြီးရှာခဲ့တယ်။ ဒါပေမယ့် အဲဒီတုန်းက အဖေက မိသားစုခေါင်းဆောင်ဖြစ်တဲ့အတွက် ပြဿနာမှန်သမျှကို ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ပြီးတော့ တဖြည်းဖြည်းနဲ့ ကိုယ်လည်း တိုင်ကွန်းရဲ့သားဖြစ်လာခဲ့တယ်” ကျန်းဟန်က အနည်းငယ် ရယ်စရာကောင်းသည်ကို ခံစားလိုက်ရ၏။

“ပလေးဘိုင်းပေါ့” ဇီယန်သည် အနည်းငယ် နှာခေါင်းရှုံ့လိုက်၏။

“မင်းကရော။ ကိုယ်မှတ်မိတာ မင်း ဖျော်ဖြေရေးနယ်ပယ်ကို ဝင်တုန်းက မင်းကို တရုတ်လို့ မိတ်ဆက်ပေးခဲ့တာ မဟုတ်ဘူး”

“သွေးသားဆက်နွှယ်မှုအရဆိုရင်တော့ ကျွန်မတို့ တစ်မိသားစုလုံးက တရုတ်တွေပဲ။ ဒါပေမယ့် အရင်မျိုးဆက်က

လူကြီးတွေအားလုံး စကော်ပူကို ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အဲဒီမှာပဲ တိုးတက်လာခဲ့ကြတာ။ နောက်ပိုင်း ကျွန်မ အသက်မွေးဝမ်းကြောင်းအတွက် အိမ်ထောင်စုစာရင်းကို ဟောင်ကောင်ကို ပြောင်းရွှေ့ခဲ့တယ်" ဇီယန်က ပြန်ပြောသည်။

"သြော် ဒါဆို မင်း ဘာလို့ စကော်ပူမှာ မနေတာလဲ" ကျန်းဟန်က ပေါ့ပေါ့ပါးပါးမေးသည်။

"အဲဒီတုန်းက ကျွန်မ အိမ်နဲ့နီးတဲ့နေရာမှာ မနေချင်ဘူး...."

ဤသို့ဖြင့် သူတို့နှစ်ဦးသည် နူးညံ့ဖျော့တော့သည့် ညအလင်းရောင်အောက်တွင် စကားပြောနေခဲ့ကြသည်။ ယောက်ကျားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဤအကြောင်းအရာများကို ပြောလာကြသည့်အချိန်တွင် သူတို့၏နှလုံးသားများမှာ တစ်ယောက်နှင့်တစ်ယောက် စိတ်ဝင်စားကြောင်း ပြသနေပေသည်။

သူတို့ ဘယ်နှပတ်စီးခဲ့ကြလဲ မသိတော့ချေ။ ဇီယန်သည် လက်အိတ်ဝတ်ထားရသဖြင့် အနည်းငယ် ကြပ်လာကာ

သူတို့၏လက်အိတ်ကို ချွတ်လိုက်ပြီး ကျန်းဟန်သည် ဇီယန်၏ဖြူဖွေးနူးညံ့သည့် လက်ဖဝါးလေးများကို ဆုပ်ကိုင်လိုက်ပြန်သည်။

ဇီယန်သည် ကျန်းဟန်အား သူမကို ဆွဲခေါ်သွားရန် ခွင့်ပြုလိုက်ပြီး သူတို့သည် စကားပြောနေရင်းဖြင့် အေးအေးဆေးဆေးဖြစ်နေခဲ့ကြသည်။

မိနစ် ၂၀ ခန့်စကားပြောပြီးနောက် တိတ်ဆိတ်သွားကြပြန်သည်။

ကျန်းဟန်သည် စဉ်းစားပြီးနောက် လှည့်ကြည့်လိုက်သည်။ သူသည် နောက်ပြန်ဆုတ်သွားပြီး ဇီယန်နှင့် ဆန့်ကျင်ဘက်သို့ လျှောထွက်သွား၏။ သူတို့သည် တစ်ယောက်မျက်လုံးကို တစ်ယောက်ကြည့်ရင်း နူးညံ့သည့် မီးတောက်များ နိုးကြွလာခဲ့သည်။

"အဲဒီနေ့က မင်းထွက်သွားတော့ ကိုယ်အရမ်းလွမ်းနေခဲ့တာ"

ရုတ်တရက် ကျန်းဟန်က နူးညံ့စွာ ပြောလိုက်သည်။

ဇီယန်သည် နှလုံးသားထဲတွင် မီးတောက်သွားသလို ခံစားလိုက်ရပြီး ကျန်းဟန်အား လှပသည့်မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

ကျန်းဟန်နှင့် ဇီယန်သည် တစ်ယောက်ကို တစ်ယောက် အချိန်အတန်ကြာ စိုက်ကြည့်နေခဲ့ကြ၏။

"ကျွန်မ..."

ဇီယန် စကားပြောတော့မည့်အချိန်တွင် သူမ၏ခြေဖဝါးများက စောင်းကျသွားကာ မျက်လုံးများ ပြူးကျယ်သွား၏။ "အား"

သူမ ဟန်ချက်မထိန်းနိုင်တော့ဘဲ လဲကျတော့မည်ဖြစ်သည်။

သူမ၏ခန္ဓာကိုယ်က လွင့်ပျံလာသည်ကို ခံစားလိုက်ရပြီး နောက်အခိုက်အတန့်တွင် ယောက်ျားပီသကာ ပြည့်ဖြိုးသည့် ရင်အုပ်ပေါ်သို့ လဲကျသွားလေ၏။

ကျန်းဟန်သည် သူမအား မင်းသမီးလေးကဲ့သို့ပင် သူ၏ရင်ခွင်ထဲ၌ ပွေ့ဖက်ထားလိုက်သည်။

ဇီယန်သည် အနည်းငယ် ခေါင်းမော့လာပြီး နီးကပ်နေသည့် ကျန်းဟန်၏ပါးပြင်ကို ကြည့်လိုက်သည်။ ဤအခိုက်အတန့်တွင် သူမသည် ဤအမျိုးသား၏အသက်ရှူသံကြောင့် အသက်ရှူကြပ်လာသလို ခံစားလိုက်ရလေ၏။

...

-အပိုင်း(၂၄၅ - B) ပြီး

wunzinnosp

## အပိုင်း(၂၄၆) လာတော့မည့် မွေးနေ့

“အိုး...”

ဇီယန်သည် ကျန်းဟန်၏လည်ပင်းအား အလိုအလျောက် သိုင်းဖက်ထားလိုက်၏။ ထိုလှုပ်ရှားမှုက အနည်းငယ်ဒွိဟဖြစ်သွားစေသည်ကို သဘောပေါက်သွားပြီး ရုတ်တရက် မျက်နှာနီမြန်းလာကာ ကျန်းဟန်၏ရင်ဘတ်ထဲတွင် မျက်နှာကို ဖုံးကွယ်ထားလိုက်သည်။

“ဟားဟား...”

ကျန်းဟန်က ရယ်မောလိုက်ပြီး ဇီယန်အား ပွေ့ဖက်ထားကာ အနီးရှိ ထိုင်ခုံဆီသို့ လျှောက်သွားလိုက်သည်။

ထိုအချိန်တွင် ဇီယန်၏ ဆံနွယ်ရှည်များမှာ ရေတံခွန်ကဲ့သို့ ပြိုကျပြေလျော့လာပြီး လေပြေလေညှင်းလေးကြောင့် သူမ၏ ပုခုံးထက်တွင် လွင့်နေလေသည်။

စွဲမက်ဖွယ်ကောင်းသည့် ဤမြင်ကွင်းက လူများစွာ၏အာရုံကို တဖြည်းဖြည်း စွဲဆောင်လာခဲ့သည်။

ဇီယန်၏အသွင်အပြင်နှင့် မရေရာသည့်မျက်နှာကို ကြည့်ခြင်းဖြင့် သူမသည် အလွန်လှပကြောင်း ပြောနိုင်သည်။ အချို့သူများမှာ ထိုယောက်ျားတွင် ထိုသို့လှပသည့်ကောင်မလေးရှိသည့်အတွက် အားကျမနာလို ဖြစ်နေကြသည်။

အချို့လူများမှာ နွေးထွေးမှုကို ခံစားနေရ၏။ မိမိ၏ကောင်မလေးနှင့်အတူ လက်မောင်းထက်တွင် ပွေ့ဖက်ကာ စကိတ်စီးရသည်က မည်မျှ ချိုမြိန်လိုက်မည်ကို စိတ်ကူးကြည့်လို့ပင် မရနိုင်ချေ။

စုံတွဲတစ်တွဲ ဤကဲ့သို့ ပျော်ရွှင်မှုမျိုးကို တွေ့ကြုံခံစားနိုင်ရန် ယောက်ျားလေးဖြစ်သူသည် သူ၏ရည်းစားအား ပွေ့ချီနိုင်သည့် ခွန်အားရှိရန် လိုအပ်ပေသည်။

ဤမြင်ကွင်းမှာ ရိုမန့်တစ်ဆန်သည်ဟု လူအချို့က ယူဆကြပြီး ကြည်နူးနှစ်လိုဖွယ်ခံစားချက်ကို ပေးစွမ်းလေသည်။

ဤသို့ဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ သူတို့နှစ်ယောက်လုံးသည် ချောမောသည့်စုံတွဲဖြစ်နေခြင်းကြောင့်ပင်။ ရုပ်ဆိုးဆိုးစုံတွဲသာဆိုလျှင် ဤသို့သော မြင်ကွင်းမှာ ရိုမန့်တစ်ဆန်နေသေးသော်လည်း ကြည့်ရသည်ကို နှစ်လိုသဘောကျမည်ဟုတ်ချေ။ လူပဲဖြစ်စေ အရာဝတ္ထုဖြစ်စေ တစ်စုံတစ်ခုအား ကြည့်၍ နှစ်လိုသဘောကျမှုခံစားရစေရန်အတွက် မြင်ကွင်းက လှပနေဖို့ လိုပေသည်။

သူတို့ထဲမှ လူငယ်စကိတ်စီးသူများက အော်ဟစ်အားပေးကြသည်။

“ဝိုး…”

"ဝါး...သူက ကောင်မလေးကို လက်ထဲပွေ့ပြီး စကိတ်စီးနေတယ်။ အရမ်းမိုက်တယ်ကွာ"

"လုံးဝ အမေဇင်းပဲ"

"သူက အရမ်းချောတာပဲ"

"..."

သို့သော် သူတို့၏ အော်ဟစ်အားပေးသံများက ဇီယန်ကို ရှက်ရွံ့သွားစေပြီး မျက်နှာနှင့် နားရွက်များ နီးမြန်းလာလေသည်။ သူမသာ ခေါင်းကို မော့ထားပါက သူမ၏ချစ်စရာကောင်း၍ လှပသည့်မျက်နှာလေးကို လူများ မြင်ကြရပေမည်။

"အာ ကျွန်မကို မြန်မြန် အောက်ချပေး။ မဟုတ်ရင် တခြားသူတွေက ကျွန်မတို့ကို ရယ်နေလိမ့်မယ်" ဇီယန်သည် ဘယ်လက်ကို ထုတ်ကာ ကျန်းဟန်၏ရင်ဘတ်အား

လက်သီးဆုပ်ကလေးဖြင့် နှစ်ချက်ခန့် ညင်သာစွာ ရိုက်လိုက်သည်။

ကျန်းဟန်သည် မြင်ကွင်းအား စိတ်ကူးမယဉ်ဘဲ မနေနိုင်ချေ။ ကြီးမားသည့် ရင်အုပ်အား ထိုးနေသည့် လက်သီးဆုပ်ကလေးများပင်။

အိုး...။

ထိုအကြောင်းကို တွေးရင် ကျန်းဟန် ရင်ခုန်သွားသော်လည်း ထိုသို့သော မြင်ကွင်းမျိုးက ပေါ်မလာခဲ့ချေ။

ထို့ကဲ့သို့ ကလူ၏မြူ၏လုပ်တတ်သည့် မိန်းကလေးမျိုးမှာ များသောအားဖြင့် စိတ်ကူးယဉ်မှုတွင်သာ ရှိတတ်ကြပြီး အလွန်ရှားပါးသော အခြေအနေမျိုးတွင်သာ ဖြစ်နိုင်ပေသည်။ နောက်ဆုံးတွင်တော့ ကမ္ဘာကြီးသည် မည်သည့်အခါမှ ရပ်တန့်မနေသည့် ကျယ်ပြန့်သော နေရာတစ်ခုဖြစ်ပေသည်။

အမျိုးသမီးများမှာ အပြောင်းအလဲအကွေ့အကောက်များကြသည်။ သူတို့တွင် ချိုမြိန်သည့်ဘက်ခြမ်း၊ ဒေါသကြီးသည့်ဘက်ခြမ်း၊ မတရားသည့်ဘက်ခြမ်း စသဖြင့် ရှိကြသည်။ တစ်ခါတစ်ရံ အလိုလိုက်ခံရသည့်ကလေးများကဲ့သို ပြုမူတတ်ကြ၏။ ကျန်းဟန်သည် ဇီယန် မည်သို့ ပြုမူမည်ကို မသိရှိချေ။ ထို့ကြောင့် သူသည် ဇီယန်၏ ရုက်ကိုးရုက်ကန်းအပြုအမူကို ကြည့်လိုသည်။

ကျန်းဟန် တွေးနေရင်းမှာပင် ခုံတန်းဆီသို့ ရောက်သွား၏။

"အရှုး ကျွန်မကို အခု အောက်ချပေး" ဇီယန် နှုတ်ခမ်းစူလိုက်သည်။

သူမ၏စကားကို ကြားသည့်အခါ ကျန်းဟန်က သူမအား ခုံတန်းပေါ် တင်ပေးလိုက်သည်။ သူ၏လှုပ်ရှားမှုက

နူးညံ့သိမ်မွေ့လွန်းသဖြင့် ဇီယန်သည် သူ၏စိုးရိမ်မှုအား ခံစားမိလိုက်ရသည်။

ဇီယန် ထိုင်လိုက်ပြီးနောက် ကျန်းဟန်သည် ဆယ်မီတာအကွာရှိ ခုံတန်းအောက်မှ သူတို့၏ဖိနပ်များကို သွားယူကာ လဲလိုက်ကြသည်။ ထိုနောက် ဘာမှ မပြောကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ရင်း နွေးထွေးမှုကို ခံစားနေကြရသည်။

နှစ်မိနစ်ကြာပြီးနောက်။

"မင်း"

"ကျွန်မ"

မထင်မှတ်ဘဲ သူတို့နှစ်ယောက် စကားပြိုင်တူပြောလိုက်မိကြသည်။

ဤအခိုက်တွင်တော့ ဇီယန် မရယ်ဘဲ မနေနိုင်တော့ချေ။ သူမသည် ကျန်းဟန်အား စိုက်ကြည့်ကာ ပြုံးနေပြီး ဘာမှ မပြောတော့။

ကျန်းဟန်က ရယ်မောလိုက်ပြီး "မုန့်မုန့်ရဲ့ မွေးနေ့အကြောင်း ကိုယ့်ညီမနဲ့ စကားပြောဖြစ်တုန်းက သူမရဲ့ အိမ်ထောင်စုစာရင်းနဲ့ပတ်သက်ပြီး ပြဿနာကို ကိုယ်တွေးမိခဲ့တယ်။ သူမရဲ့ အမြဲတမ်းနေထိုင်ရာမှတ်ပုံတင်ထားတာက ဘယ်မှာလဲ။ ပြီးတော့ သူမနာမည်ကိုလည်း မပြောင်းရသေးဘူး။ ကိုယ်..."

"ရှင်လား" ဇီယန် မျက်လုံးပြူးသွားသည်။

သူဘာကိုဆိုလိုတာလဲ။ အိမ်ထောင်စုမှတ်ပုံတင်ထည့်ဖို့ အလေးအနက်တောင်းဆိုနေတာလား။ သုံးယောက်လုံး မိသားစုတစ်ခုဖြစ်အောင် လုပ်ရမှာ မဟုတ်လား။ သူငါ့ကို ဖွင့်ပြောနေတာလား။

"ကောင်းလိုက်တဲ့ ကြိုးစားမှု" ဇီယန် သူ့အား ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

"ဘာလဲ" ကျန်းဟန် ရုတ်တရက် အေးခဲသွား၏။ ဇီယန်က ဘာလို့ သူ့အား တိုက်ရိုက် ငြင်းပယ်လိုက်ရတာလဲ။

"ရှင်ဘာပဲလိုချင်ချင် ကျွန်မအခု မလိုက်လျောပေးနိုင်ဘူး" ဇီယန်သည် နှာခေါင်းရှုံ့လိုက်၏။ "ရှင်က မုန့်မုန့်နဲ့ကျွန်မကို တွေ့တာ တစ်လကျော်ပဲရှိပေးတယ်။ မုန့်မုန့်ရဲ့ အိမ်ထောင်စုမှတ်ပုံတင်ကို ပြောင်းဖို့ ကျွန်မ သဘောမတူနိုင်သေးဘူး။ ရှင့်ကို အချိန်အတိုင်းအတာ တစ်ခုအထိ စစ်ဆေးရားမယ်။ ရှင်အခု ဟန်ဆောင်နေပြီးတော့ အနာဂတ်မှာ အရိုင်းအဆိုင်းတစ်ယောက်ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"အာ..." ကျန်းဟန်သည် ဇီယန်အား အူကြောင်ကြောင်အမူအရာဖြင့် ကြည့်လိုက်သည်။

အချိန်ခဏလောက်စဉ်းစားပြီးနောက် ဇီယန်၏အတွေးများကို သူ နားလည်လာသည်။ တကယ်တမ်းတွင် သူသည် မုန့်မုန့်၏မွေးနေ့နှင့် သူမ၏နာမည်ကို မေးမြန်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဇီယန်၏သဘောထားနှင့် စကားများအရ ယခုလောလောဆယ် သူမ ငြင်းဆန်သော်လည်း အနေးနှင့်အမြန် သူမ လက်ခံလာမည်ဖြစ်သည်။

ကျန်းဟန် ခေါင်းယမ်ကာ “ကိုယ်တို့ မုန့်မုန့်ရဲ့ နာမည်ကို ဘာလို့ အရင်မပြောင်းရမှာလဲ။ သူမရဲ့ မွေးနေ့ကရော ဘယ်နေ့လဲ”

“ကျွန်မတို့ရဲ့စာရင်းကို ဟောင်ကောင်ကို ပြောင်းတဲ့အချိန်ကျရင် နာမည်ပြောင်းလို့ရတယ်။ မုန့်မုန့်ရဲ့ မွေးနေ့က လပြက္ခဒိန်(Lunar Calendar)မှာဆို အောက်တိုဘာလ ၂၇ ရက်၊ နေပြက္ခဒိန်(Solar Calendar)မှာဆို ဒီဇင်ဘာ ၁၃ ရက်” ဇီယန် ပြန်ဖြေသည်။

ပြောပြီးသည်နှင့် ဇီယန်သည် ကျန်းဟန်အား လှပသည့်မျက်လုံးများဖြင့် စိုက်ကြည့်ရင်း တစ်စုံတစ်ရာအား သတိရသွားဟန်ရသည်။

"အင်း အောက်တိုဘာ ၂၇ ရောက်ဖို့ တစ်လခွဲလောက်ပဲလိုတော့တယ်"

ကျန်းဟန်၏မျက်လုံးများမှာ အနည်းငယ် မှေးစင်းသွားပြီး မုန့်မုန့်အား မွေးနေ့လက်ဆောင်ပေးရန်အတွက် တွေးနေပြီဖြစ်သည်။

ထိုနောက်တွင် ကျန်းဟန် တိတ်ဆိတ်သွားပြီး နောက်ထပ် မမေးတော့ချေ။

သို့သော် သူ၏အပြုအမူက ဇီယန်အား မကျေမနပ်ဖြစ်သွားစေသည်။ သူမသည် ရုတ်တရပ် ထရပ်ကာ နှာခေါင်းရှုံ့၍ ပြောလိုက်သည်။

"ကျွန်မ ရေခဲမုန့်သွားဝယ်လိုက်ဦးမယ်"

ထိုနောက် သူမသည် ကျန်းဟန်အား လျစ်လျူရှုထားပြီး ရှော့ပင်းမောလ်ဆီသို့ တန်းတန်းလျှောက်သွားလေ၏။

"အမ်"

ကျန်းဟန် ခဏလောက် တန့်သွားပြီး ရယ်မောလိုက်သည်။

နတ်ဘုရားမလေးသည် သူမ၏မွေးနေ့အား လျစ်လျူရှုထားသည့်အတွက် မကျေမနပ်ဖြစ်သွားလေ၏။

ကျန်းဟန် ရယ်မောလိုက်ပြီးနောက် စကိတ်များကို ကောက်ကိုင်ကာ သူမနောက်သို့ လိုက်သွားသည်။ သို့သော် အံ့ဩမှုများက ရလဒ်ကောင်းများကို ပေးစွမ်းနိုင်သည့်အတွက် သူသည် ဇီယန်အား သူမ၏မွေးနေ့အကြောင်း မေးရန် ရည်ရွယ်ချက်မရှိချေ။

ဇီယန်သည် အရသာမတူညီသည့် ရေခဲမုန့်ဆယ်ခုဝယ်ပြီးနောက် အပေါ်သို့ ပြန်တက်သွားသည်။

ကျန်းဟန်သည် စကိတ်များကို စင်ပေါ်တင်ပြီးနောက် လိုက်တက်သွားသည်။ ကလေးနှစ်ယောက်မှာ ဆိုဖာပေါ်တွင် အရုပ်များဖြင့် ကစားနေကြ၏။

"အိုး...ရေခဲမုန့်သွားတယ်တာ တော်တော်ကြာတယ်နော်။ တစ်နာရီတောင် ကျော်သွားပြီ ဟီးဟီး"

အပြင်လူများရှိနေသော်လည်း ကျိုးဖေးသည် သူတို့အား မစဘဲ မနေနိုင်ချေ။

"ငါသိတယ် ငါသိတယ်" ဝမ်ကျားဝမ်သည် ကျန်းဟန်အား ယောက်ျားချင်းချင်း နားလည်ပါတယ်ဆိုသည့် ဟန်ဖြင့် ကြည့်နေလေသည်။

သူ၏အမြင်တွင် မစ္စတာကျန်းသည် ဇီယန်၏ခင်ပွန်းအနေဖြင့် အလွန်ပျော်ရွှင်နေရပေမည်။ နောက်ဆုံးတွင်တော့ ဇီယန်သည် နူးညံ့သိမ်မွေ့ကာ လှပသည့်မျက်နှာလေးဖြင့် ပေါင်းစပ်ထားသည့် စွဲမက်ဖွယ်

ကိုယ်အလှရှိပေသည်။ ယောက်ျားတစ်ယောက်အနေဖြင့် ဖြစ်ပျက်ခဲ့သည်ကို နားလည်ပေသည်။

ထို့ပြင် ဇီယန် မရှိသည့်အချိန်က နလုံးသားကို နှိုးကြွစေနိုင်သည်ကိုလည်း သူသိ၏။ ဇီယန် အလုပ်ခရီးမှ ပြန်လာကတည်းက သူတို့တွင် အတူတူအချိန်ကုန်ဆုံးရန် ရှိရပေသည်။

ဇီယန်သည်တော့ ဝမ်ကျားဝမ်၏အမူအရာအား မြင်လိုက်ရပြီးနောက် ပူလောင်လာသလို ခံစားလိုက်ရ၏။

သူမ ဘာတွေးနေတာလဲ။

ဇီယန် နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး ကျိုးဖေးအား ကြည့်ကာ “ငါတို့ ရိုလာစကိတ်စီးနေလို့ပါ”

“ရိုလာစကိတ်စီးတာလား။ ဟီးဟီး”

ကျိုးဖေးသည် “နင်တို့နှစ်ယောက် အိပ်ရာထဲမှာ စကိတ်စီးနေကြတာမလား” အသိသာကြီးဆိုသည့်

အမူအရာဖြင့် ပြောလိုက်သည်။ သို့သော် သူမသည် စနောက်ရုံသာဖြစ်လေသည်။ အစ်မယန်သည် ရှေးရိုးဆန်လွန်းသည့်အတွက် သူမတို့နှစ်ယောက် ရှေ့သို့မြန်မြန် ခရီးရောက်ဦးမည်မဟုတ်ကြောင်း သူမ သေချာပေါက် သိလေသည်။

"ရေခဲမုန့်တွေ။ သမီး နှစ်ခုစားချင်တယ်" ဝမ်ရီဟာန်သည် ဘာကိုမှ ဂရုမစိုက်ချေ။ သူမလေးသည် ဇီယန်၏လက်ထဲမှ ရေခဲမုန့်များကို စိုက်ကြည့်နေ၏။

"အမ်ဟမ်…သမီးက တစ်ခုစားမယ်" မုန့်မုန့် နှုတ်ခမ်းစူလိုက်သည်။ ဖေဖေသည် သူမအား အပြင်သွားသည့်အခါတိုင်း ရေခဲမုန့်တစ်ခုသာစားခွင့်ပြု၏။ မဟုတ်သေးချေ။ တစ်ခုထက်ပင် နည်းသည်။ ဖေဖေသည် အမြဲတမ်း အကိုက်ကြီးကြီးတစ်ကိုက်စားလေ၏။

ဇီယန်သည် အားလုံးကို ရေခဲမုန့်များ ဝေပေးပြီးနောက် ကျန်သည်များကို ရေခဲသေတ္တာထဲ ထည့်ထားလိုက်သည်။

ရေခဲမုန့်စားပြီးနောက်တွင် ည ၁၀ နာရီခန့်ရှိနေပြီဖြစ်သည်။ ဤတစ်ကြိမ်တွင်တော့ ဝမ်ရီဟန်မှာ အိမ်ပြန်ရန် ဆန္ဒရှိလေသည်။

“ဘိုင့်ဘိုင့် မုန့်မုန့်၊ အန်ကယ်ကျန်း၊ အန်တီဇီ၊ အန်တီကျိုး” ဝမ်ရီဟန်က သူတို့အား နှုတ်ဆက်သည်။ ရက်အနည်းငယ်ကြာလျှင် မုန့်မုန့်ဆီ ထပ်လာလည်ရန် သဘောတူပြီးနောက် သူမ ပြန်သွားခဲ့သည်။

သူတို့ ထွက်သွားပြီးနောက် ဇီယန် နာရီကို တစ်ချက်ကြည့်လိုက်ပြီး ပြောသည်။ “ကျွန်မ အိပ်ခန်းထဲသွားပြီး အဝတ်အစားတွေ ပြင်ဆင်လိုက်ဦးမယ်။ မုန့်မုန့် ခဏလောက် ကစားလို့ရတယ်။ မေမေ အဝတ်အစားတွင် ပြင်ပြီးရင် အိပ်ရာဝင်ကြမယ်နော်”

“ဟုတ်ကဲ့” မုန့်မုန့်က လိမ္မာစွာ တုံ့ပြန်သည်။

ဇီယန် ပြုံးလိုက်ပြီး အိပ်ခန်းဆီသို့ လျှောက်သွား၏။ ခြောက်မီတာရှည်သည့် နံရပ်ကပ်ဗီရိုကြီးသည် သူမ၏

အဝတ်အစားများဖြင့် ပြည့်နေ၏။ အထဲတွင် အဝတ်အစား အစုံနှစ်ရာထက်မနည်းရှိပြီး အပိုပြောနေသည်မဟုတ်ချေ။ ဤတစ်ကြိမ်တွင် သူမသည် အဝတ်အစားများများ ယူလာမည်ဖြစ်သည်။ အဝတ်အစားများကို ခရီးဆောင်အိတ်အချို့ဖြင့် ထည့်ရမည်ဟု သူမ တွေးလိုက်မိသည်။

ဗီယန် အခန်းထဲဝင်သွားချိန်တွင် ကျန်းဟန်သည် ဆိုဖာပေါ်ထိုင်နေလေသည်။ သူသည် ကျိုးဖေး၏လက်မောင်းအား အသာပုတ်ကာ တိုးတိုးလေး မေးလိုက်၏။ "ဗီယန်ရဲ့ မွေးနေ့က ဘယ်နေ့လဲ သိလား"

"မွေးနေ့လား။ ဟဲဟဲ" ကျိုးဖေးမှာ မျက်ခုံးပင့်လိုက်ပြီး "ငါပြောပြရင် ဘာရမှာလဲ"

"မင်းလိုချင်တာ ပေးမယ်" ကျန်းဟန် ရယ်မောလိုက်၏။

"ငါ ဘယ်လောက်တောင်းတောင်းလား။ နင် ပြောတာက ပိုကောင်းမယ်ထင်တယ်နော်" ကျိုးဖေးက ပြုံးကာ ပြောသည်။

"ဒါဆို ကားတစ်စီးပေးမယ်။ မင်းကြိုက်တဲ့ကား ရွေးလို့ရတယ်။ ဘယ်လောက် ဈေးကြီးကြီး ကိစ္စမရှိဘူး။ ရပြီလား" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြောလိုက်သည်။

"ဟားဟား...နင်က အရမ်းရက်ရောပြီး တဲ့တိုးဆန်တာပဲ ခဲအို" ကျိုးဖေးက ရယ်မောကာ "ကောင်းပြီ။ နင်ငါ့ကို ပေးစရာတစ်ခုရှိတယ်လို့ မှတ်ထားလိုက်။ ငါနောက်မှယူမယ်။ ဒါဆို ငါ သူ့မမွေးနေ့ကို ပြောပြမယ်"

ပြောနေရင်းဖြင့် ကျိုးဖေးသည် ကျန်းဟန်၏နားရွက်နားတို့ တိုးကပ်ကာ တိုးတိုးလေးပြောလိုက်၏။ "အချိန်က ကပ်နေပြီ။ အစ်မယန်ရဲ့မွေးနေ့က သိပ်မလိုတော့ဘူး။ သူမက လပြက္ခဒိန်ဆို စက်တင်ဘာ ၁၅ ရက်၊ အိုင်ဒီကတ်မှာက အောက်တိုဘာ ၂၆ ရက်တဲ့"

"ရောက်တော့မှာပဲ" ကျန်းဟန် မျက်လုံးများ မှေးစင်းသွား၏။

ဇီယန်၏မွေးနေ့တွက် သူပြင်ဆင်ရတော့မည်ပင်။

...

-အပိုင်း(၂၄၆) ပြီး

wunzinnosp

## အပိုင်း(၂၄၇) ဖိတ်ခေါ်မထားသည့်ဧည့်သည်များ

“မုန့်မုန့် မေမေတို့ အိပ်ရာဝင်ကြရအောင်”

နာရီဝက်ကျော်ကြာအောင် ထုပ်ပိုးပြီးနောက်တွင် ဇီယန်သည် အဝတ်အစားများအပြည့်ထည့်ထားသည့် ခရီးဆောင်အိတ်သုံးလုံးကို သယ်ကာ ထွက်လာ၏။

“ဖေဖေ သမီးတို့နဲ့ အတူတူအိပ်ပါ” မုန့်မုန့်သည် ကျန်းဟန်၏လက်မောင်းနှစ်ဖက်ကို မှီကာ “ဖေဖေ့ရဲ့ ရင်ခွင်ထဲမှာ အိပ်ချင်တယ်” ဟု ကလေးသံလေးဖြင့် ပြော၏။

"မြန်မြန်ဝင်လာခဲ့" ဇီယန်က ကျန်းဟန်အား ကြည့်ကာ ပြောသည်။

ထို့ကြောင့် ကျန်းဟန်သည် မုန့်မုန့်အား ပွေ့ချီကာ ဇီယန်၏အိပ်ခန်းထဲသို့ လျှောက်သွားသည်။

"ဟင်း...နောက်ကျရင် သူတို့နှစ်ယောက်ရဲ့အချိုတွေကို နေတိုင်းမြင်နေရတော့မယ်ထင်ပါတယ်။ သနားစရာကောင်းလိုက်တဲ့ငါလေး။ ငါလေးက အရမ်းကျော့မော့လှပပေမယ့် ရည်းစားလေးတစ်ယောက်တောင် မရှိဘူး" ကျိုးဖေးသည် သက်ပြင်းချရင်း မတ်တပ်ထရပ်ကာ သူမ၏အိပ်ခန်းဆီသို့ သွားလိုက်၏။

ကျန်းဟန် ဇီယန်၏အိပ်ခန်းထဲသို့ ဝင်သည်မှာ ပထမဆုံးအကြိမ်မဟုတ်ချေ။

ဇီယန်သည် အိမ်တစ်ခုလုံး အစက်အပြောက်ကင်းစင်သည်အထိ

သန့်ရှင်းရေးလုပ်တတ်သည့် အမျိုးသမီးမျိုး မဟုတ်မှန်း သဘောပေါက်လိုက်သည်။ သူမသည် အရာအားလုံးအား လိုက်၍ လွှန်လွှန်ကဲကဲအမိန့်ပေးခိုင်းစေတတ်သည့် သူမျိုးမဟုတ်ချေ။ ထို့ပြင် ကျန်းဟန်မှာ စကိတ်စီးစဉ်က ဇီယန်သည် အရေးပါသည့်မိသားစုကြီးတစ်ခု၏သမီးဖြစ်မှန်း သိခဲ့ရသည့်အတွက် သူမကိုယ်တိုင်ပါ အခန်းသန့်ရှင်းရေးလုပ်နေရန် မလိုအပ်ချေ။

သူ၏အကူအညီမြှားနတ်မယ်လေး၏ တိုက်တွန်းမှုအောက်တွင် ကျန်းဟန်သည် အဝတ်အစားများကို ချွတ်မနေတော့ဘဲ အိပ်ရာပေါ်တွင် လှဲနေခဲ့ပြီး ဇီယန်နှင့် မုန့်မုန့်တို့သည်လည်း သူမတို့၏ညအိပ်ဝတ်စုံများကို ဝတ်ကာ အိပ်ရာပေါ် လှဲလျောင်းနေပြီဖြစ်သည်။

"ဖေဖေ ပုံပြင်ပြောပြ"

အဝါရောင်ဖျော့ဖျော့ အလင်းရောင်ကြောင့် မုန်မုန့်မှာ အိပ်ငိုက်လာသော်လည်း သူမလေးသည် ကျန်းဟန်၏ပုံပြင်ကို နားထောင်ချင်သေးသည်။

“လူပုဘုရင်က ရတနာတွေကို ရှာဖို့ သက်တောင်စောင့်တွေကို ခေါ်သွားတယ်။ သူတို့က မြင်းဖြူတွေကို စီးပြီးတော့ အမြန်သွားကြတာပေါ့။ ခုနစ်ရက်ကြာအောင် ခရီးနှင်ခဲ့ပြီး ဘေးကင်းကင်းရှိခဲ့ပေမယ့် သူတို့ တောထဲကို ရောက်တဲ့အခါမှာ ထူးဆန်းတာတစ်ခုကို ကြုံခဲ့ရတယ်...”

ကျန်းဟန်၏အသံသည် သားချော့တေးကဲ့သို့ပင် အလွန်နူးညံ့သိမ်မွေ့သဖြင့် မိနစ်အနည်းငယ်အတွင်း မုန့်မုန့်ကို အိပ်ပျော်သွားစေသည်။

ကျန်းဟန်သည် မုန့်မုန့်အိပ်ပျော်သွားသည်ကို သတိပြုမိသည့်အခါ ရပ်လိုက်၏။

“ဘာလို့ရပ်လိုက်တာလဲ”

ရုတ်တရက် ဇီယန်၏အသံတိုးတိုးက ကျန်းဟန်၏အာရုံကို ဖမ်းစားလိုက်သည်။ သူသည် တစ်ချက်လှမ်းကြည့်ပြီး ရယ်မောလိုက်၏။

ဇီယန်သည် ကျန်းဟန်အား စိုက်ကြည့်ကာ အိပ်ရာထက်တွင် လဲလျောင်းနေသည်။ သူမသည် မှင်တက်နေဟန်ရှိပြီး ချစ်စရာပုံစံလေးဖြစ်နေ၏။

“မုန့်မုန့် အိပ်ပျော်သွားပြီလေ” ကျန်းဟန်က တိုးတိုးလေးပြောသည်။

“အင်း” ဇီယန် အနည်းငယ်ပြုံးလိုက်ပြီး ဖြည်းညှင်းစွာ ပြောလိုက်၏။ “မုန့်မုန့်ကို ကုတင်လေးပေါ်ခေါ်သွားပါ”

“ဘာလို့ သူမကို ဒီမှာ မသိပ်တာလဲ” ကျန်းဟန်က သံသယဖြင့် မေးသည်။

“မရဘူး။ ကျွန်မက အိပ်ရင် စောင်ဆွဲတတ်တယ်။ ဒါကြောင့် ဒီမှာ အိပ်ရင် မုန့်မုန့် အဆင်ပြေမှာမဟုတ်ဘူး”

ဇီယန်က နှုတ်ခမ်းကို ညင်သာစွာကွေးညွှတ်၍ ပြောလိုက်သည်။

တစ်ခါတစ်ရံ သူမသည် မုန့်မုန့်အား ဖက်ထားရင်း အိပ်ချင်သော်လည်း မုန့်မုန့်၏ခန္ဓာကိုယ်မှာ သေးလွန်းလှသည်။ ဇီယန်သည် အိပ်ပျော်နေစဉ်တွင် မကြာခဏ လိမ့်လေ့ရှိသဖြင့် မုန့်မုန့်အား ကုတင်လေးပေါ်တွင် အိပ်ရန် ပြောလေ့ရှိ၏။

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်ကာ စောင်ကိုဖယ်လိုက်ပြီး မုန့်မုန့်အား ညင်သာစွာ ပွေ့ချီသွားလိုက်သည်။ မုန့်မုန့်အား ကုတင်လေးပေါ်တွင် သိပ်လိုက်ပြီးနောက် စောင်ခြုံပေးကာ ကျန်းဟန်သည် သူမလေး၏နူးညံ့သည့်ပါးပြင်လေးအား ညင်သာစွာ နမ်းလိုက်၏။

ကုတင်ကြီးပေါ်တွင် လှဲနေသည့် ဇီယန်မှာ ထိုမြင်ကွင်းကိုကြည့်ရင်း နွေးထွေးသွား၏။ ကျန်းဟန်

ထရပ်လိုက်ပြီး လှမ်းကြည့်နေသည်ကို မြင်သည့်အခါ သူမ တစ်စုံတစ်ရာအား မတွေးကြည့်ပဲ မနေနိုင်ချေ။

ကျန်းဟန်အား သူမ၏ဘေးတွင်ထားကာ သူ၏ရင်ခွင်ထဲတွင် အိပ်ရပါက ပို၍ သက်သောင့်သက်သာရှိမည်ထင်သည်။ သူမ တစ်ယောက်တည်း အချိန်အကြာကြီး အိပ်လာခဲ့ရသည့်အတွက် တစ်ခါတစ်ရံ သူမ အထီးကျန်သလို ခံစားရ၏။

သို့သော်သည်း ထိုအတွေးက သူမ၏စိတ်ထဲတွင် ပေါ်လာသော်လည်း သူမသည် ထိုအရာအား လုပ်မည်မဟုတ်သလို သူ့အားလည်း ပြောပြမည်မဟုတ်ချေ။ သူမ၏စိတ်ထဲတွင် ကျန်းဟန်အား အပြည့်အဝလက်မခံနိုင်သေးချေ။ ကျန်းဟန်သည် နှင်းဆီပန်းတစ်စည်း ယူလာပေးရုံမျှဖြင့် သူမနှင့် အတူရှိနိုင်ရန် မဖြစ်နိုင်သေးပေ။

"ကိုယ်လည်း အနားယူတော့မယ်" ကျန်းဟန်သည် ဇီယန်၏အတွေးကို သိနေသဖြင့် ဘာမှမပြောခင် ဇီယန်အား အကြိမ်အနည်းငယ် ကြည့်လိုက်၏။

"အင်း" ဇီယန်က အသာခေါင်းညိတ်သည်။

ကျန်းဟန် လှည့်သွားကာ တံခါးဆီသို့ လျှောက်သွား၏။ တံခါးဖွင့်၍ အပြင်ထွက်ခါနီးတွင် ဇီယန်က ပြောလိုက်သည်။ "ဂွတ်နိုက်ပါ"

"ဂွတ်နိုက်" ကျန်းဟန်လည်း ပြုံး၍ ပြန်လှည့်ကြည့်ပြီးနောက် တံခါးကိုဖွင့်ကာ အောက်ထပ် အိပ်ခန်းသို့ သွားလိုက်သည်။

"ဟင်း..."

ဇီယန်သည် ပါးလျသည့်နှုတ်ခမ်းလေးများကို ဖိကပ်ထားရင်း မျက်နှာကျက်ပေါ်ရှိ အလှဆင်ထားမှုများကို

စိုက်ကြည့်နေသည်။ သူမသည် စိတ်နှင့်ကိုယ်နှင့် မကပ်ဘဲ အတွေးထဲတွင် နစ်မြုပ်နေခဲ့သည်။

ကျန်းဟန် ပုံပြင်ပြောပြနေသည့်အချိန်တုန်းက သူမ အိပ်ချင်နေခဲ့သော်လည်း ကျန်းဟန်ထွက်သွားပြီးနောက်တွင် သူမ အိပ်ချင်ပြေသွားပြီး စိတ်ထဲတွင် အဓိပ္ပာယ်မဲ့သည့်အတွေးများဖြင့် ပြည့်လာလေသည်။

“စိတ်ရှုပ်ဖို့ကောင်းလိုက်တာ”

ဇီယန် တိုးတိုးလေး ဟစ်လိုက်ပြီး ဘယ်လက်ကို ဆန့်၍ ဖုန်းကိုယူလိုက်သည်။ သူမ အွန်လိုင်းရှော့ပင်းဆော့ဝဲကိုဖွင့်ပြီး တွေးတောနေခဲ့သည်။

စားသောက်ဆိုင်၏ဒုတိယထပ်ရှိ မာစတာအိပ်ခန်းအရွယ်အစားကို သူမ စိတ်ကျေနပ်သော်လည်း အတွင်းပိုင်းအဆင်တန်ဆာများမှာ သူမ၏အကြိုက်နှင့် မကိုက်ချေ။ အိမ်ပြောင်းရန် ဆုံးဖြတ်ပြီးကတည်းက သေသေချာချာလေး အလှဆင်ချင်ခဲ့သည်။

"အိပ်ရာက သိပ်မကောင်းဘူး"

ဇီယန်သည် အင်တာနက်တွင် ကုတင်များကို ရှာဖွေနေခဲ့ပြီး ၁.၈၈ မီတာနှင့် ၂.၂၅ မီတာ ရှိသည့် ဥရောပစတိုင် ကုတင်တစ်ခုံးကို ယွမ် ၂၅၀၀၀ ကျော်ကဖြင့် ဝယ်ခဲ့သည်။

အိပ်ရာဝယ်ပြီးမှတော့ မွေ့ယာနှင့် အိပ်ရာခင်းများကိုလည်း လဲရန် လိုအပ်ပေသည်။ ၎င်းကို စိတ်ထဲတွင် တွေးတောပြီးနောက် ဇီယန် ရှာဖွေရွေးချယ်ခဲ့ပြီး စျေးဝယ်ပြီးရန် ဆယ်မိနစ်ခန့်ကြာခဲ့သည်။

သူမသည် မန်မိုရီဖိုရမ်မွေ့ယာအတွက် ယွမ် ၃၆၀၀၀ သုံးခဲ့သည်။ အိပ်ရာခင်းက သိပ်စျေးမကြီးချေ။ စုစုပေါင်း ယွမ် ၃၀၀၀ သာရှိသည်။ ထို့ပြင် နိုက်စတန်းအတွက် ပန်းရောင်တစ်စုံ၊ ပိုးသားတစ်စုံ၊ နို့နှစ်ရောင်တစ်စုံနှင့် လာဗန်ဒါရောင်တစ်စုံတို့အတွက် ယွမ် ၂၀၀၀

သုံးခဲ့သည်။(နိုက်စတန်းဆိုတာ ခုတင်ဘေးမှာထားတဲ့ ပန်းအိုး၊စာအုပ်တို့ တင်တဲ့စားပွဲပုံစံ ခုံမျိုးပါ)

ပန်းရောင် နိုက်စတန်းနှစ်ခုသည် ယွမ် ၁၀၀၀ ခန့်သာကျသင့်ပြီး လေးထောင့်ပုံစံ ကန့်လန့်ကာသည် ယွမ် ၂၈၀၀၀ ကုန်ကျ၏။

ဇီယန်သည် မူလကန့်လန့်ကာကို ကာတွန်းပုံများဖြင့် အသစ်လဲခဲ့သည်။

“ဗီရိုကလည်း သိပ်မကောင်းဘူး”

ဇီယန် ထပ်မံရေရွတ်လိုက်ပြီး ဗီရိုကြီးတစ်ခုကို တန်း၍ ဝယ်လိုက်၏။

“အဝတ်တန်းလဲ လဲရမယ်”

ဇီယန်သည် အသေးအမွှားလေးများကအစ ပစ္စည်းမျိုးစုံဝယ်ရင်း အလုပ်ရှုပ်နေခဲ့သည်။ သွားဘက်ဆိုင်ရာပစ္စည်းများကို ရှာဖွေသည့်အခါ

ချစ်စရာကောင်းသည့် စုံတွဲသွားတိုက်တံခွက်အစုံကို ရုတ်တရက် တွေ့လိုက်ရသည်။

ဒီတစ်စုံကို ဝယ်သင့်လား။

“မဖြစ်ဘူး။ ငါအဲဒီအစုံကို ဝယ်လိုက်ရင် အဲဒီအရူးက ပေါက်ကရအတွေးတွေ လျှောက်တွေးနေလိမ့်မယ်”

“ဒါပေမယ့် ဒါလေးက အရမ်းလှတာ”

“ဒါဆို ဝယ်လိုက်ရင်ကောင်းမလား”

“ငါ ဒီတစ်စုံကို ယူလိုက်မယ်။ ပန်းစည်းလာပေးတဲ့အတွက် သူ့ကို ဆုပေးတဲ့အနေနဲ့ပေါ့။ ဟမ် မဟုတ်သေးဘူး။ ပိုကြီးတဲ့တစ်ခုကို ဝယ်ရမယ်။ ငါတို့မိသားစုအားလုံး တစ်ခုစီရှိသင့်တယ်”

အချိန်အတန်ကြာ စဉ်းစားပြီးနောက် ဇီယန်သည် မိသားစုတစ်ခုလုံးအတွက် တစ်စုံဝယ်လိုက်၏။ ဤတစ်ခေါက်တွင်တော့ မိသားစု ဆိုသည့်စကားလုံးကို

သူမပြောနေသည့်ဟန်မှာ အလွန်သဘာဝဆန်လှသည်ကို သူမသတိမထားမိလိုက်ချေ။

ဤအချိန်တွင် ကျန်းဟန်သာ အနားတွင်ရှိနေပြီး ဖိုးယန်၏အသွင်အပြင်ကို မြင်လိုက်ရပါက သူလုံးဝ စွဲဆောင်ခံလိုက်ရမည်မှာ သေချာသည်။ အကြောင်းမှာ နေ့ခင်းဘက်တွင် တသီးတသန့်ဆန်လှသည့် ဖိုးယန်သည် ဤအချိန်တွင် အတော်လေး ချစ်စရာကောင်းနေပြီး စွဲဆောင်မှုရှိနေသည့်အတွက်ပင်။

အချို့သော အမျိုးသမီးများမှာ နေ့ခင်းဘက်တွင် သတိကြီးကြီးရှိတတ်ကြသော်လည်း ညဘက်တွင် ဆက်စီကျလေသည်။

"ပြီးပြီ။ ဟူး… မနက်ဖြန် အိမ်ပြောင်းရမယ်ဆိုတော့ အိပ်တော့မယ်"

ဇီယန်သည် ဖုန်းကို ချလိုက်ပြီး စိတ်ကျေနပ်စွာဖြင့် မျက်လုံးကို မှိတ်လိုက်ရင်း တဖြည်းဖြည်း အိပ်ပျော်သွားလေသည်။

မိန်းကလေးများမှာ အွန်လိုင်းတွင်ဖြစ်စေ အပြင်တွင်ဖြစ်စေ ဈေးဝယ်ရသည်ကို သဘောကျလေ၏။ ပစ္စည်းများစွာဝယ်ရခြင်းက သူမတို့အား အမြဲတမ်း စိတ်ချမ်းသာစေသည်။ ဇီယန်ဝယ်ထားသည့် ပစ္စည်းများအားလုံးကို နောက်တစ်နေ့ မနက်ကိုးနာရီတွင် လာပို့ပေးမည်ဖြစ်၍ သူမသည် မနက်ဖြန်အား စောင့်မျှော်နေခဲ့သည်။

ထိုအချိန်အတွင်း၌ လခြမ်းတောင်အနီးရှိ ကမ်းခြေတွင်။

လူတိုင်း ယှဉ်ပြိုင်ရင်း အလုပ်များနေကြသည်။ အဖွဲ့တွင် လူ ၅၀ သာရှိသော်လည်း အဖွဲ့ထဲ၌ အရိုက်ခံရသည့်လူက ပိုများလေသည်။

"အား...အစ်ကိုဖုန်း မင်းက ဘာလို့ အဲ့လောက် ကြောက်ဖို့ကောင်းနေရတာလဲ" အားဟူမှာ နာကျင်စွာဖြင့် လက်မောင်းကို ပွတ်သပ်ရင်း မေးသည်။

"ဟုတ်တယ် အစ်ကိုဖုန်း။ ငါတို့အများကြီးတိုးတက်လာပေမယ့် မင်းကို အနိုင်မယူနိုင်သေးဘူး" ရှူရုံက ခါးသီးစွာ ပြုံးလိုက်၏။

ကွာဟချက်က ဤမျှကြီးမားမည်ဟု သူ မမျှော်လင့်ထားချေ။

ကျောက်ဖုန်းက ခေါင်းကိုအနည်းငယ် မော့ကာ ပြောလိုက်သည်။

"ငါ့ကို အနိုင်မယူနိုင်တဲ့ အကြောင်းအရင်းက မင်းတို့ရဲ့တိုက်ပွဲအတွေ့အကြုံနည်းလို့လည်းဖြစ်သလို မင်းတို့ရဲ့အမြန်နှုန်းနဲ့ခွန်အားကို ကောင်းကောင်း မထိန်းချုပ်နိုင်လို့ပဲ"

"ငါတို့ ဘာလုပ်ရမလဲ" မုံ့ကြီးက မေးသည်။

"ဘာလို့ ဘာလုပ်ရမလဲမေးနေတာလဲ" ကျောက်ဖုန်းက သူ့အား စိုက်ကြည့်ရင်း "မနက်ဖြန်ကစပြီး မင်းတို့ရဲ့တိုက်ခိုက်ရေး လေ့ကျင့်မှုကို နေ့တိုင်း သုံးနာရီအနည်းဆုံး လေ့ကျင့်ရမယ်။ မင်းတို့ရဲ့အားနည်းမှုကြောင့် ပိုပြီးလေ့ကျင့်ဖို့လိုအပ်တယ်။ ကဲ ဒီည ကောင်းကောင်းအနားယူထားကြသင့်တယ်။ မနက်ဖြန်ကျရင် ပရော်ဖက်ရှင်နယ်အသိပညာတွင် သင်ရမယ်"

"ဘယ်လို ပရော်ဖက်ရှင်နယ်အသိပညာလဲ" အားဟူက စိတ်လှုပ်ရှားစွာ မေးသည်။

"မင်းတို့ကို ခြေရာခံနည်း၊ ခြေရာဖျောက်နည်း၊ ပုန်းကွယ်နည်း၊ စောင့်ကြည့်နည်း၊ နောက်ယောင်ခံနည်း အဲ့လိုဟာတွေ သင်ပေးမယ်။ အဲဒါတွေက မလွယ်ကူသလိုပဲ တခြားခက်ခဲတဲ့ နည်းစနစ်တွေကိုလည်း သင်ယူရမယ်။ မင်းတို့ရဲ့သက်ဆိုင်ရာခွန်အားတွေ တိုးတက်လာမယ်ဆိုတာ

ငါကတိပေးတယ်။ ငါသင်ပေးသမျှကို သင်ယူနိုင်ရန် နှစ်ဆပိုအစွမ်းထက်လာမယ်” ကျောက်ဖုန်းက လူတိုင်းကို ကြည့်လိုက်သည်။

သူ့ဩစကားကို အားလုံးလေးလေးနက်နက် နားထောင်နေသည့်အတွက် ပြုံးကာ ရပ်တန့်လိုက်သည်။ ထိုနောက် အားလုံး ရေမိုးချိုးကာ နောက်တစ်နေ့လေ့ကျင့်မှုအတွက် အဆင်သင့်ဖြစ်ရန် အနားယူကြ၏။

ညသည် တိတ်ဆိတ်စွာဖြင့် ကုန်လွန်သွားခဲ့သည်။

နောက်တစ်နေ့မနက်တွင် ကျိုးဖေး၏မာစီးဒီးကားထဲ၌ ခရီးဆောင်အိတ်သုံးလုံးကို တင်ကာ ကျန်းဟန်သည် မုန့်မုန့်၊ ဇီယန်နှင့်အတူ စားသောက်ဆိုင်သို့ မောင်းနှင်လာခဲ့၏။

မနက်စာ စားပြီးနောက်တွင် စားသောက်ဆိုင်မှာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ သို့သော် ကိုးနာရီတွင် ကုန်တင်ကားများ တစ်စီးပြီးတစ်စီး ရောက်ရှိလာ၏။

ကုတင်အပေါ်အဝင် လွှန်ခဲ့သည့်တစ်လက ဝယ်ယူခဲ့သည့် ဗီရို၊ အိပ်ရာနှင့် ဒုတိယထပ်ရှိ အခြားပရိဘောဂများကို ဖယ်ရှားပစ်ခဲ့သည်။

အားလုံးအား အသစ်လဲခဲ့ခြင်းပင်။

ကျန်းဟန် အနည်းငယ် အံ့အားသင့်သွား၏။ ဇီယန်သည် ခရီးဆောင်အိတ်သုံးလုံးသာ ယူခဲ့သည်ဟု သူထင်ခဲ့သော်လည်း သူမက အခန်းထဲရှိ ပရိဘောဂများနှင့် အလှဆင်ပစ္စည်းများအားလုံးကို လဲပစ်ခဲ့ပေသည်။

အားလုံးကို နေရာချပြီးနောက် ကျန်းဟန်သည် အိပ်ခန်းတစ်ဝိုက်လှည့်ပတ်ကြည့်ပြီး ယခု မိန်းကလေးတစ်ယောက်၏အိပ်ခန်း တကယ်ဖြစ်လာသည်ကို သဘောပေါက်သွား၏။

အခန်းသည် တော်ဝင်မင်းသမီးစတိုင် ပန်းရောင်ဖြစ်ပြီး နွေးထွေးသည့်လေထုကို ဖန်းတီးပေးသည်။

“မဆိုးဘူးမလား” ကျန်းဟန်၏ဘေးတွင် ရပ်ရင်း ဇီယန်က ပြုံး၍ ပြောသည်။

“အင်း အရမ်းကောင်းတယ်” ကျန်းဟန်က ပြုံးလိုက်၏။

“ဒါပေမယ့် ဒါတွေကို အရင်လျှော်ရမယ်” ဇီယန်သည် အိပ်ရာခင်းသုံးခုကို ကောက်ယူကာ ရေချိုးခန်းထဲ ဝင်သွားသည်။ သူမ ခဏလောက်စဉ်းစားပြီးမှ လှမ်းပြောလိုက်၏။ “ဗီရိုကို သန့်ရှင်းရေးလုပ်တုန်းက ရှင့်မှာ အဝတ်အစားနည်းနည်းပဲရှိတာကို သတိထားမိတယ်။ အဲဒါတွေနဲ့ မလောက်သေးဘူး။ ပိုပြီး လိုအပ်တယ်။ ဒါကြောင့် နောက်မှ ကျွန်မတို့ ရှော့ပင်းမောလ်ကိုသွားပြီး နောက်ထပ်ဝယ်ကြမယ်”

“အမ်” ကျန်းဟန်၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

ဇီယန်၏နောက်ကျောအားကြည့်ရင်း ကျန်းဟန် ပြုံးလိုက်သည်။

မိသားစုတစ်ခုတွင် မိန်းမသားဆိုသည်မှာ မရှိမဖြစ်လိုအပ်သည်ဟု ရှေးဆိုရိုးစကားရှိပေသည်။

မုန့်မုန့်သည် ဈေးဝယ်ခြင်းကို အလွန်နှစ်ခြိုက်လေ၏။ ဇီယန်၏စကားကို ကြားသည့်အခါ သူမလေးက လှည့်၍ ပြောလိုက်သည်။ "ကောင်းတယ် ကောင်းတယ်။ ရှော့ပင်းမောလ်ကိုသွားပြီး ဈေးဝယ်ကြမယ်"

"ဟားဟားဟား..."

ကျန်းဟန် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး မုန့်မုန့်၏ခေါင်းလေးကို ပုတ်လိုက်သည်။

ထိုအချိန်တွင် အောက်ထပ်မှ ကျယ်လောင်သည့်အသံတစ်ခု ထွက်ပေါ်လာသည်။

လှုပ်ရှားသံကိုနားထောင်ခြင်းဖြင့် ဆိုင်ထဲသို့ အနည်းဆုံး လူခြောက်ယောက် ခုနစ်ယောက်ခန့်ဝင်လာသည်ကို ကျန်းဟန်သိလိုက်၏။

ကျန်းဟန် အနည်းငယ် မျက်မှောင်ကြုတ်ကာ အောက်ထပ်သို့ ဆင်းသွားသည်။

သတင်းထောက်များနှင့်တူသည့် လူ ၁၂ ယောက် ၁၃ ယောက်ကို တွေ့လိုက်ရသည်။ အချို့မှာ မိုက်ခရိုဖုန်းများကို ကိုင်ထားကြပြီး အချို့မှာ ကင်မရာများ ကိုင်ထားကြသည်။ သူတို့အပြင် အနောက်တိုင်းဝတ်စုံဝတ်ထားသည့် လူနှစ်ယောက်မှာ သူတို့၏အနောက်၌ ပြုံး၍ ရပ်နေကြသည်။

“အခု ဆိုင်မဖွင့်သေးဘူး” ကျန်းဟန်က ပြတ်သားစွာ ပြောလိုက်သည်။

သို့သော် ထိုလူများမှာ သူ့အား လျစ်လျူရှုထားကြပြီး ဆက်တိုက်မေးမြန်းစကားပြောနေခဲ့ကြ၏။

“မင်းက ဒီစားသောက်ဆိုင်ပိုင်ရှင်လား။ အယ်ဗီချောင်က မင်းကို ဟင်းချက်ပြိုင်ဖို့ ဖိတ်ခဲ့တယ်လို့ ငါတို့ကြားတယ်။ ဒါပေမယ့် မင်းက သွားရမှာ အရမ်းကြောက်နေခဲ့တယ်တဲ့။ မင်းရဲ့ဟင်းချက်ကျွမ်းကျင်မှုကြောင့် မင်း ငြင်းခဲ့တာလား”

"လွန်ခဲ့တယ့်လဝက်လောက်က မင်းရဲ့စားသောက်ဆိုင်မှာ ကမ္ဘာတစ်လွှားအစားအသောက်များအစီစဉ်ထဲ တွေ့ခဲ့တဲ့လူက တကယ်မီရှယ်လင်အဒေးဂျင့်လား။ အယ်ဗီချောင်အလုပ်လုပ်တဲ့ အက်စ်လင်းစားသောက်ဆိုင်က ကြယ်နှစ်ပွင့် မီရှယ်လင်စားသောက်ဆိုင်လေ"

"..."

သူတို့စကားများကို နားထောင်ရင်း ကျန်းဟန်သည် အဖြစ်အပျက်ကို သဘောပေါက်သွား၏။ ကျယ်လောင်သည့်အသံတစ်ခုထွက်ပေါ်လာသည့်အခါ သူ ငြင်းဆန်တော့မည်ပြုသည်။

လူအုပ်နောက်တွင် ရပ်နေသည့် အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသားတစ်ယောက်က ရယ်မောကာ ပြောသည်။

“စားဖိုမှူးအယ်ဗီချောင်က နောက်တစ်ပတ်မှာ ဖလှယ်ပွဲတစ်ခုလုပ်မှာ။ မင်းက ဟင်းချက်မပြိုင်ရဲဘူးဆိုတော့ မင်း အသိပညာတချို့ရအောင် ဖလှယ်လို့ရပါတယ်”

“မပြိုင်ရဲဘူးလို့ ဘယ်သူက ပြောလဲ”

ရုတ်တရက် ဒုတိယထပ်လှေကားမှ အေးစက်စက်အသံတစ်ခု ထွက်ပေါ်လာသည်။ လူတိုင်း၏အကြည့်အောက်တွင် နေကာမျက်မှန်နှင့် ဦးထုပ်ဝတ်ဆင်ထားသည့် စွဲမက်ဖွယ်အသွင်ရှိသည့် မိန်းကလေးတစ်ဦးသည် တစ်လှမ်းချင်းဆင်လာခဲ့သည်။ သူမ၏အရှိန်အဝါမှာ ပြင်းထန်၍ ပေါ့ပေါ့ပါးပါးရှိပြီး လူတိုင်းကို လုံးဝ စိတ်ရှုပ်ထွေးသွားစေသည်။

သူမသည် ရှေ့သို့လျှောက်လာရင်း အေးစက်စက်လေသံဖြင့် ဆက်ပြောသည်။

“နောက်တစ်ပတ် ပိတ်ရက်မှာ ပြိုင်မယ်လို့ ရှင်တို့စားဖိုမှူးကို သွားပြောလိုက်။ ပြီးတော့

သတင်းထောက်တွေကိုလည်း သက်သေအဖြစ်ဖိတ်ဖို့ မမေ့နဲ့။ အခု ရှင်တို့ကို ဒီနေရာက မကြိုဆိုဘူး ထွက်သွားလိုက်တော့”

သူမပြောလိုက်သည်နှင့် တစ်ဖက်မှ လူဆယ်ယောက်ကျော်သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ဆက်တိုက်ထွက်သွားကြသည်။ စောနက စကားပြောခဲ့သည့် ဝတ်စုံပြည့်ဝတ်ထားသည့်လူသည် လှောင်ရယ်ကာ ပြောသည်။

“ကောင်းပြီ။ မင်းရောက်လာမှာကို ငါတို့ စောင့်နေမယ်။ မင်းကိုယ်မင်း အရှက်မခွဲဖို့ မျှော်လင့်ပါတယ်”

ပြောပြီးသည်နှင့် သူလည်းထွက်သွား၏။

ကျန်းဟန်အနည်းငယ် အံ့သြသွားသည်။ ဇီယန်၏အရှိန်အဝါက မထင်မှတ်လောက်အောင် ပြင်းထန်လိမ့်မည်ဟု သူမမျှော်လင့်ခဲ့ပေ။

...

-အပိုင်း(၂၄၇) ပြီး

wunzinnosp

## အပိုင်း(၂၄၈) အစစ်အမှန်ဇီယန်

“ရှင်ဘာကြည့်နေတာလဲ။ ကျွန်မ အိပ်ရာခင်းတွေ လျှော်ပြီးသွားပြီ။ ရှင် သွားမလှန်းဘူလား” ကျန်းဟန် အူကြောင်ကြောင်ကြည့်နေသည်ကို မြင်သည့်အခါ ဇီယန်က ဆူပူလိုက်၏။

“အာ”

ကျန်းဟန် ခဏလောက် အေးခဲသွားပြီး ဒုတိယထပ်ကို လျှောက်သွားလိုက်သည်။

ကျန်းဟန်သည် ဇီယန်၏စကားများမှာ စိတ်ဝင်စားစရာကောင်းသည်ဟု တွေးမိ၏။ သူ့အား

နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် မည်သူမျှ အမိန့်မပေးရဲချေ။

ကျန်းဟန်၏နောက်ကျောကိုကြည့်ရင်း ဇီယန်ပြုံးကာ နောက်မှ လိုက်သွား၏။ ဒုတိယထပ်ရောက်သည့်အခါ နေကာမျက်မှန်နှင့် ဦးထုပ်ကိုချွတ်လိုက်သည်။ ဇီယန်သည် ဆိုဖာပေါ်တွင် ထိုင်လိုက်ပြီး အရုပ်များဖြင့်ကစားနေသည့် မုန့်မုန့်အား ကြည့်နေ၏။

အိပ်ရာခင်းများကို နေလှန်းပြီးနောက် ကျန်းဟန် လျှောက်လာပြီး ဇီယန်၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ ခဏလောက်စဉ်းစားလိုက်ပြီးနောက် သူပြောလိုက်၏။

"အရေးမပါတဲ့လူတွေကို မင်း အာရုံစိုက်နေဖို့ မလိုအပ်ပါဘူး"

ကျန်းဟန်သည် ဇီယန် သူနှင့်အတူ ပြောင်းနေရန် ဆုံးဖြတ်ခဲ့သည်ကို အလွန်ပျော်နေသည့်အတွက် ထိုလူများနှင့် ငြင်းခုန်မနေချင်ချေ။

"ဘာလို့ မလိုအပ်ဘူးလို ထင်တာလဲ" ဇီယန် မျက်ခုံးပင့်လိုက်ပြီး "ရှင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ" ကျန်းဟန်က ထူးဆန်းစွာ မေးသည်။

"သူတို့က ရှင့်စားသောက်ဆိုင်မှာလာပြီး ရှင့်ကို အနိုင်ကျင့်နေတာကို လာလို့ လျစ်လျူရှုထားတာလဲ။ ရှင့်ကို သူတို့ တမင်ပုတ်ခတ်ပြောဆိုနေကြတာ အသိသာကြီးလေ။ ပြီးတော့ ရှင်ချက်တဲ့ဟင်းတွေက အရမ်းအရသာရှိတယ်။ ဒါကြောင့် ဘယ်သူကမှ ရှင့်ကို ပုတ်ခတ်လို့မရဘူး" ဇီယန်သည် နှာခေါင်းရှုံ့ကာ ပြောသည်။

ကျန်းဟန်သည် ဇီယန်အား စိုက်ကြည့်နေရင်း မရယ်ဘဲ မနေနိုင်ချေ။

ဤအခိုက်အတန့်တွင် ဇီယန်သည် စိတ်အခြေအနေဆိုးရွားနေပြီး ဒေါသထွက်ကာ စိတ်ခတ်ပြင်းထန်နေ၏။ ၎င်းက ကျန်းဟန် သူမအား ပို၍ သဘောကျချစ်မြတ်နိုးလာစေသည်။

လူတိုင်းတွင် ဒေါသကိုယ်စီရှိကြပြီး ဇီယန်သည်လည်း ရေခဲအလုပ်လေးမဟုတ်ချေ။ ကျန်းဟန်နှင့် ရင်းနီးလာသည်နှင့်အမျှ သူမသည် သူမ၏ပုံစံအမှန်ကို ထုတ်ဖော်လာမိသည်။

ကျန်းဟန်သည် ဇီယန်၏စရိုက်လက္ခဏာကို အလွန်နှစ်ခြိုက်လေသည်။ အခြားသူများရှေ့တွင် အေးစက်နေတတ်ပြီး သူ၏ရှေ့တွင် ရှက်ရွံ့နေတတ်ခြင်း၊ ဒေါသထွက်နေတတ်ခြင်းတို့ကြောင်း ဤအတွေ့အကြုံအား အခြားသူများကို မဝေမျှချင်ပေ။

"ဘာကြည့်နေတာလဲ"

ကျန်းဟန် သူမအား စိုက်ကြည့်နေသည်ကို သိလိုက်ရသည့်အခါ ဇီယန်၏မျက်နှာမှာ ရုတ်တရက် ရက်သွေးဖြာသွား၏။ ထိုနောက် သူ၏အကြည့်ကို ရှောင်ဖယ်ရန် ခေါင်းကို တစ်ဖက်လှည့်လိုက်သည်။

"ဟားဟား…."

သူမ၏ချစ်စရာကောင်းလှသည့်အမူအရာကို မြင်သည့်အခါ ကျန်းဟန် ရယ်မောလိုက်သည်။

"အမ်"

မုန့်မုန့်မှာ အနည်းငယ် အံ့ဩသွား၏။ သူမလေးသည် ကျန်းဟန်အား သံသယဖြင့် ကြည့်လိုက်ပြီး "ဖေဖေ ဘာလို့ ရယ်နေတာလဲ"

"သမီးရဲ့မေမေက ချစ်စရာကောင်းနေတော့ ဖေဖေက ရယ်တာပေါ့" ကျန်းဟန်က ပြုံးလိုက်သည်။

"အမ်ဟမ့် မေမေက ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံးနဲ့ အလှဆုံးပဲ" မုန့်မုန့်သည် အရုပ်များဖြင့် ဆက်၍ မကစားခင် ဂုဏ်ယူစွာ ပြောလိုက်သည်။

ဇီယန်သည်တော့ ဤအခိုက်တွင် အမှန်တကယ် ကြည်နူးဝမ်းသာဖြစ်နေရသည်။ သူမသည် ကျန်းဟန်အား နူးညံ့စွာ မျက်စောင်းထိုးလိုက်ပြီး ပြုံး၍ ပြောလိုက်သည်။

“ဘာပဲဖြစ်ဖြစ် နောက်တစ်ပတ်ကျရင် အက်စ်လင်းစားသောက်ဆိုင်ကို သွားရမှာဆိုတော့ မုန့်မုန့်နဲ့ ကျွန်မ ရှင့်ကို အားပေးဖို့ လိုက်ခဲ့မယ်”

“ကောင်းပြီ” ကျန်းဟန် ခေါင်းညိတ်ကာ “ဒါဆို ကိုယ် သူတို့ကို ကမ္ဘာပေါ်က အကောင်းဆုံးပါဝင်စွမ်းတွေ ပြလိုက်မယ်”

တကယ်တမ်းတွင် ကျန်းဟန်သည် သဘောကောင်းသူမဟုတ်ချေ။ သူ၏ဘဝတွင် သူ၏မိသားစုကသာ အရေးအကြီးဆုံးဖြစ်ပြီး နောက်ဆုံးစည်းဖြစ်လေသည်။

သူတို့သည် သူ၏နောက်ပြန်အကြေးခွံများဖြစ်သည်။ နဂါး၏နောက်ပြန်ကြေးခွံအား ထိမိလျှင် သေရမည်ဆိုသည့် ဆိုရိုးစကားရှိလေသည်။

သို့သော် နဂါးနှင့်ယှဉ်လျှင် ကျန်းဟန်က ပို၍ကြောက်ဖို့ကောင်းပေ၏။ ၎င်းကို ကင်းမြီးကောက်နှင့် ထန်ကျန့်တို့က သက်သေပြပြီးသားပင်။

ရှင်းရှင်းပြောရလျှင် ကျန်းဟန်သည် အင်းစက်စားကောင်နှင့်တူ၏။ အရေးမပါသည့်လူများ၏ အကြည့်များကို သူ ဂရုမစိုက်ချေ။ သူတို့၏ရန်စမှုနှင့်ရင်ဆိုင်ရသည်တွင် သူသည် ၎င်းတို့အား အလွယ်တကူသတ်ပစ်နိုင်၏။ သူ၏စိတ်အခြေအနေကောင်းနေသဖြင့် ၎င်းတို့အား လျစ်လျူရှုထားရန် စိတ်ကူးထားသော်လည်း ယနေ့မှ ပြောင်းလာခဲ့သည့် အိမ်ရှင်မလေးသည်တော့ လက်သင့်မခံနိုင်ချေ။

ထို့ကြောင့် နာမည်ကျော်စားဖိုမှူး အယ်လ်ဗီချောင်သည် စိတ်မကောင်းစရာနှင့် ကြုံရပေတော့မည်။

သို့သော် ယခုအချိန်တွင် ကျန်းဟန်၏စကားများကို ကြားလိုက်ရပြီးနောက် ဇီယန် သူ့အား တစ်ချက်ကြည့်လိုက်ပြီး သူ့တွင် သြဇာမြင့်မားသည့်လူများနှင့်ဆင်တူသည့် မာန်ပါသောဘက်ခြမ်းရှိကြောင်း ရုတ်တရက် သဘောပေါက်လိုက်သည်။

"ရှင်..." ဇီယန် တစ်စုံတစ်ရာပြောတော့မည်ဖြစ်သည်။

ရုတ်တရက် အောက်ထပ်မှ ကျယ်လောင်သည့်အသံတစ်ခု ကြားလိုက်ရ၏။

"အိုက်ယား ငါအရမ်းပင်ပန်းနေပြီ။ နောက်ဆုံးတော့ တိုက်ခန်းကို သန့်ရှင်းရေးလုပ်ပြီးသွားပြီ။ အစ်မယန်၊ ခဲအို ငါ ဗိုက်ဆာနေပြီ"

စက္ကန့်နှစ်ဆယ်ကြာပြီးနောက် ကျိုးဖေး အပေါ်ထပ်သို့ ပြေးတက်လာ၏။

“နင် မနက်ကပဲ ကြက်ဥထမင်းကြော် တစ်ပန်းကန်နဲ့တစ်ဝက် စားပြီးသွားပြီလေ။ အခုမှ ၉ နာရီခွဲပဲရှိသေးတယ် ဗိုက်ဆာနေပြီ ပြောသေးတာလား။ တကယ်ကြီးလား” ဇီယန် ကျိုးဖေးအား စိုက်ကြည့်လိုက်၏။

“အ….ဟဲဟဲ။ ငါ နည်းနည်း အစားကြီးတယ်။ ခဲအို အရသာရှိတဲ့အစားအသောက်တွေ ဆုချမယ်လို့ ပြောထားတယ်မဟုတ်လား။ နေ့လည်စာအတွက် ငါစိတ်ကြိုက်တောင်းဆိုလို့ရမလား” ကျိုးဖေးသည် ဤအချိန်တွင် နေ့လည်စာအကြောင်း စတင်စဉ်းစားခဲ့သည်။

“ရတယ်” ကျန်းဟန်က ပြုံးလိုက်ပြီး “မင်းစားချင်တာ ငါချက်ပေးမယ်”

"ငါစားချင်တာ ဘာပဲဖြစ်ဖြစ်လား"

"အင်း"

"ငါ အသားစားချင်တယ်။ ပြီးတော့....စတိခ်(Steak)ရော။ ငါ အဲဒီငါးမျိုးစားချင်တယ်" ကျိုးဖေးသည် ပြောနေရင်းဖြင့် လက်တစ်ဖက်ကို ချိုးကာ ရေတွက်သည်။

"ဘာလို့ နွားတစ်ကောင်လုံး မစားတာလဲ" ဇီယန်က သူမအား ဒေါသတကြီး စိုက်ကြည့်လိုက်သည်။

"ခဲအိုချက်တဲ့ ဟင်းတွေက အရမ်းအရသာရှိတော့ ပိုစားနိုင်တယ်လေ" ကျိုးဖေးက ပြုံး၍ ပြောသည်။

"ကောင်းပြီး နေ့လည်စာအတွက် စတိခ်စားကြမယ်" ပြောပြီးသည်နှင့် ကျန်းဟန်သည် ဖုန်းကို ထုတ်ကာ ကျောက်ဖုန်း၏နံပါတ်ကို ခေါ်လိုက်သည်။ "ကျောက်ဖုန်း နွားတစ်ကောင်ယူပြီးတော့ လာပို့ပေးပါဦး"

ထိုနောက် ဖုန်းချလိုက်၏။ ကျိုးဖေးသည် အောင်ပွဲခံသည့်ဟန်ဖြင့် ဇီယန်အား လက်ချင်းတိုက်လိုက်သည်။

“အစ်မယန် နင်က အရမ်းတော်တာပဲ။ ဒီလောက် အံ့ဩစရာကောင်းတဲ့ခဲအိုကို နင် ဘယ်လိုရှာတွေ့တာလဲ”

“ဖေးဖေး နင်ကတော့ ကောင်းကောင်းလေးရိုက်ပေးဖို့ လိုနေပြီထင်တယ်” ဇီယန်သည် ကျိုးဖေးအား စိုက်ကြည့်လိုက်၏။ သို့သော် သူမ၏မျက်လုံးများထဲမှ ပျော်ရွှင်မှုကို လူတိုင်းမြင်နိုင်ပေသည်။ ထို့ပြင် သူမ၏နှုတ်ခမ်းထောင့်များမှာ အနည်းငယ် ကွေးညွတ်သွား၏။

ဇီယန်သည် ကျိုးဖေးအား လက်ဟန်ပြလိုက်ပြီးနောက် သူမ၏ဖုန်းက မြည်လာသည်။

သူမ ထုတ်ကြည့်လိုက်ရာ မိန်ချီဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ခဏလောက် စဉ်းစားပြီးနောက် ဇီယန် ထိုင်လိုက်ကာ ဖုန်းကိုင်လိုက်သည်။

“ဟဲလို ဇီယန်။ နင်မနေ့က ဟောင်ကောင်ကို ပြန်မရောက်ဘူးလား။ ဒီနေ့ ဘာလို့ အလုပ်မလာတာလဲ” မိန်ချီ သံသယဖြင့် မေးသည်။

ဤအချိန်တွင် သူမ၏အသံမှာ ယခင်ကနဲ့ လုံးဝမတူချေ။ သူမ၏အသံမှာ ယခင်ကလို တင်းမာခြင်းမရှိဘဲ နူးညံ့ကာ ဂရုစိုက်မှုအပြည့်ရှိသည်။ သို့သော် တကယ်တမ်းတွင် မိန်ချီသည် လီချန်း၏အမိန့်အရ လုပ်နေခြင်းဖြစ်သည်။ သူမသည် လီချန်း၏ထိန်းချုပ်မှုအောက်တွင် အပြည့်အဝရှိ၏။ လီချန်းခိုင်းသမျှကို သူမ လုပ်မည်ဖြစ်သည်။

“ကျွန်မအခု အားတယ်။ ဒါပေမယ့် ရက်နည်းနည်းလောက် အနားယူချင်တယ်” ဇီယန်က တည်ငြိမ်စွာပြောသည်။

“ဇီယန် အလုပ်ကိစ္စနဲ့ပြန်လာပြီးရင် နည်းနည်းလောက် အနားယူရမယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့်…” မိန်ချီက တုံ့ဆိုင်းနေပြီး အကူအညီမဲ့သည့်လေသံဖြင့် ပြောသည်။ “နင်ပြန်လာတော့ ပြဿနာတစ်ခုခုဖြစ်ခဲ့ပုံပဲ။ သူဌေးဝူက

သူ့ကိုလာတွေ့ဖို့ အခုပဲ ဖုန်းခေါ်တယ်။ ဒါရိုက်တာဖူက ဘာဖြစ်တာလဲ။ ဘာလို့ အရိုက်ခံရတာလဲ။ သူ့လေသံကို နားထောင်ရတာတော့ သူ စိတ်အခြေအနေ ကောင်းနေတယ်မထင်ဘူး”

သူမပြောသည်ကို ကြားပြီးနောက် ဇီယန် တိတ်ဆိတ်သွား၏။ သူမကသည် ယခုလောလောဆယ် ပျော်ရွှင်နေရသော်လည်း ဆက်တိုက်ဆိုသလို ပြဿနာများ ကြုံတွေ့ရပေမည်။ ပေါ့ပေါ့တန်တန်ပြောရလျှင် သူမသည် ကုမ္ပဏီ၏အမိန့်ကို မနာခံခဲ့ချေ။ သို့သော် အလေးအနက်ပြောရလျှင် သူမတို့သည် ကြီးမားသည့်ပြဿနာများကို ဖြစ်စေခဲ့၏။ ထို့ပြင် ဤအချက်မှာ မည်သို့ပင်ဖြစ်စေကာမူ ဒါရိုက်တာဖူအား ဒဏ်ရာရစေခဲ့သည့်အတွက် ရုပ်ရှင်နှင့်တီဗီနယ်ပယ်တွင် သူမ ပိုမိုတိုးတက်ရန် ခက်ခဲစေပေမည်။

ဇီယန်၏တိတ်ဆိတ်မှုကို သတိပြုမိပြီးနောက် မိန်ချီက ဆက်ပြောသည်။

"ဒါပေမယ့် နင် စိတ်မပူပါနဲ့။ ဖူရှန်းက ဒီကိစ္စမှာ ပါဝင်ပတ်သက်ခဲ့ပေမယ့် သခင်လေးလီက နင့်ကို အသိအမှတ်ပြုနေတုန်းပါပဲ။ ဒါကြောင့် နင်ဒီနေ့ ပုံမှန်အတိုင်း အားလပ်ရက်ယူလိုက်ပြီး မနက်ဖြန်မှ အလုပ်ပြန်ဆင်းပေါ့။ ငါ နင့်အတွက် သခင်လေးနဲ့စကားပြောဖို့ ညစာစီစဉ်ပေးမယ်။ သခင်လေးလီရဲ့အကူအညီနဲ့ဆို သူဌေးဝူ နင့်ကို ဘာမှမလုပ်နိုင်ပါဘူး"

ပုံမှန်ဆိုလျှင် အများစုမှာ ပြဿနာဖြစ်သည့်အခါ သခင်လေးလီနှင့် ညစာစားရန် သဘောတူကြ၏။ အကယ်၍ သူတို့သာ ကောင်းမွန်သည့်စကားဝိုင်းတစ်ခု ဖြစ်ခဲ့လျှင် ဩဇာကြီးမားသည့်နောက်ခံရှိလာမည်ဖြစ်ပြီး အနာဂတ်တွင် ချောမွေ့စွာ တိုးတက်လာပေမည်။

သို့သော် ဇီယန်သည် နောက်ခံတစ်ယောက် ရှာမည်မဟုတ်သည့်အတွက် တိုက်ရိုက်ပြန်ဖြေလိုက်သည်။

“ရပါတယ် ကျေးဇူးပါ။ ကျေးဇူးပြုပြီး ကျွန်မကိုယ်စား သခင်လေးလီကို တောင်းပန်စကားပြောပေးပါဦး။ ဒီနေ့ အနားယူမှာမလို့ အပြင်မထွက်ချင်တော့ဘူး။ မနက်ဖြန်ကျရင် သူ့ဌေးဝူနဲ့ တွေ့လိုက်ပါမယ်”

“အမ်…ကောင်းပြီ။ ဒီနေ့ ကောင်းကောင်းအနားယူလိုက်ပါ” မိန်ချီ သက်ပြင်းချကာ ဖုန်းချလိုက်သည်။

သူမ၏ရှေ့တွင် လက်ဖက်ရည်သောက်နေသည့် လီချန်းအား တစ်ချက်ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။

“သူမက အရမ်းခေါင်းမာတယ်။ သဘောမတူဘူး”

“ဟားဟား...”လီချန်းက ရယ်မောလိုက်ပြီး “သူမက အဖြစ်မှန်ကို ရှင်းရှင်းလင်းလင်း သဘောမပေါက်သေးဘူးထင်တယ်။ ဒီတော့ သူမအတွက် ငါတို့ စိတ်ပူနေဖို့မလိုပါဘူး။ မကြာခင်မှာ သူမ ငါ့ဆီရောက်လာလိမ့်မယ်လို့ ငါယုံတယ်”

ဖြစ်နိုင်ပါမည်လား။

မိန်ချီအနည်းငယ် သံသယဖြစ်မိ၏။ တစ်ဖက်တွင် ဇီယန် ဤပြဿနာအား မဖြေရှင်းနိုင်ဟု သူမ ထင်ပြီး နောက်ဆုံးတွင် လီချန်းအား အကူအညီတောင်းရမည်ဖြစ်သည်။ တစ်ဖက်တွင်မူ ဇီယန်သည် သူမ၏စရိုက်ကြောင့် မည်မျှပင်ခက်ခဲစေကာမူ အရှုံးပေးမည်မဟုတ်ကြောင်း သူမ ယုံကြည်၏။

သို့သော် သူမအား သံသယဖြစ်စေသည့် ကိစ္စတစ်ခုရှိသည်။ ၎င်းက ပေကျင်းတွင် ပြဿနာဖြစ်စေခဲ့ပြီး

လင်းကျဲအား ရှုံးနိမ့်စေခဲ့သည့် ရက်စက်ကြမ်းကြုတ်သူများ၏ အထောက်အထားကို သူမ အဖြေရှာမရခဲ့ချေ။

...

စားသောက်ဆိုင်တွင်...။

ဖုန်းချသွားပြီးနောက် ဇီယန် ဖုန်းကို စားပွဲပေါ် ပြန်တင်လိုက်သည်။ အလုပ်ကိစ္စပြောပြီးနောက်တွင် ဇီယန်၏အပြုံးမှာ မှိန်ဖျော့သွား၏။

"သခင်လေးလီက ဘယ်သူလဲ"

ကျန်းဟန် ရုတ်တရက် မေးလိုက်သည်။

ဇီယန် သူ့အား တစ်ချက်ကြည့်လိုက်၏။ သို့သော် သူမ စကားမစရသေးခင်မှာပင် ကျိုးဖေးက ပြောလိုက်သည်။

"သခင်လေးလီက လီချန်းပါ။ သူက တော်ဝင်အန်တာတိတ်မန့်ရဲ့ ကင်ဆာပဲ။ သူက လူရှုပ်လူပွေဖြစ်ပြီးတော့ သူ့အဖေက ကုမ္ပဏီရဲ့

ဒါရိုက်တာဘုတ်အဖွဲ့ဝင်တစ်ယောက်ပဲ။ ကုမ္ပဏီမှာ သူနဲ့ပတ်သက်တဲ့ မကောင်းသတင်းတွေမှ အများကြီး။ ပြီးတော့ သူက အစ်မယန်ကို မကြာခဏ နှောင့်ယှက်နေတာ ဟွန့်”

“အိုး” ကျန်းဟန်၏အကြည့်များက အေးစက်လာသည်။ သူသည် ဇီယန်အား စိုက်ကြည့်ပြီး ပြုံးကာ ပြောလိုက်သည်။ “နောက်တစ်ခါဆို မင်း လက်ခံလိုက်လို့ရတယ်”

“လက်ခံရမှာလား” ဇီယန် မျက်လုံးများ ပြူးကျယ်သွား၏။

ဒီအရူးကောင်က ဘာကိုဆိုလိုတာလဲ။ အဒီ ငရှုပ်ငပွေကောင်နဲ့ ညစာအတူစားဖို့ ပြောနေတာလား။

သူမ ဒေါသထွက်တော့မည်ဖြစ်သော်လည်း ကျန်းဟန် နောက်ထပ် ပြောလိုက်သည့်စကားက ဇီယန်အား ထိန့်လန့်သွားစေသည်။

“ဟုတ်တယ်။ ကိုယ်မင်းနဲ့လိုက်ခဲ့မယ်”

"ရှင်..." ဇီယန် ပြောစရာစကားမဲ့သွားသည်။ သူမ ဘာမှ မပြောတော့ဘဲ နှုတ်ခမ်းရဲရဲလေးများကို ဖိကပ်လိုက်၏။

သို့သော်လည်း သူမသည် အချစ်ပြိုင်ဘက်အား ဖယ်ရှားရန်ကြိုးစားနေသည့် ဤအရှုးကောင်အား မြင်ရသည့်အတွက် ပျော်ရွှင်နေသည်။ သို့သော် ထိုပြိုင်ဘက်မှာ သူမအတွက် ဘာမှ မဟုတ်ချေ။

"ဟားဟားဟား..."

ကျိုးဖေး မရယ်ပဲ မနေနိုင်တော့ချေ။ သူမသည် ကျန်းဟန်အား ကြည့်ကာ "ခဲအို နင့်ရဲ့ရည်ရွယ်ချက်က တကယ်ကောင်းတယ်။ ဒါပေမယ့် နင်မသွားတာ ပိုကောင်းလိမ့်မယ်။ အဲဒါက ပေါင်းသင်းဆက်ဆံမှုဖြစ်ရင်တောင် အစ်မယန် ဘေးကင်းလိမ့်မယ်လို့ ငါကတိပေးတယ်။ နင်သာ အဲဒီမှာ ပေါ်လာရင် မုန့်မုန့်အကြောင်း ပါပါရာဇီတွေ သိသွားလိမ့်မယ်"

"ဟုတ်တယ်" ဗီယန် ခေါင်းညိတ်သည်။ သူမသည် ကျန်းဟန်အား စိုက်ကြည့်ကာ မေးမြန်းသည့်လေသံဖြင့် "ကျွန်မအခု ဘာလုပ်ရမလဲဆိုတာ မဆုံးဖြတ်ရသေးဘူး။ ဒါပေမယ့် ဖန်သားပြင်အောက်မှာ မုန့်မုန့်နေထိုင်ရမည့်အတွေးကတော့..."

"မဖြစ်ဘူး" ဗီယန်၏စကားမဆုံးခင် ကျန်းဟန်က ဖြတ်ပြောလိုက်သည်။ "မုန့်မုန့်က ပျော်ရွှင်စရာဘဝလေး ပိုင်ဆိုင်ရတော့မှာပါ။ ဖန်သားပြင်အောက်က ဖျော်ဖြေရေးသမားဖြစ်ရတာက...အင်း...မဖြစ်ဘူး... မုန့်မုန့် အရမ်းပင်ပန်းနေလိမ့်မယ်။ မေ့လိုက်တော့"

ကျန်းဟန်၏စကားကြောင့် ဗီယန် အေးခဲသွားသည်။ သူမသည် မျက်လုံးများပြူးကာ ဒေါသတကြီးပြောလိုက်၏။ "ရှင်ဘာပြောလိုက်တာလဲ"

ဒီအရူးကောင်က ဆယ်လီတွေကို တကယ်ကြီး အထင်သေးတာလား။

"အဟမ်း အဟမ်း ဘာမှမဟုတ်ပါဘူး" ကျန်းဟန်က ရှက်ရွံ့ဟန်ဖြင့် ကြည့်လိုက်၏။ သူ ထိုသို့ ဆိုလိုခြင်းမဟုတ်ချေ။ သူသည် မုန့်မုန့်အား သာယာပျော်ရွှင်သည့် ဘဝလေး ပိုင်ဆိုင်စေချင်ခဲ့ရုံသာဖြစ်သည်။

"အမ်ဟမ် ဖေဖေရယ် မေမေရယ် မုန့်မုန့်ရယ်ဆိုရင် အပျော်ဆုံးပဲ"

မုန့်မုန့်သည် သူတို့ပြောနေသည်များကို နားမလည်သော်လည်း သူမလေး၏ကြည်လင်ဝိုင်းစက်နေသည့်မျက်လုံးကြီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ရင်း ကလေးဆန်သည့်အသံလေးဖြင့် ပြောလိုက်၏။

...

-အပိုင်း(၂၄၈) ပြီး

wunzinnosp

## အပိုင်း(၂၄၉) ယွမ် ၁၀ သန်း ဆုလာဘ်

မုန့်မုန့်အတွက်တော့ ဖေဖေ မေမေနှင့် အတူရှိနေသည့်အချိန်များမှာ အပျော်ရွှင်ဆုံးပင်။

လွန်ခဲ့သည့်နှစ်အနည်းငယ်က သူမလေးသည် သူမလေး၏ဖေဖေအား သူရဲကောင်းတစ်ယောက်အဖြစ် အမြဲစိတ်ကူးယဉ်ခဲ့ဖူးသည်။ သူ့အား တွေ့ပြီးနောက်တွင်တော့ မင်းသမီးလေးမှာ သူမလေး၏ဖေဖေသည် မဟာသူရဲကောင်းတစ်ယောက်ဖြစ်နေခဲ့သည့်အတွက် အမှန်တကယ်ပျော်ရွှင်နေခဲ့သည်။ သူမလေး မွေးလာကတည်းက သူ့အား မတွေ့ဖူးသည့်အတွက်ကြောင့် ကျန်းဟန်အား တွေ့သည်နှင့် ချက်ချင်း တွယ်တာလာခဲ့သည်။ ကျန်းဟန်သည်လည်း သူမလေးအား အလွန်တန်ဖိုးထားချစ်မြတ်နိုးခဲ့သည်။ မုန့်မုန့်အတွက် သူဘာပဲလုပ်ရလုပ်ရ စိတ်ခါတ်တက်ကြွနေသလို ခံစားရ၏။

၁၀ နာရီခွဲခန့်တွင် ကျောက်ဖုန်း ပါဝင်ပစ္စည်းများကို ယူလာခဲ့သည်။

ကျန်းဟန်သည် အောက်ထပ်သို့ဆင်းသွားကာ ပါဝင်ပစ္စည်းအစိတ်အပိုင်းအနည်းငယ်ကိုယူထားလိုက်ပြီး အမဲသားအများစုကို ရှုရုံနှင့် အခြားသူများအတွက် ကျောက်ဖုန်း ပြန်ယူသွားခဲ့သည်။

"ဒါနဲ့ ဆရာ။ နေရာနဲ့ အပြင်အဆင်အရမ်းကောင်းတဲ့ အဆောက်အဦးတစ်ခုတွေ့ခဲ့တယ်။ ဆရာ့ကို ပြဖို့ ကျွန်တော် ဓာတ်ပုံရိုက်ခိုင်းခဲ့တယ်" ကျောက်ဖုန်းက ဖုန်းကိုထုတ်ကာ ကျန်းဟန်အား ဓာတ်ပုံအယ်လ်ဘမ်ဖွင့်ပြလိုက်သည်။

ဓာတ်ပုံအချို့အား ကြည့်ရှုပြီးနောက် ကျန်းဟန်သည် ထိုအဆောက်အဦး မည်သည့်နေရာတွင်ရှိသည်ကို သိလိုက်၏။ သူ သိပ်၍ ဂရုမစိုက်သော်လည်း အဆောက်အဦးမှာ အမှန်တကယ်ကောင်းမွန်သည်။

ကျောက်ဖုန်းက ခါတ်ပုံများကို ပြရင်း ကျန်းဟန်အား မိတ်ဆက်ပေးသည်။

"အဲဒါက အစတုန်းက စီဘီဒီအဆောက်အဦးပါ။ စုစုပေါင်း ၁၇ ထပ်ရှိတယ်။ အတွင်းပိုင်းပုံစံက တော်တော်လေးသင့်တော်တယ်။ အထူးသဖြင့် ဘာလိုမျိုး ဖျော်ဖြေရေးနေရာတွေအသုံးပြုဖို့အတွက် ငါးထပ်အဆောက်အဦးက သင့်တော်တယ်။ ဒါပေမယ့် အထူးခြားဆုံးအင်္ဂါရပ်ကာ အဆောက်အဦးရဲ့ ညာဘက် ရင်ပြင်ကျယ်ကြီးပါ။ ကျန်းလီက ဒီဂျေဖြစ်ချင်တာမလား။ အဲဒီဧရိယာမှာ ဒီဂျေရင်ပြင်တွေရှိတာလည်း တွေ့ခဲ့ရတယ်..."

"အရမ်းကောင်းတယ်" ကျန်းဟန်၏မျက်လုံးများ မှေးစင်းသွားသည်။ ကျောက်ဖုန်း၏စကားမဆုံးခင်မှာပင် သူက ခေါင်းညိတ်ကာ ချီးကျူး၏။ "အဲဒီအိုက်ဒီယာအရမ်းကောင်းတယ်။ မင်းပြောသလိုပဲ လုပ်လိုက်ပါ။ ဒါပေမယ့် ငါ တောင်းဆိုစရာ တစ်ခုရှိတယ်"

"ဘာများလဲ" ကျောက်ဖုန်းက မေးသည်။

"အကောင်းဆုံးပရိဘောဂတွေနဲ့ အလှဆင်ပစ္စည်းတွေ အသုံးပြုဖို့လိုတယ်" ကျန်းဟန်က ပြတ်ပြတ်သားသားပြောသည်။

"ဟုတ်ကဲ့" ကျောက်ဖုန်းက ခေါင်းညိတ်ကာ "ဒါဆို သုံးရက်ကြာရင် ကျင်းပမည့် တရားဝင်လေလံပွဲအတွက် ကျွန်တော် စီစဉ်လိုက်မယ်။ ပြီးတော့ လေလံဆွဲသူက အနည်းဆုံး ငါးနှစ်လောက်ငှားရ..."

"ငွေနဲ့ဖြေရှင်းလို့ ရတဲ့ကိစ္စတွေကို ငါ့ကို ပြောမနေပါနဲ့။ ပိုက်ဆံကုန်သွားရင် ငါ့ကိုပြော" ကျန်းဟန်က လက်ကို အသာဝှေ့ယမ်းပြလိုက်သည်။

သူ၏စကားကို ကြားပြီးနောက် ကျောက်ဖုန်း၏နှုတ်ခမ်းများ ရှုံ့မဲ့သွားသည်။ သူ တစ်စုံတစ်ရာပြောချင်သော်လည်း မပြောဖြစ်လိုက်။

သူသည် စိတ်ခံစားချက်များဖြင့် သက်ပြင်းအကြိမ်ကြိမ်ချလိုက်၏။ ဆရာသည် ငွေအား အမှိုက်များအဖြစ် မှတ်ယူထားသည့် အမှန်တကယ် အစွမ်းထက်သော အစစ်အမှန်ပညာရှင်ဖြစ်လေသည်။

သူသည် ဟန်ဆောင်နေခြင်းမဟုတ်ချေ။ ပိုက်ဆံအား အမှန်တကယ် ဂရုမစိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူသည် ကြီးမားသည့် ယုံကြည်မှုရှိခြင်းအား ခံစားရလေသည်။

ငွေသည် အတားအဆီးတစ်ခုမဟုတ်ချေ။ ကျောက်ဖုန်း လိုအပ်နေသမျှ သူ့ဆီ တိုက်ရိုက်ပေးနိုင်၏။

သာမန်လူများမှာ သူ့လောက် အထက်စီးဆန်မည်မဟုတ်။

ငွေရှာရခက်သည်ကို လူတိုင်းသိသော်လည်း တချို့လူများအတွက်တော့ လွယ်ကူလေသည်။

အချို့သော သတ္တိရှိသည့် အထူးပုဂ္ဂိုလ်များမှာ ၎င်းတို့၏လက်ကို လှုပ်ရှားလိုက်ရုံဖြင့်

ပိုက်ဆံအမြောက်အများရရှိသည့် နည်းလမ်းများရှိသည်။ နောက်ဆုံးတွင်တော့ ပိုက်ဆံသည် ဘဏ်ထဲတွင်သာ ရှိခဲ့သည်။ သို့သော် ထိုသတ္တိခဲလူများမှာတော့ ထောင်နန်းစံသွားရလေသည်။

"ကျွန်တော် အလုပ်သွားလုပ်တော့မယ် ဆရာ" ကျောက်ဖုန်းက ပြောပြီး ခေါင်းကို အနည်းငယ်ညိတ်လိုက်၏။

သူသည် အားဟူနှင့် အခြားသူများအတွက် လေ့ကျင့်ရေးစခန်းတစ်ခုကို လာမည့်ရက်အနည်းငယ်အတွင်း ပြုလုပ်ရန် ပြင်ဆင်နေသည်။ လိုအပ်သည့် အသိပညာဗဟုသုတများကို လျင်မြန်စွာ ရရှိနိုင်သည့်အတွက် အခြေခံလှုပ်ရှားမှုအချို့ကို ကျွမ်းကျင်သွားပြီးလျှင် နောက်ပိုင်း၌ လေးနက်သည့် အသိပညာများကို သင်ယူနိုင်မည်ဖြစ်သည်။

ထိပ်တန်းစစ်သည်များထက် သာလွန်ကောင်းမွန်သည့်ကိုယ်ခံပညာကို ကျင့်ကြံနိုင်ရန်

အချိန်ကြာမြင့်မည်ဖြစ်သည်။ မယုံနိုင်လောက်အောင် အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့ကြသော်လည်း လျှောက်လမ်းရမည့်ခရီးမှာ အရှည်ကြီးကျန်သေးလေ၏။

"သွားပါ" ကျန်းဟန်က ကျောက်ဖုန်းအား ပြုံးပြသည်။

ကျန်းဟန်သည် သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်အား အမြဲယုံကြည်ခဲ့ပြီး ကျောက်ဖုန်း၏လုပ်ဆောင်မှုများက ကျန်းဟန်၏အချိန်နှင့်စွမ်းအားကို သိသိသာသာ သက်သာစေနိုင်ကြောင်း သက်သေပြခဲ့သည်။

ကျောက်ဖုန်းထွက်သွားပြီးနောက် ကျန်းဟန်သည် နေ့လည်စာပြင်ဆင်၏။

ယေဘူယျအားဖြင့် အကောင်းဆုံးအကင်သည် အဆင့် ၅ အေ အမဲသားဖြစ်သည့်ကို ကိုဘေးအမဲသားမှ လာသော်လည်း ကျန်းဟန်က ထိုအယူအဆကို လျစ်လျူရှုခဲ့သည်။

နွားတစ်ကောင်လုံးမှာ အကောင်းဆုံးအရည်အသွေးဖြစ်၏။ ၎င်း၏ဖင်ကပင် အရသာရှိသည်ဟု ပြောလျှင် လွန်မည်မထင်။

ထို့ကြောင့် ကျန်းဟန်သည် ကြက်တောင်ပံများကဲ့သို့ မည်သည့်အရာကိုမျှ သီးသန့်ဖယ်ထားခြင်းမရှိချေ။ သူသည် အသားအား ဓားဖြင့် စတင်လှီးဖြတ်လိုက်သည်။

နွားတစ်ကောင်၏အစိတ်အပိုင်းအချို့မှာ အကင်အတွက် ပို၍သင့်လျော်သည်။

ဥပမာအားဖြင့် နံရိုးပင်။ ၎င်းတို့သည် ဝါးရခက်ပြီး အရသာမရှိသည့် အရွတ်များနှင့် လုံးဝမတူညီဘဲ အကင်စံနှုန်းများပါဝင်ပေသည်။

ပြီးလျှင် အနူးညံ့ဆုံး ခါးပိုင်းကို အသုံးပြု၍ အကင်အား အကောင်းဆုံး လှီးဖြတ်နိုင်းဟု သတ်မှတ်ခံရသည့် နာမည်ကြီး ဖိုင်းမင်နွန်ကို ပြုလုပ်သည်။ အမဲသား၏ဤအစိတ်အပိုင်းသည်

အဆီပါဝင်မှုနည်းပါးပြီး ရှားပါးသည့် အသားကင်များကို ပြုလုပ်ရန် သင့်လျော်သည်။

ခါးဆစ်သားစတိခ်သည် အဆီအနည်းငယ်ပါသည့် ခါး၏အစိတ်အပိုင်းမှဖြစ်ပြီး အပြင်ဘက်တွင် အမဲသားအရွတ်ဖြူအလွှာပါရှိသည်။

အကင်များအပြင် ကျန်ဟန်သည် နေ့လည်စာအတွက် အာဟာရပြည့်ဝသည့် ခရမ်းချဉ်သီးအမဲသားစွပ်ပြုတ်ကို ပြင်ဆင်ခဲ့သည်။

အတိအကျပြောရလျှင် ကျန်းဟန်သည် အရသာရှိပြီး အဟာရပြည့်ဝသည့် ခရမ်းချဉ်သီး၊ ကန်စွန်းဥဖြင့် အမဲသားနှပ်ပြုလုပ်ရန် ရည်ရွယ်ထားသည်။

အမဲသားတုံးများကို လှီးပြီး အခြားပါဝင်ပစ္စည်းများအားလုံးကို ပြင်ဆင်ပြီးချိန်တွင် ဆယ့်တစ်နာရီရှိပြီဖြစ်သည်။

ကျန်းဟန်သည် အမဲသားစွပ်ပြုတ်အား စတင်ပြုလုပ်သည်။ အမဲသားအား အိုးထဲထည့်လိုက်သည့်အချိန်တွင် သူ၏နောက်မှ သာယာနာပျော်ဖွယ်အသံလေးတစ်ခု ထွက်ပေါ်လာသည်။

“ရှင်အကူအညီလိုသေးလား”

“အမ်” ကျန်းဟန် အနည်းငယ် အံ့ဩသွားပြီး လှည့်ကြည့်လိုက်ရာ လှေကားဘေးတွင် ရပ်နေသည့် ဇီယန်ကို တွေ့လိုက်ရသည်။ သူက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး “မင်းလား။ မေ့လိုက်ပါ။ မင်းရဲ့နူးနူးညံ့ညံ့အသားအရေနဲ့ ဟင်းချက်ဖို့ မသင့်တော်ဘူး”

“ဟမ့် ကျွန်မကို အထင်မသေးနဲ့။ ကျွန်မလည်း ဟင်းချက်တတ်တယ်” ဇီယန်သည် ပါးပြင်ကို ပွင်ကာ မျက်လုံးပြူး၍ အော်လိုက်သည်။

တကယ်တမ်းတွင် သူမ အာရုံစိုက်ခဲ့သည်က “နူးနူးညံ့ညံ့အသားအရေ” ဆိုသည့် စကားလုံးပင်။

ကျန်းဟန်အား ခပ်စူးစူးစိုက်ကြည့်နေသော်လည်း သူမ ပျော်ရွှင်နေသည်။

"မင်း ဘယ်လိုဟင်းမျိုးချက်တတ်လဲ" ကျန်းဟန်က ပြုံး၍ မေးလိုက်သည်။

"ကျွန်မ....ကျွန်မ....အဲ့ဒါ ရှင့်ကိစ္စမဟုတ်ပါဘူး။ ဟမ့် ရှင်အကူအညီမလိုဘူးဆိုရင် ကျွန်မ အပေါ်သွားတော့မယ်။ ညနေကျမှ ကျွန်မပြေလိုက်ရင် ရှင် အံ့သြသွားလိမ့်မယ်" ဇီယန်က နှာခေါင်းရှုံ့ကာ လျှောက်ထွက်သွားသည်။

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းပြီး ဟင်းဆက်ချက်သည်။ ဤအချိန်တွင် သူ၏ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။

သူတို့သည် တဖြည်းဖြည်းနှင့် မိသားစုတစ်ခုဖြစ်လာ၏။

အချိန်ကား ၁၁ နာရီ ၃၀ မိနစ်ပင်။

"ကျန်းဟန် တစ်ယောက်ယောက်က ရှင့်ကို ဖုန်းခေါ်နေတယ်" ဇီယန်က လက်ထဲတွင်

မြည်နေသည့်ဖုန်းနှင့်အတူ အောက်ထပ်သို့ ဆင်းလာသည်။ ထောင့်နားသို့ ရောက်သည့်အခါ မဖြူရောင်ထမင်းစားပွဲတွင် လူခြောက်ယောက်ထိုင်နေသည်အား တွေ့လိုက်ရသဖြင့် အမြန်နောက်ဆုတ်သွားသည်။

“ကိုယ်လာပြီ”

ကျန်းဟန်လက်ဆေးကာ ပုဝါဖြင့်သုတ်လိုက်ပြီး ဧယန်ဆီသို့ အမြန်လျှောက်သွားလိုက်သည်။

အဖြူရောင်ထမင်းစားပွဲဝိုင်းမှလူများမှာ သူတို့၏အသံကြောင့် စွဲဆောင်ခံလိုက်ရ၏။ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ စိတ်ခံစားချက်များဖြင့် ခေါင်းယမ်းလိုက်ကြသည်။

“အသံကို ကြားလိုက်လား။ အဲဒါ သူဌေးကတော်ရဲ့အသံဖြစ်ရမယ်။ သူမက အသံမင်းသမီးဖြစ်နိုင်တယ်”

“အသံက ညိမ့်ပြောင်းပြီး ကြည်လင်တယ်။ ဒီလိုအသံကို ငါအရမ်း သဘောကျတယ်။ ပိုပြီးအရေးကြီးတာက သူဌေးကတော်က အရမ်းလှတာ။ ဟားဟား…စားသောက်ဆိုင်ပိုင်ရှင်က အရမ်းအံ့သြဖို့ကောင်းတယ်”

“မင်း သူမကိုရဖို့ မဖြစ်နိုင်ဘူး။ ကိုယ့်ဟာကိုယ် ကြက်ဥထမင်းကြော်ပဲ စောင့်နေစမ်းပါ”

“…”

သူတို့အတွက် စားသောက်ဆိုင်တွင် အရသာရှိသည့်အစားအသောက်များအပြင် ချစ်စရာကောင်းသည့် မုန့်မုန့်လေးနှင့် စွဲမက်ဖွယ်ကောင်းလွန်းသည့် သူဌေးကတော်အား တွေ့နိုင်ပြီး သူမသည် အမြဲတမ်း နေကာမျက်မှန်နှင့် ဦးထုပ်ဆောင်းထားသော်လည်း သူမ၏ယစ်မူးဖွယ်အသံကို ကြားနိုင်လေသည်။

ကျန်းဟန်သည် ဒုတိယထပ်တွင် ဖုန်းကို ကောက်ကိုင်လိုက်၏။

ပီရာဆန်ဖြစ်နေသည်ကို မြင်သည့်အရာ အနည်းငယ် အံ့အားသင့်သွားသည်။ သူ့တွင် ပြောစရာ သတင်းကောင်းရှိသည့်ပုံပင်။

"သူဌေး သူဌေး။ ငါ ဟန်ဂေရီသိုးဝက်တွေနဲ့ ပြန်လာပြီ။ ငါအခု သဘော်သဆိပ်မှာ။ ငါ့ကို လာကြိုဖို့ တစ်ယောက်ယောက်လွှတ်ပေးပါလား။ မဟုတ်ရင် ငါတစ်ယောက်တည်း ဒီဝက်တွေနဲ့ ပြန်လာရမှာ"

"ငါမင်းကို လာကြိုဖို့ တစ်ယောက်ယောက် လွှတ်လိုက်မယ်" ပြန်ပြောလိုက်ပြီးနောက် ကျန်းဟန် ဖုန်းချလိုက်၏။

သူသည် ကျောက်ဖုန်းအား ဖုန်းခေါ်ကာ သိုးဝက်များကို သွားယူစေပြီး ယန်ချင်ရေတိုက်ရန် ပြောလိုက်သည်။

ဤအချိန်တွင် ကျောက်ဖုန်းသည် ထိပ်တော်ထိန်းတစ်ယောက်နှင့်တူ၏။

ချမ်းသာကြွယ်ဝ၍ အာဏာကြီးမားသည့်မိသားစုတွင် တိုက်ရိုက်မျိုးဆက်များထက် လေးစားခံရပြီး အိမ်ရှင်၏အကြံပေးခဲ့သို့ပင်။ ကျောက်ဖုန်းသည် သာမန်လူမဟုတ်တော့သည်မှာ ထင်ရှား၏။ သူသည် အရည်အချင်းရှိပြီး ထက်မြက်သူဖြစ်လာရန် ရည်မှန်းထားသည်။

လျန်မုန့်ချီနှင့် အခြားအဖွဲ့ဝင်များမှာ ၁၂ နာရီ မတိုင်ခင်တွင် ရောက်လာကြ၏။

ယခုတွင်တော့ ဝမ်ချမ်းနှင့် ဂူလီယင်းတို့ ဇနီးမောင်နှံသည် နေ့တိုင်း ထမင်းလာစားရသည်ကို ကျင့်သားရနေချေပြီ။

ဝမ်ရီဟာန်သည် စားသောက်ဆိုင်သို့သွားရန် နေ့တိုင်း လောဆော်နေခဲ့သည်။ စုယို့ အားလပ်နေသရွေ့ သူမအား နေ့လည်စာစားရန် လိုက်ပို့ပေးသည်။ ဆိုင်ထဲသို့

ဝင်သွားသည့်အခါ ဝမ်ရီဟန်သည် မုန့်မုန့်အား လိုက်ရှာ၏။ မုန့်မုန့် အပေါ်ထပ်တွင် ရှိနေသည်ကို သိပြီးနောက် သူတို့လည်း အပေါ်ထပ်သို့ တက်သွားကြသည်။

လျန်မုန့်ချီနှင့် အခြားအဖွဲ့ဝင်များ၏မျက်လုံးများသည် ကျန်းဟန် နေ့လည်စာအတွက် ချက်ပြုတ်နေသည့်အကြောင်းကို သိရှိပြီးနောက် တောက်ပလာသည်။ စတိခ်သည် သူတို့အကြိုက်ဆုံးအစားအစာဖြစ်ပြီး နောက်ဆုံးတွင် သူဌေး ပြုလုပ်ပေးသည့် စတိခ်ကို မြည်းစမ်းနိုင်မည်ဟု တွေးမိသည်နှင့် စိတ်လှုပ်ရှားလာကြ၏။

“အကင်တွေ အများကြီးစားနိုင်မယ် ထင်တယ်” ယူချင်းချင်းက တံတွေးမျိုချရင်း ပြောသည်။

“သိက္ခာလေး ထိန်းပါဦး” လျန်မုန့်ချီက ပြောလိုက်သည်။ ရုတ်တရက် သူမ၏မျက်လုံးထောင့်မှ ရွှေရောင်ဆံပင်နှင့်လူ

တံခါးဝမှ ဝင်လာသည်ကို တွေ့လိုက်ရ၏။ သူမသည် လှမ်းကြည့်လိုက်ပြီး ပေါ့ပေါ့ပါးပါး အော်ပြောလိုက်သည်။

“ပီရာဆန်လာပြီ”

“အိုး” ကျောက်ဒါဟူသည် ဖုန်းကို ဘေးချလိုက်ပြီး ပီရာဆန်အား ကြည့်ကာ ပြောလိုက်သည်။ “ရှောင်ပိုင် မင်း ဒီရက်တွေမှာ ဘာတွေလုပ်နေတာလဲ။ မတွေ့တာကြာပြီ”

“ငါ သူဌေးအတွက် အလုပ်လုပ်ပေးနေတာ” ပီရာဆန်က ဂုဏ်ယူစွာ ပြောသည်။

“ဘာလုပ်တာလဲ”

“ဝက်တွေ ဝယ်တာ”

သူ့အား ပြန်ဖြေပြီးနောက် ပီရာဆန်သည် စိတ်လှုပ်ရှားစွာဖြင့် မီးဖိုချောင်ဆီသို့ လျှောက်သွားသည်။ သူသည် ကျန်းဟန်အား ကြည့်လိုက်ပြီး “သူဌေး အားလုံးပြီးပြီ။ ဒီဝက်တွေက ထိပ်တန်းအရည်အသွေးတွေပဲ”

ပြောနေရင်းဖြင့် သူက လက်မထောင်ပြ၏။

"အင်း" ကျန်းဟန်က ညင်သာစွာ ခေါင်းညိတ်သည်။

"ဒါနဲ့ သူဌေး။ ငါ့လုပ်ဖော်ကိုင်ဖက်တစ်ယောက်က အီတလီမှာ မြေအောင်းမှိုခြောက်ခုရခဲ့တယ်။ သုံးခုက အနက်ရောင်၊ ကျန်တဲ့သုံးခုက အဖြူရောင်။ သူဌေး အဲဒါတွေကို စိတ်ဝင်စားလား" ပီရာဆန်က မေးသည်။

"မြေအောင်းမှိုလား" ခဏတန့်သွားပြီးနောက် ကျန်းဟန်က ခေါင်းညိတ်ကာ ပြောသည်။ "အဲဒါတွေကို ဝယ်ပြီး ယူလာခဲ့ပေးပါ"

"ကောင်းပြီ။ နေ့လည်ကျရင် ငါ သူ့ကို ဆက်သွယ်လိုက်မယ်" ပီရာဆန်က အလုပ်ကိစ္စပြောပြီးနောက် ခေါင်းညိတ်ပြသည်။ ကောင်တာပေါ်ရှိ အသားကင်မျိုးစုံကို မြင်သည့်အခါ သူ၏မျက်လုံးများ တောက်ပသွားသည်။

"အရောင်၊ အနံ့၊ အရာသာ ကောင်းဆုံးတွေပဲ။ ဒီအသားကင်တွေက အရမ်းကြည့်ကောင်းတယ်။ အရောင်က ငါစားခဲ့ဖူးတဲ့ ကိုဘေးအမဲသားထက် မညံ့ဘူး။ ဟားဟား...ဒီနေ့တော့ ကြီးကြယ်ခမ်းနားတဲ့ စားတော်ပွဲကို စားရတော့မယ်"

ပြောနေရင်းဖြင့် သူသည် ဝမ်ချမ်းနှင့် သူ၏ဇနီးအား တစ်ချက်ကြည့်လိုက်ပြီး စားသောက်ဆိုင်၏နေရာတိုင်းကို လှည့်လိုက်ရင်း ဝမ်ရီဟန်အား ရှာသည်။

"သူမ မပါဘူးလား။ ကောင်းတယ်။ ဒါဆို ငါအဖွဲ့ဝင်ကတ်ငှားလိုက်မယ်"

ကျန်းဟန်သည် သူ၏အမူအရာအား မြင်သည့်အခါ မျက်လုံးများကျဉ်းမြောင်းသွားပြီး "ကလေးမလေးက ဒုတိယထပ်မှာရှိတယ်။ မင်း ကတ်ငှားလို့မရဘူး"

"အာ..."

ပီရာဆန်မှာ ရုတ်တရက် ရပ်တန့်သွားပြီး ဆယ်စက္ကန့်ခန့်ကြာသည့်အခါ အလွန်ဝမ်းနည်းသည့်ပုံပေါက်သွား၏။

"ဟင်း…ဒီတစ်ခါက်တော့ မစားနိုင်တော့ဘူး။ အာ…" ပီရာဆန်မှာ စိတ်ပျက်လက်ပျက်ဖြင့် လျှောက်သွားရင်း "ငါ သွားတန်းစီလိုက်ဦးမယ်…"

သူ၏အမူရာအားမြင်ပြီးနောက် ကျန်းဟန် ရယ်မောလိုက်သည်။ သူသည် လက်ကို သုတ်လိုက်ပြီး မီးဖိုချောင်ထဲမှ ထွက်လာကာ လက်တော့ပ်ကောင်တာသို့ သွားလိုက်၏။

ပီရာဆန် တံခါးအား တွန်းဖွင့်တော့မည့်အချိန်တွင် ကျန်းဟန်က ပြောလိုက်သည်။

"ဒီကိုလာပါ"

"အာ…"

ပီရာဆန် အံ့သြသွား၏။ သူ လှမ်းကြည့်လိုက်ရာ မျက်လုံးများ တဖြည်းဖြည်းပြူးကျယ်လာပြီး အံ့သြမှုများဖြင့် ပြည့်နေသည်။

ကျန်းဟန်သည် စိန်များဖြင့်စီထားသည့်အမဲရောင်မန်ဘာကတ်ကို လက်နှစ်ချောင်းဖြင့် ညှပ်ကိုင်ထားသည်အား တွေ့လိုက်ရ၏။

မန်ဘာကတ်လား။

ပီရာဆန်၏နှလုံးမှာ ပြင်းထန်စွာ ခုန်လာသည်။

ဤအချိန်တွင် ပီရာဆန်သာမက သာမန်စားသုံးသူ ခြောက်ယောက်ပင် အနည်းငယ် စိတ်လှုပ်ရှားသွားကြ၏။

အဲဒါကဘာလဲ။ သူ့ဌေးက မန်ဘာကတ် တစ်ခါတည်းပေးမှာလား။

လင်းရှယ်၊ လျန်မုန့်ချီနှင့် အခြားအဖွဲ့ဝင်များအားလုံးဂမှာ သိချင်စိတ်ဖြင့် ကြည့်နေကြသည်။

လူတိုင်း၏အကြည့်အောက်တွင် ပီရာဆန်သည် တစ်လှမ်းပြီးတစ်လှမ်းလျှောက်လာသည်။ သူ၏မျက်လုံးများက မန်ဘာကတ်အား စိုက်ကြည့်နေပြီး ဘယ်ကိုမှ မရွှေ့ချေ။

“ဒါက မင်းအတွက် ဆုဘဲ”

ကျန်းဟန်က လက်ချောင်းများအား လှုပ်ရှားလိုက်သည်နှင့် မန်ဘာကတ်မှာ ပီရာဆန်ဆီသို့ ပျံသန်းသွားသည်။

“အိုး”

ပီရာဆန် အံ့သြသွား၏။ မန်ဘာကတ်အား အပြေးအလွှားဖမ်းယူလိုက်ပြီးနောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

ဤမန်ဘာကတ်သည် သူ၏နှလုံးသားထဲတွင် မြင့်အားသည့်နေရာယူထားသည့်အတွက် ၎င်းအား မြေပေါ် ပြုတ်မကျစေချင်ပေ။

"ကျေးဇူးပါ သူဌေး။ ကျေးဇူးတင်ပါတယ်။ အနာဂတ်မှာ ငါ သေချာပေါက် အလုပ်ကောင်းကောင်းလုပ်မှာပါ"

ပီရာဆန်သည် ဤအခိုက်အတန့်တွင် အလွန်ပျော်ရွှင်နေ၏။ မန်ဘာကတ်အား ကိုင်ထားရင်း ဆယ်ကြိမ်ခန့် နမ်းလိုက်ကာ ပိုက်ဆံအိတ်ထဲသို့ ဂရုတစိုက်ထည့်လိုက်သည်။

ကျန်းဟန်သည် သူ့အား လျစ်လျူရှုလိုက်ပြီး မီးဖိုချောင်သို့ ပြန်သွားလိုက်သည်။

ကျန်းဟန်၏ကျောပြင်အား စိုက်ကြည့်ရင်း အားလုံး ခံစားချက်များစွာဖြင့် သက်ပြင်းချလိုက်ကြ၏။

သူဌေးက ယွမ်ဆယ်သန်းတန် မန်ဘာကတ်ကို ဒီတိုင်းပဲ ပေါ့ပေါ့ပါးပါး ပစ်ပေးလိုက်တာလား။

ဘုရားရေ။ သူ ဘာတွေ တွေးနေတာလဲ။

...

-အပိုင်း(၂၄၉) ပြီး

wunzinnosp

## အပိုင်း(၂၅၀) နတ်ဆိုးပါးစပ်ပြန်လာပြီ

"အရမ်းကောင်းတယ်။ ငါ့မှာလည်း မန်ဘာကတ်ရှိပြီကွ။ ဟားဟား... အန်ကယ်ဝမ်။ ကျုပ်မှာလည်း မန်ဘာကတ်ရှိတယ်။ အန်တီဝူ ကျုပ်မှာ မန်ဘာဘာကတ်ရှိတယ်။ ဒါဟူ ငါ့မှာ မန့်ဘာကတ်ရှိတယ်..." ပီရာဆန်သည် အရုပ်အသစ်ရသွားသည့် ကလေးတစ်ယောက်ကဲ့သို့ အလွန်ပျော်ရွှင်နေပြီး အားလုံးကို လိုက်ကြွားနေတော့သည်။ သူသည် ဝမ်ချမ်း၏ဘေးတွင် ထိုင်ပြီး ရွှင်မြူးစွာဖြင့် ကနေလေသည်။

သူ၏အပြုအမူအကြောင့် အဖွဲ့ဝင်အချို့မှာ ရယ်မောလိုက်ကြသည်။

သူတို့၏အမြင်တွင် ဤစားသောက်ဆိုင်မှ မန်ဘာကတ်တစ်ကို ရရှိခြင်းသည် သူ့အတွက် အလွန်ကံကောင်းခြင်းပင်။

သာမန်စားသုံးသူများမှာလည်း မျက်လုံးများ ပြူးကျယ်နေကြ၏။ သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အသံတိုးတိုးဖြင့် ပြောဆိုနေကြသည်။

“ဒါက ဖြစ်နိုင်ပါ့မလား။ ယွမ်ဆယ်သန်းတန်တဲ့ဟာလေ။ သူ့ငွေက ဘယ်လိုလုပ် အလကားပေးနိုင်ရတာလဲ”

“ဘုရားရေ အရမ်းကြောက်ဖို့ကောင်းတယ်”

“ကြောက်စရာ မဟုတ်ပါဘူး။ သူက အရမ်းကံကောင်းတာ။ တချို့လူတွေက ကံကောင်းကြပါတယ်”

“အင်း...ဒီနိုင်ငံခြားသားက စားသောက်ဆိုင်အဖွဲ့ဝင်ကတ်တစ်ခုရှိတယ်။ သူက

မိန်းမလှလေးတွေ အများကြီးကို ဆွဲဆောင်နိုင်မှာပဲ။ နောက်ဆုံးတော့ ဒီအဖွဲ့ဝင်ကတ်က အရမ်းတန်ဖိုးရှိလွန်းတယ်”

“…”

ယနေ့တွင် ဤကဲ့သို့သော မြင်ကွင်းမျိုးကို မြင်ရမည်မထင်ထားသည့်အတွက် အားလုံး အံ့ဩစွာ ခေါင်းအကြိမ်ကြိမ်ယမ်းကြသည်။

ယွမ်ဆယ်သန်းတန်။

ဤအကြောင်းကို တွေးရင်း သူတို့ ကျန်းဟန်အတွက် စိတ်မကောင်းဖြစ်သွားကြသည်။

သို့သော် ကျန်းဟန်သည် ငွေအားနံပါတစ်ခုအဖြစ်သာ မှတ်ယူထားကြောင်း သူတို့ မသိခဲ့ကြချေ။

“ငါဘယ်လောက်တောင် ကံကောင်းလိုက်သလဲ”

ပီရာဆန်မှာ သူ၏ပိုက်ဆံအိတ်အား ပြန်ထုတ်လိုက်သည်။ မန်ဘာကတ်မှာ အထဲတွင်ရှိနေသေးသည်ကို တွေ့ရှိပြီးမှသာ

ဤသည်က အိပ်မက်မဟုတ်ကြောင်း နောက်ဆုံးတွင် ယုံကြည်သွားခဲ့ပြီး ပြန်သိမ်းလိုက်၏။

သူဌေးက သူ့အား မန်ဘာကတ်ပေးခြင်း၏ အဓိပ္ပာယ်ကို သိရှိပြီး သူဌေးအနေဖြင့် ဤသို့ဆုံးဖြတ်ရခြင်း၏အကြောင်းအရင်းကိုလည်း သူသိလေသည်။

၎င်းက သူ၏အီတလီသူငယ်ချင်းထံရှိ မြေအောင်းမှိုအကြောင်း ပြောပြခြင်းက အစပြုခဲ့သည်ပင်။

ရှားပါးစားသောက်ဖွယ်ရာများကို ရရှိရန် ကြိုးပမ်းပေးသည့်အတွက် သူဌေးက မန်ဘာကတ် ဆုချခြင်းဖြစ်၏။ အရသာမရှိသည့် စားသောက်ဖွယ်များကို တွေ့သည့်အခါ သူဌေးအား သတင်းပို့ပေးပြီး လိုချင်သည့်အရာ ရှိမရှိမေးရမည်ကို သံသယရှိစရာပင်မလိုအောင် သူစိတ်ထဲစွဲမှတ်သွားသည်။

ပီရာဆန်သည် ယခုအချိန်၌ ကျန်းဟန်အား သူ၏ဒုတိယသူဌေးအဖြစ် မှတ်ယူထားခဲ့သည်။ သူလုပ်စရာရှိသည်က အလုပ်ပြီးသွားလျှင် သူ့အတွက် အစားအသောက်ပစ္စည်းများ ဝယ်ပေးရန်ဖြစ်ပြီး ပေါ့ပေါ့ပါးပါးနှင့် ပျော်စရာကောင်းပေသည်။

နေ့လည်စာ အဆင့်သင့်ဖြစ်ရန် အချိန်သိပ်မကြာလိုက်ချေ။

ကျိုးဖေး ဆင်းလာပြီးနောက် ကျန်းဟန်နှင့်အတူ အပေါ်ထပ်သို့ အစားအသောက်များ ယူသွားသည်။

ဆိုင်ထဲတွင် လူများနေသည့်အတွက် ဇီယန်သည် အောက်ထပ်သို့ ဆင်းကာ နေ့လည်စာစားရ၍န် အဆင်မပြေသောကြောင့် အပေါ်ထပ်တွင်သာ စားသည်။

သူတို့ စတင်စားသောက်ကြသည်။

“အမ်”

ပန်းကန်ပြားပေါ်ရှိ အသားကင်နှစ်ခုကို ကြည့်ရင်း မုန့်မုန့်မှာ အေးခဲသွား၏။ သူမသည် လှည့်ပတ်ကြည့်လိုက်ရင်း မကျေမနပ်ဖြင့် ပြောသည်။

“ဘာလို့ သမီးမှာ မရှိတာလဲ…”

“ဘာလဲ” ဇီယန်က ဇဝေဇဝါဖြင့် မေးသည်။

“သမီးမှာ မရှိဘူး” မုန့်မုန့်သည် လက်သေးသေးလေးဖြင့် ပန်းကန်ပြားအား ညွှန်ပြပြီး “သမီးမှာ ခေါက်ဆွဲခက်ရင်းမရှိဘူး။ ဒါပေမယ့် ရီဟာန်မှာ နှစ်ခုလုံးရှိတယ်”

“အာ…မေမေကူညီပေးမယ်” ဇီယန်က ပြောလိုက်ရင်း မုန့်မုန့်၏ပန်းကန်ကို လှမ်းယူရန် ပြင်လိုက်သည်။

“သမီးကိုယ်တိုင်လုပ်ချင်တယ်” မုန့်မုန့်က နှုတ်ခမ်းလေးစူရင်း ပြောသည်။

ဝမ်ရီဟာန်က ကိုယ်တိုင်လှီးဖြတ်နေသည်ကို သူမ တွေ့လိုက်ရသည်။ သူမကိုယ်တိုင် ကောင်းကောင်း

မလှီးတတ်သော်လည်း သူမ၏သူငယ်ချင်းလုပ်သည့်ကို မြင်တော့ သူမလည်း ကြိုးစားကြည့်ချင်သည်။

"ဖေဖေ သမီးအတွက် သွားယူပေးမယ်" ကျန်းဟန်က ပြုံးကာ ဓားနှင့်ခက်ရင်းယူရန် အောက်ထပ်သို့ ဆင်းသွားသည်။

မုန့်မုန့်သည် ဓားနက်ခက်ရင်းကို လေးနက်သည့်အကြည့်ဖြင့် ကောက်ယူလိုက်သော်လည်း အချိန်အတန်ကြာသည့်အထိ မလှီးဖြတ်နိုင်ချေ။

"ဟွန့်" မုန့်မုန့်သည် မပျော်မရွှင်ဖြင့် အော်လိုက်၏။

"မေမေ သမီးအတွက် လှီးပေးမယ်" ဇီယန်က ရယ်မောလိုက်သည်။ ဤတစ်ကြိမ်တွင်တော့ မုန့်မုန့် မငြင်းဆန်ခဲ့ချေ။ ဇီယန်က အသားကင်များ အပိုင်းပိုင်းလှီးလိုက်ပြီးနောက် မုန့်မုန့်သည် ခက်ရင်းကို ကိုင်ကာ စားလေသည်။

ပထမတွင်လည်း လျန်မုန့်ချီနှင့် အခြားစားသုံးသူများမှာ စတင်စားသုံးကြ၏။

အကင်နှင့် အဖွဲ့ဝင်များအတွက် ပြင်ဆင်ထားသည့် အခြားဟင်းလျာများကို မီးဖိုချောင်ကောင်တာတွင် တန်းစီ၍ ယူကြ၏။

"ဒီအိုးလေး သုံးလုံးက မတူဘူးလား" အတန်း၏ရှေ့ဆုံးမှ လျန်မုန့်ချီက အသားကင်များကို ကြည့်ရင်း ပြောသည်။

ဆယ်တုံးစီခန့် အသားကင်များကို အိုးလေးသုံးလုံးတွင် ထည့်ထား၏။

"ဘယ်ဘက်က ရှားပါးအသားကင်တွေပါတယ်။ အလယ်က အတန်သင့်ရှားပါးတဲ့ အသားတွေ။ ညာဘက်ကတော့ ကောင်းကောင်းကင်ထားတဲ့ တွေ့ရများတဲ့ အသားကင်တွေ" သူတို့၏နောက်တွင် ပျော်ရွှင်စွာဖြင့် တန်းစီနေသည့် ပီရာဆန်က ရှင်းပြသည်။

"အိုကော ဒါဆိုရင် ငါ အရင်ဆုံး ရှားပါးတစ်တုံးယူမယ်" လျှန်မုန့်ချီက အကင်တစ်ပန်းကန်၊ ခရမ်းချဉ်သီးအမဲသားစွပ်ပြုတ် တစ်ပန်းကန်နှင့် ကြက်ဥထမင်းကြော် တစ်ပန်းကန် ယူသည်။

"ငါက ကောင်းကောင်းလေးလုပ်ထားတဲ့ အသားကင်ကိုယူမယ်" ယူချင်းချင်းက ဆိမ့်သည့်အစားအသောက်များကို နှစ်သက်သည့်အတွက် ကောင်းကောင်းကင်ထားသည့် အသားကင်များကို ရွေးချယ်ခဲ့သည်။

"ငါလည်း ကောင်းကောင်းကင်ထားတာလေး လိုချင်တယ်" ကျောက်ဒါသူသည်လည်း မြွောက်ပင့်ပြောလိုက်သည်။

ဝမ်ချမ်းနှင့်သူ၏ဇနီးမှာ ကောင်းကောင်းကင်ထားသည့် အသားကင်များကိုစားလေ့ရှိသည့်အတွက် ၎င်းကို ရွေးချယ်ခဲ့ကြသည်။

ပီရာဆန်သည် ရှားပါးအသားကင်ကို တိုက်ရိုက်ရွေးခဲ့သည်။

“ဝိုင်နီတစ်ပုလင်းနဲ့ဆို ပိုပြီးကောင်းမှာပဲ”

ပီရာဆန်သည် ရှေ့မှ အကင်ပန်းကန်ကို ကြည့်ရင်း ငြိမ်သာစွာ ထိုင်နေသည်။ ဓားနှင့် ခက်ရင်းနှစ်ခုလုံးမှာ အလွန်သပ်ရပ်၏။ သူသည် ခံစားချက်များဖြင့် ရေရွတ်လိုက်ပြီးနောက် ဓားကို ကောင်ကိုင်ကာ ခက်ရင်းကို လေးလေးနက်နက်ကြည့်လိုက်၏။

ပီရာဆန်သည် အမဲသားကို ဓားဖြင့် လှီးဖြတ်လိုက်သည့်အခါ အဲသား၏နူးညံ့မှုက စွဲဆောင်သွားသည်။

“ဒါက အဆင့်အမြင့်ဆုံး ပါဝင်ပစ္စည်းပြ။ ငါ လှီးလိုက်တဲ့အခါတိုင်း ဒီအသားရဲ့ အရည်အသွေးကို ခံစားလို့ရတယ်။ အရမ်းကောင်းတယ်။ တကယ်ကို အရမ်းကောင်းတယ်”

ပီရာဆန်ပြန်ရောက်လာခြင်းနှင့်အတူ သာမန်စားသုံးသူများ၏အိပ်မက်ဆိုးမှာလည်း ပြန်ပေါ်လာလေသည်။

"အမဲသားက အရမ်းအရာသာရှိပြီး အသားရဲ့အရည်အသွေးက ပြီးပြည့်စုံတယ်။ အမဲသားနပ်တောင်မှာ အကောင်းဆုံးအရည်အသွေးပဲ"

ပီရာဆန်သည် အမဲသားအား ခက်ရင်းဖြင့် ထိုးကာ ပါးစပ်ထဲထည့်လိုက်၏။ ဖြည်းဖြည်းချင်း ဝါးရင်း မျက်လုံးများကို မှိတ်လိုက်သည်။

ဤအခိုက်တွင် သူ၏အကဲဖြတ်မှုများကို ကြားပြီး သာမန်စားသုံးသူများမှာ နားရွက်ကို လက်ဖြင့်ပိတ်ရန် ကြိုးစားကြသည်။

ထိုတစ်တုံးကို စားပြီးသည်နှင့် မိနစ်ခွန်းရှည်ကြီးပြောတော့မည်မှာ ငြင်းစရာမလိုပေ။

ငါ့လခွမ်း နတ်ဆိုးပါးစပ်က ပြန်လာပြီကွာ။

ဤအချိန်တွင် သူတို့အားလုံး ဥရောပ မင်းမျိုးမင်းနွယ် ယဉ်ကျေးမှုကို တွေးမိကြသည်။

စားသောက်ဆိုင်ထဲတွင် လက်ရှိ၌ အဖွဲ့ဝင်များမှာ မင်းမျိုးမင်းနွယ်များပင်။ သူတို့က အကောင်းဆုံးအစားအသောက်များကို စားနေချိန်တွင် အခြားသူများ ကြက်ဥထမင်းကြော်ကို စားသုံးကြရသည်။ အရသာရှိသော်လည်းပေ သူတို့ စားချင်နေသည့် ဟင်းလျာများကို စားခွင့်မရကြချေ။ ပုရွတ်ဆိတ်များက သူတို့၏နှလုံးသားတစ်ခုလုံးပေါ်တွင် တရွရွသွားနေကြသလို ခံစားရ၏။

"အိုး ဒီအသားကင်။ ဒါက အရမ်းနူးညံ့တယ်။ ပျော့ပြောင်းတယ်။ မွှေးပျံ့တယ်။ တစ်ကိုက်စားလိုက်ပြီးတာနဲ့ အနံ့က အရမ်းကောင်းတယ်ဆိုတာ ငါသိလိုက်တယ်"

"လုံးဝပြီးပြည့်စုံတယ်။ ဘုရားသခင်။ အရင်က စားခဲ့ဖူးတဲ့ အဆင့် ၅ ကိုဘေးအမဲသားထက် ပိုပြီး အရသာရှိတာပဲ"

"ဘုရားသခင် ဒါက ငါစားဖူးသမျှမှာ သေချာပေါက် အကောင်းဆုံးအကင်ပဲ"

"..."

ပီရာဆန်၏ပါးစပ်မှ အာမေဋိတ်သံများ ထွက်လာပြီးနောက် ကြီးမားသည့် သက်ရောက်မှုများ ထွက်ပေါ်လာသည်။

"လခွမ်းတဲ့..."

သာမန်စားသုံးသူများထဲမှ တစ်ယောက်မှာ အော်ဟစ်ကာ စားနေသည့် ကြက်ဥထမင်းကြော်ပန်းကန်ကို ကိုင်ကာ အပြင်သို့ ပြေးထွက်သွားသည်။

သူ၏အပြုအမူကို မြင်ပြီးနောက် အခြားသူများလည်း တစ်ယောက်ပြီးတစ်ယောက် ပန်းကန်ပြားများကို ကိုင်ကာ အပြင်ထွက်သွားကြ၏။

ဆိုင်အပြင်ဘက်တွင် စားရသည်က အထဲတွင် ထိုင်၍ အစားအသောက်အေးဂျင့်၏ချီးကျူးသံများကို နားထောင်ရသည်ထက် ပို၍ ကောင်းသည်ဟု ခံစားရသည်။ ပို၍ အရေးကြီးသည်က လေထဲတွင် လွင့်ပျံ့နေသည့် အသားရနံ့က သူတို့အား အာရုံကြောများကို ထိုးဆွနေသည့် အဆိပ်ကဲ့သို့ပင်။

သူတို့ မနေနိုင်တော့ချေ။

ဤမြင်ကွင်းက တန်းစီနေသည့် လူများကို ရယ်မောသွားစေသည်။

"အခု ငါတို့အလှည့်ပဲ"

လူခြောက်ယောက်မှ ထလာပြီး ဆိုင်ထဲသို့ ဝင်သွားလိုက်သည်နှင့် အရင်လူများ၏လုပ်ရပ်ကို နားလည်သွားသည်။

ပီရာဆန်၏စကားများကို နားထောင်ပြီး မျက်နှာများ ရှုံ့မဲ့သွားကြ၏။

“ငါ ပါဆယ်ယူသွားမယ်။ မင်းရော” ရှေ့မှလူက နောက်ကသူငယ်ချင်းအား မေးသည်။

“ငါလည်း ယူသွားမယ်”

“သွားရအောင်။ ငါဒီမှာ မစားနိုင်ဘူး”

ထို့သို့ဖြင့် တန်းစီစောင့်ဆိုင်းရသည့် အချိန်မှာ ချက်ချင်း လျော့နည်းသွားသည်။

နေ့လည်စာ စားပြီးနောက်တွင် ကလေးနှစ်ယောက်သည် လဆန်းတောင်သို့ သွားရန် စိတ်အားထက်သန်နေကြ၏။

ဤသို့ဖြင့် သူတို့ ထွက်လာခဲ့ပြီး လဆန်းတောင်သို့ ခရီးဆက်ကြသည်။

တောင်နောက်ဘက်သို့ ရောက်ပြီးနောက် ကလေးမလေးနှစ်ယောင်သည် တာဟေး၊ ရှောင်ဟေးတို့ဖြင့် သွားကစားကြ၏။

စုယွီသည် တိရိစ္ဆာန်ဇရိယာကို စိုက်ကြည့်ရင်း စူးစမ်းလိုစိတ်ဖြင့် ပြောသည်။

"အဲဒါ သိုးတွေလား။ ဘာလို့ သူတို့က သိုးနဲ့ တူနေရတာလဲ။ တကယ်ထူးဆန်းတယ်"

"သူတို့ခေါင်းကို ကြည့်ရတာ ဝက်တွေဖြစ်မယ် ထင်တယ်" ဇီယန်သည် အကြိမ်အနည်းငယ် လှမ်းကြည့်လိုက်သော်လည်း အနည်းငယ် ဝေးနေသည့်အတွက် သေသေချာချာ မမြင်ရချေ။

"အဲလို အမွေးအရှည်ကြီးတွေနဲ့ ဝက်တွေရှိတာလား" စုယွီက အနည်းငယ် အံ့အားသင့်စွာ ပြောသည်။

"ဟန်ဂေရီသိုးဝက်တွေ" ကျန်းဟန်က ပြောလိုက်သည်။

"ဘာ"

စုယွီမှာ သိုးဝက်များနှင့် ပတ်သက်သည့်အချက်အလက်များကို အမှတ်ရသွားပြီး ဤဝက်များမှာ အရည်အသွေးမြင့်မားကြောင်း သိသွားသည်။ ထို့ကြောင့် သူမ အနည်းငယ် အံ့အားသင့်သွားပြီး "သူတို့က ဟန်ဂေရီသိုးဝက်တွေကိုး။ မစ္စတာကျန်း ရှင်က အရမ်းအံ့သြဖို့ကောင်းတာပဲ။ ဒီလိုဝက်မျိုးကို အများကြီး မွေးနိုင်တယ်"

"သူတို့ကို ဘယ်ကနေရတာလဲ" ဇီယန် စိတ်ဝင်တစားမေးသည်။

"ပီရာဆန် ပို့လိုက်တာ။ သိုးဝက်ရဲ့အသားက အရည်အသွေးအရမ်းကောင်းပြီး သူတို့အသားနဲ့လုပ်တဲ့ ဝက်အူချောင်းက အရသာရှိတယ်ပြောတယ်။ ဒါကြောင့် မုန့်မုန့်အတွက် ဝက်အူချောင်းလုပ်ပေးရအောင် နည်းနည်း

ဝယ်ခဲ့တာ” ကျန်းဟန်က သူ၏ရှေ့တွင် ပြေးလွှားကစားနေသည့် မုန့်မုန့်အား လှမ်းကြည့်ရင်း ညင်သာစွာ ပြုံးလိုက်၏။

“မုန့်မုန့်မှာ ဒီလို အံ့သြဖို့ကောင်းတဲ့ အဖေတစ်ယောက်ရှိတာ ငါ တကယ်အားကျတယ်” စုယွီက ခေါင်းယမ်းလိုက်သည်။

ဇီယန်သည် ခဏလောက် စော့်နေခဲ့သော်လည်း ကျန်းဟန်က ဘာမှ ထပ်မပြောတော့ချေ။

ဒီကောင်က မုန့်မုန့်ကိုပဲ ဂရုစိုက်တယ်။

ဇီယန်သည် သမီးဖြစ်သူအား မနာလိုဖြစ်နေရင်း ကျန်းဟန်အား ကြည့်လိုက်၏။

သူသည် မုန့်မုန့်အား ကောင်းကောင်းဂရုစိုက်၏။ သို့သော် သူမအတွက်ကရော။

ပန်းလေးတစ်စည်းကလွဲ၍ ဘာမှ မရှိတော့ဘူးလား။ တခြားလက်ဆောင်တွေရော မရှိဘူးလား။ ဟမ့်။ ဆွေးပုပ်နေတဲ့သစ်သားတုံးကောင်။

ထို့ကြောင့် ဇီယန်က ကျယ်လောင်သည့်အသံဖြင့် "အိုး" ဟု တစ်ခွန်းသာ ပြောခဲ့သည်။

သူမ၏အသံကို ကြားပြီးနောက် ကျန်းဟန် သူမအား တစ်ချက်ကြည့်လိုက်၏။ ခဏလောက် စဉ်းစားပြီးနောက် ပြောလိုက်သည်။

"ဒီနွားတွေက ကိုဘေးအမဲသားအတွက်။ သူတို့ရဲ့အတွင်းပိုင်းက ဟော့ပေါ့လုပ်ဖို့အတွက် အကောင်းဆုံးပဲ။ ဒီသိုးတွေကလည်း ဟော့ပေါ့အတွက် အသင့်တော်ဆုံးလေ။ မင်းအတွက် ကိုယ်သေချာ ရွေးထားတာ"

တကယ်တမ်းတွင် သူသည် အစက ဤအရာများကို ဝယ်ယူစဉ် ဇီယန်အား တစ်ခါမှ မစဉ်းစားခဲ့ဖူးလေ။ ယခုတွင်တော့ သူသည် သူအတွက်တွေးကာ ပြောခဲ့သည်။

အားလုံးက သူမအား သူ သဘောကျနေသည့်အတွက်ကြောင့်ပင်။

"တကယ်လား" ဇီယန်က သူ့အား တိတ်တဆိတ်ကြည့်လိုက်သော်လည်း သူမ၏မျက်နှာတွင် အပြုံးတစ်ခုပေါ်လာသည်။

"အိုး ဘယ်လောက်တောင် ချစ်ဖို့ကောင်းလိုက်လဲ" စုယွီက ပြုံးကာ ခေါင်းယမ်းလိုက်၏။

သူတို့နှစ်ယောက် အတူတူမနေဘဲရှိလမ့်မည်ဟု သူမ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ချေ။

"တကယ်မဟုတ်ဘူးလား" ဇီယန်သည် တိရစ္ဆာန်များရှိရာသို့ လျှောက်လာင်း ပြုံးကာ ပြောသည်။ "သိုးဝက်တွေကို သွားကြည့်ရအောင်။ သူတို့က ထူးဆန်းတဲ့ပုံပဲ။ ကျွန်မ အဲဒါတွေကို အခုမှ ပထမဆုံးမြင်ဖူးတာ"

ဤသို့ဖြင့် သူတို့သုံးယောက် မွေးမြူရေးခြံသို့သွားကြသည်။ သူတို့ နီးကပ်လာသည့်အခါ စိတ်ဝင်စားစရာတစ်ခုအား သတိပြုမိသွားကြ၏။

သိုးဝက်များသည် တိုင်ဟူလိခ်ဝက်များဘေးတွင် ရပ်နေ၏။ ဝက်မျိုးရိုးနှစ်ဖွဲ့မှာ တစ်ကောင်ကိုတစ်ကောင် အကဲခတ်နေသဲ့သို့ တစ်ခါတစ်ရံ ကြည့်နေကြ၏။ ထို့ပြင် အရွယ်ရောက်ပြီး ဝက်နှစ်ကောင်မှာ စကားပြောနေသကဲ့သို့ အချင်းချင်း တိုက်ရိုက်ကြည့်နေကြသည်။

"ညီအစ်ကို မင်းကဘာလို့ အမွေးထူးနေရတာလ။ မင်းက ဆင့်ကဲပြောင်းလဲမှု မပြီးသေးဘူလား"

"ငါက ဒီလိုပါပဲ။ အမွေးရှည်တွေက မွေးရာပါလေ ညီအစ်ကို။ မင်းကရော ဘာလို့ မဲနေတာလဲ။ အသားညိုတာလား"

“အရောင်က မွေးရာပါလေ။ ဝက်နက်တွေရဲ့ အရည်အသွေးက အရမ်းမြင့်တယ်။ မင်းက ဘယ်ကနေလာတာလဲ”

“ဟန်ဂေရိုက။ မင်းရော”

“တိုင်ဟူရေကန်(Taihu Lake)”

“…”

…

-အပိုင်း(၂၅၀) ပြီး

-စာစဉ်(၁၈) ပြီး